ပန၊ ဆက်။ ဒေဝ၊ ဤသို့လျှင်။ ဝတ္ထု၊ ၍။ တေမာ ဏဝါ၊ တို့သည်။ ရက္ခံ၊ သစ်ပင်ပေါ်သို့။ အဘိရုဟိံသု၊ တက်ကုန်ပြီ။ သဒ္ဓိဝေါ၊ သဒ္ဓိဝလုလင်သည်။ မန္ဒံ၊ မန္ဒရား ကို။ ပရိဝတ္တေတွာ၊ အပြန်အပြန်သရဲ ရှာယ်၍။ မတဗျဂ္ဃံ၊ ကျားသေ ကို။ သက္ခရာဟိ၊ ကျောက်စရစ်တို့ဖြင့်။ ပဟရိ၊ ပစ်ပေါက်ပြီ။ ဗျဂ္ဃော၊ ကျားသေသည်။ ဥဒ္ဒာယ၊ ထ၍။ ဝေဂေန၊ လျင်မြန်သော အဟုန်ဖြင့်။ အာဂန္တွာ၊ ၍။ သဒ္ဓိဝံ၊ သဒ္ဓိဝလုလင်ကို။ ဂလနာဋ္ဌယံ၊ လည်မျိုဌ။ ဒုံသိတွာ၊ ကိုက်၍။ ဒီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေတွာ၊ ရောက်စေ၍။ တတ္ထေဝ၊ ထိုအရပ်ဌသာလျှင်။ ပတိ၊ လဲကျပြီ။ သဒ္ဓိဝေါပိ၊ သည်လည်း။ တတ္ထေव၊ ထိုအရပ်ဌသာလျှင်။ ပတိ၊ ပြီ။ ဥဘောပိ၊ လုလင်နှင့်ကျား နှစ်ဦးသားတို့သည်။ ဒေဝဒ္ဒာနေ ယေဝ၊ တစ်နေရာတည်းဌ သာလျှင်။ မတာ၊ သေကုန်သည်ဖြစ်၍။ နိပန္နံသု၊ အိပ်ကုန်ပြီ။ မာဏဝါ၊ တို့သည်။ ဒါရုနိ၊ ထင်းတို့ကို။ အာဒါယ၊ ၍။ တံပဝတ္တိံ၊ ထိုဖြစ်ကြောင်းကို။ အာစရိယဿ၊ အား။ အာရောစေသုံ၊ ကုန်ပြီ။ အာစရိယော၊ ဆရာသည်။ မာဏဝေ၊ တို့ကို။ အာမန္တေတွာ၊ ၍။ "တာတာ၊ အမောင်တို့။ အသန္တပဂ္ဂ ဟကာရာနာမ၊ သူယုတ်ကို ချီးမြှောက်ခြင်းကို ပြုကုန်သောသူတို့မည်သည်ကား။ အယုတ္တ ဌာနေ၊ မချီးမြှောက်သင့်သောအရာကို။ သက္ကာရသမ္မာနံ၊ ပူဇော် ခြင်းမြတ်နိုးခြင်းကို။ ကရောန္တာ၊ ပြုကုန်သည်ရှိသော်။ ဒေဝရှပ်၊ သော။ ဒုက္ခံ၊ ကို။ ပဋိလဘန္တိ ယေဝ၊ ရရှိကုန်သည်သာလျှင်တည်း။" ဣတိ၊ သို့။ ဝတ္တွာ၊ ၍။ ဣမံဂါထံ၊ ကို။ အာဟ၊ ပြီ။

၁၅၀။ အသန္တံ ယော ပဂ္ဂဏှာတိ၊ အသန္တံ စူပသေဝတိ။
တမေဝ ယာသံ ကုရုတေ၊ ဗျဂ္ဃေ သဒ္ဓိဝိကောယထာ။

သဒ္ဓိဝကော၊ ပြန်လည်အသက်ရှိသော။ ဗျဂ္ဃေ၊ ကျား

သည်။ သဠိ'ဝ်မေ၀၊ သဠိ'ဝ်ကို ပင်လျှင်။ ဓိ'ဝိတာ၊ ဓိ'ဝိတိန္ဒြေမှ။ ၀ေါရောပေတိယထာ၊ ချသကဲ့သို့။ တထာ၊ ထို့အတူ။ ယော၊ အကြင်သူသည်။ အသန္ဓံ၊ သူတော်မဟုတ်သောသူကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ အသန္ဓံစ၊ သူတော်မဟုတ်သော သူကို လည်း။ ဥပသေ၀တိ၊ ဆည်းကပ်၏။ တမေ၀၊ ထိုချီး မြှောက်သူ ကိုပင်လျှင်။ သောဒုဿီလော၊ ထိုသူတော်မဟုတ် သောသူ သည်။ ဃာသံ၊ စားခြင်းကို။ ဂုရုတော၊ ပြု၏။

ဗောဓိသတ္တော၊ သည်။ ဣမာယဂါထာယ၊ ဖြင့်။ မာဏ၀ါနံ၊ တို့အား။ ဓမ္မံ၊ ကို။ ဒေသေတွာ၊ ၍။ ဒါနာဒီနိ၊ ဂုန်သော။ ပုညာနိ၊ တို့ကို။ ကတွာ၊ ၍။ ယထာကမ္မံ၊ စွာ။ ဂတော၊ ပြီ။ သတ္ထာ၊ သည်။ ဣမံဓမ္မဒေသနံ၊ ကို။ အာဟရိတွာ၊ ၍။ "တဒါ၊ ၌။ မဟာဗျုဋ္ဌေဒ္ဒါပနကော၊ ဣားသေကို ထစေတတ်သော။ မာဏ၀ေါ၊ သည်။ ဣဒါနိ၊ ၌။ အဇာတသတ္တု၊ သည်။ အဟောသိ၊ ပြီ။ ဒိသာပါမောက္ခော၊ သော။ အာစရိယောပန၊ သည်ကား။ အဟမေ၀၊ သည်သာလျှင်။ အဟောသိ၊ ဖူးပြီ။ ဣတိ၊ သို့။ ဇာတကံ၊ ကို။ သမေဓာနေသိ၊ ပြီ။

ဒသမာ သဠိ'ဝဇာတက ဝဏ္ဏနာ နိဋ္ဌိတာ။

ပန္နရသမော ကကဏ္ဋကဝဂ္ဂေါ နိဋ္ဌိတော။

၁။ သုရာပါနဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၈၁)

ဘုရားရှင်သည် ကောသမ္မီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူစဉ် အမွတိတ္ထရသေ့ ကျောင်းဝယ် ကြမ်းတမ်း အဆိပ်ရှိ သောနဂါးတစ်ကောင်ရှိ၏။ ဘုရားရှင်၏တပည့် သာဂတထေရ်သည် ပုထုဇဉ်တန်ခိုးနှင့် ပြည့်စုံ၏။

သာဂတထေရ်သည် နဂါးမင်း၏အနီး မြက်ခင်းပေါ်တွင် ထိုင်နေ၏။ နဂါးမင်းသည် ဒေါသထွက်ပြီး အခိုးကိုလွှတ်၏ သာဂတထေရ်လည်း အခိုးကိုလွှတ်၏။ နဂါးမင်းနှင့် သာဂတ ထေရ်တို့သည် အလျှံကို အပြန်အလှန်လွှတ်ကြ၏။ ထိုသို့ လွှတ်ကြ ရာ၌ သာဂတထေရ်ကသာ နဂါးမင်းကို နှိပ်စက်နိုင်၏။ မထေရ် သည် နဂါးမင်းကိုနိုင်ပြီး သရဏဂုံသီလ၌ တည်စေကာ ကောသမ္မီ ပြည်သို့ပြန်သွား၏။

သာဂတထေရ်သည် အရက်ကိုသောက်ပြီး ဘုရားရှင်ကို ခြေကန်၍အိပ်နေ၏။ ရဟန်းတို့ သာဂတထေရ်သည် အရက် မသောက်မီက နဂါးမင်းကို နိုင်ခဲ့သော်လည်း ယခု အရက်သောက် ပြီးသောအခါ ရေမြွေကိုပင် မနိုင်တော့ချေ။

ရဟန်းတို့ အရက်သောက်ခြင်းသည် ဖောက်ပြန်မှား ယွင်းပြီး မကောင်းမှုကိုသာပြုတတ်၏။ သူ့ကျေးဇူးကို မသိတတ်။ အတိတ် ဇာတ်ကိုဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းရသေ့သည် တပည့်ရသေ့ငါးရာ ခြံရံလျက် နေ၏။ ရသေ့ငါးရာတို့သည် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်အနီး မင်း၏ဥယျာဉ်၌ နေခဲ့ကြ၏။

မင်းသည် ရသေ့တို့ကို ကြည်ညိုပြီး ခိုခြေအဆင်းရှိသော အရက်များကို တိုက်ပါ၏။ ရသေ့တို့သည် မူးပြီးကလိုက, မုန်လို ခုန်, သီလိုသီ ဖြစ်ကုန်ကြပါ၏။ မူးပြီးလဲကြပါ၏။

ရသေ့ငါးရာတို့သည် ငိုကြွေးပြီး ချက်ချင်းပင် ဟိမဝန္တာ နေ

ဘုရားလော်င်းထံ ပြန်ကြလေ၏။ ဘုရားလောင်းအဆုံး အမကို လိုက်နာပြီးသောအခါ ဗြဟ္မာပြည်သို့ ရောက်ရပါ သည်။

ဤဇာတ်၌ ရသေ့ငါးရာတို့သည် ဘုရားရှင်၏ပရိသတ်များဖြစ်ပြီး ဆရာရသေ့ကား ဘုရားရှင် ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၁။သုရာပါနဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် " ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်" ဆိုသည့်အတိုင်း အရက်သောက်သူသည် သညာကင်းပြီး အရှက်ရခြင်း၊ ရပြီးသောတရားများကို ကွယ်ပျောက်နိုင်ခြင်း၊ သူ့ကျေးဇူးကို မသိတတ်ခြင်း၊ ဆင်းရဲသို့ ရောက်စေနိုင်ခြင်းဟူသော ဆိုးကျိုးတရားများကို ဖြစ်စေနိုင်ကြောင်း၊ ရဟန်းများအရက်သောက်လျှင် ပါစိတ်အာပတ်သင့်ကြောင်း၊ မိမိဒေါသများကို ပြုပြင်ပြီး ဆရာကောင်း မိတ်ကောင်းထံ ဆည်းကပ်ရန် အထူးလိုအပ်ကြောင်း စသော သင်ခန်းစာတို့ကို ရရှိပါသည်။

၂။ မိတ္တာဝိနှကဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် တဏှာအလိုသို့ လိုက်ခြင်း၊ မိဘစကားကို နားမထောင်ခြင်း၊ အမိကိုနှိပ်စက်ခြင်းဟူသော အကုသိုလ်ကံကြောင့် ဆင်းရဲမှု မလွတ်ကင်းနိုင်ကြောင်း၊ အကုသိုလ်ကံဖိစီး၍ အကျိုးပေးချိန်တန်လျှင် ငရဲပန်းကိုပင် ကြာပန်းရွေပင်ဟု ထင်မှတ်တတ်ကြောင်း၊ မိတ္တာဝိနှကသည် သင်ဓုန်း စက်ကို ကြာပန်း၊ ရွှေပန်းအဖြစ်ထင်လာပြီး ဦးခေါင်းပေါ်သို့ တင်လိုစိတ်ဖြစ်လာကြောင်း၊ ကံကြမ္မာဖိစီးလာသောအခါ မခံချိမခံသာဖြစ်၍ အော်ဟစ်ပြီး ငြီးငြူနေသည်ကိုပင် သီချင်းဆိုနေသည်ဟု မှတ်ထင်လာတတ်ကြောင်း စသော သင်ခန်းစာများကို ရရှိပါသည်။

၃။ကာဠကဏ္ဏိဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၈၃)

ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ နေတော်

မှုစဉ် အနာထပိဏ်သူဌေး၏ မိတ်ဆွေကာဠကဏ္ဍီသည် ဒုက္ခ ရောက်နေသဖြင့် သူဌေးကခေါ်ပြီး ကူညီစောင့် ရှောက်ထား၏။ သူဌေး၏ မိတ်ဆွေတို့သည် ကာဠကဏ္ဍီကို သဌေးအိမ်ဟောင် မထား သင့်ကြောင်း ပြောဆိုသည်ကို သူဌေးက ငြင်းဆို၏။

တစ်နေ့သ၌ သူဌေးသည် မိမိပိုင်စားရသောရွာသို့ သွားစဉ် သူခိုးတို့သည် သူ့အိမ်သို့ လုယက်ရန် လာကြ၏။ ကာဠကဏ္ဍီသည် အိပ်နေသောလူများကို နှိုးပြီး ခရသင်း မရိုးစည် စသည်တို့ကို ဆူညံအောင် တီးမှုတ်ခိုင်းလိုက်၏။ သူခိုးတို့သည် သူဌေးကြီး ရှိသည် ထင်ကာ လက်နက်ကို ပစ်ချပြီး ပြေးကြ၏။

နောက်တစ်နေ့ လူတို့သည် ထိုလက်နက်များကို မြင်၍ ကာဠကဏ္ဍီကို ချီးမွမ်းကြ၏။ အဝေးမှ ပြန်လာသော သူဌေးအား အလုံးစုံကိုပြောပြ၏။ သူဌေးက သူ့မိတ်ဆွေများအား နာမည်သည် လိုရင်းမဟုတ်၊ သတ္တိဗျတ္တိသာ လိုရင်းဖြစ်သည်ဟု ပြောပြီး ဘုရားရှင်ထံသို့ သွားလေ၏။ ဘုရားရှင်က ကာဠကဏ္ဍီ အကြောင်းကို အတိတ်ဝတ္ထုဆက်၍ ဟောတော်မူပါသည်။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဘုရားလောင်းသည် သူဌေးကြီးဖြစ်၏။ ဘုရားလောင်း သူဌေးကြီးသည် မိတ်ဆွေ ကာဠကဏ္ဍီကိုခေါ်ပြီး စောင့်ရှောက်ထား၏။ ကျန်သောအဓိပ္ပါယ်ကား ပစ္စပ္ပန်ဝတ္ထု နှင့် အလုံးစုံတူသည်။

ဤဇာတ်၌ ကာဠကဏ္ဍီသည် အာနန္ဒာ၊ ဗာရာဏသီ သူဌေးကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၃။ ကာဠကဏ္ဍီဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မိမိနှင့်ခြေခုနှစ်လမ်း အတူ သွားဖူးလျှင် မိတ်ဆွေ၊ မိမိနှင့် (၁၂)ရက်အတူ သွားဖူးလျှင် သူငယ်ချင်း၊ မိမိနှင့်တစ်လအတူနေဖူးလျှင်ဆွေမျိုး၊ တစ်လ ခွဲထက် အလွန်အတူနေဖူးလျှင်ကား ကိုယ်နှင့်တူသူ စီးပွား ချမ်းသာကြောင်း ဖြစ်၍ တစ်သက်လုံးပေါင်းဖော်ထိုက်သူများ ဖြစ်ကြောင်း၊ မိမိ

ချမ်းသာသောအခါ ဆင်းရဲသောဆွေမျိုးများကို တတ်နိုင်သမျှ ကူညီသင့်ကြောင်း၊ လူတစ်ဦးမှာ နာမည်လိုရင်းမဟုတ်၊ သတ္တိ ဗျတ္တိ သာလိုရင်းဖြစ်ကြောင်း၊ မိမိကိုစောင့်ရှောက်ထားသူအားပြန်ပြီး စောင့်ရှောက် သင့်ကြောင်း သင်ခန်းစာတို့ကိုရရှိပါသည်။

၄။အတ္ထသဒ္ဓါရဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၈၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာဝတ္ထိပြည် သူဌေးကြီးတစ်ဦး၏ (၇)နှစ်အရွယ်သားလေးသည် ဖခင်သူဌေးသားအား ချဉ်းကပ်ပြီး အကျိုးစီးပွား၏ အကြောင်းဖြစ်သော ပြဿနာကိုမေး၏။ ဖခင်သူဌေးကြီး မဖြေနိုင်၍ ဘုရားရှင်ထံသားကိုခေါ်ပြီး ပြဿနာကိုမေးရန် သွားကြ၏။

ဘုရားရှင်က ဤကလေးသည် ရှေးအခါ၌ ငါဘုရားလောင်းသူဌေးအားလည်း အကျိုးစီးပွားပြဿနာကို မေးခဲ့ဖူး၍ ငါဖြေခဲ့၏။ ဘဝခြားမှမေ့နေခြင်းဖြစ်သည်ဟု အတိတ်ဇာတ်ကိုဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီသူဌေးဖြစ်၏။ သူ၏သားသည် ခုနှစ်နှစ်အရွယ်၌ပင် အကျိုးစီးပွားအကြောင်းဖြစ်သော ပြဿနာကို ဖခင်အားမေး၏။ ဖခင်ကသားအား ကျန်းမာခြင်း၊ အကျင့်သီလ၊ ပညာရှိတို့၏အဆုံးအမ၊ ဗဟုသုတ၊ သုစရိုက်သုံးပါးတို့ကို ကျင့်ခြင်း၊ မပျင်းရိခြင်း၊ ဤတရားခြောက်ပါးသည် ကြီးပွားချမ်းသာကြောင်းဖြစ်သည်ဟု ဖြေလေ၏။ သူ၏သားသည် ထိုနေ့မှစ၍ ထိုတရားခြောက်ပါးကို ကျင့်လေ၏။

ဤဇာတ်၌ သူဌေးသားသည် သူဌေးသားဖြစ်၍ သူဌေးကြီးသည်ကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

၄။ အတ္ထသဒ္ဓါရဇာတ်မှရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မသိနားမလည်သော ပြဿနာများကို ပညာရှိထံ ဆည်းကပ်ပြီးမေးမြန်းသင့်ကြောင်း၊ ကြီးပွား

ချမ်းသာလိုသောသူများသည် ကြီးပွားချမ်းသာခြင်းတရား (၆) ပါးတို့ကို သိရှိရန်လိုအပ်ခြင်း၊ ကြီးပွားချမ်းသာခြင်း တရား(၆)ပါးမှာ ကျန်းမာခြင်း၊ သီလနှင့် ပြည့်စုံခြင်း၊ ပညာရှိသြဝါဒ ကိုလိုက်နာခြင်း၊မပျင်းရိ ခြင်းတို့ဖြစ်ကြောင်းစသော သင်ခန်းစာ တို့ကိုရရှိပါသည်။

၅။ ကိုပက္ကစာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၈၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌နေစဉ် မိန်းမ တစ်ယောက်ကို စွဲလန်းပြီး သာသနာမတော်၌ ငြီးငွေ့သော ရဟန်း တစ်ပါးကိုအကြောင်းပြု၍ "ကာမဂုဏ်သည် အဆင်းအနံ့ အရသာ ရှိသော အဆိပ်သီးနှင့်တူ၏" ဟုသိစေလို၍ ဤစာတ် ကိုဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မှူးဖြစ်၍ လှည်းငါးရာ တို့ဖြင့် ကုန်ရောင်းထွက်လာခဲ့ပါ၏။ ဘုရားမလောင်းသည် တောအုပ်၌ ရှိသော အဆိပ်သီးတို့ကိုမစားဖို့၊ သူ့ကိုပြောပြီးမှ စာဖို့ လှည်းသမား တို့အား သြဝါဒပေးထားသည်။

အချို့သော လှည်းသမားများက ဘုရားလောင်းကို မပြောဘဲ အဆိပ်သီးကို စားပြီးသေကြ၏။ အချို့လှည်းသမား တို့သည် အဆိပ်သီးဖြစ်ကြောင်းသိ၍ မစားကြချေ။ အဆိပ်သီးစားမိသူတို့ကို အဆိပ်ပြေဆေးပေးပြီးကုသ၏။ အချို့အသက်ရှင်၍ အချို့အသက် သေကြ၏။

ဘုရားရှင်တရားတော်နာရ၍ ငြီးငွေ့သောရဟန်းသည် သောတာပန်ဖြစ်၏။ အချို့ရဟန်းတို့သည် သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ကြကုန်၏။

ဤစာတ်၌ လှည်းကုန်သည်မှူး၏ပရိသတ်သည် ဘုရား ပရိသတ်ဖြစ်ပြီး လှည်းကုန်သည်မှူးသည်ကား ဘုရားရှင် ဖြစ်တော်မူခဲ့ကြောင်း စာတ်ပေါင်းပါသည်။

၅။ ကိုးပဏ္ဏဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ကာမဂုဏ်ငါးပါးသည် အဆိပ်သီးနှင့်တူကြောင်း၊ အဆိပ်သီးကို စားမိလျှင် တစ်ဘဝသာ ဆင်းရဲခံရမှာဖြစ်ကြောင်း၊ ကာမဂုဏ်အဆိပ်သီးကို စားမိလျှင် ငရဲစသော ဆင်းရဲအပေါင်းမှ မလွတ်ဘဲ သံသရာဘဝ အဆက်ခံစားရမှာဖြစ်ကြောင်း၊ ဘုရားလောင်းအစရှိသော သူကော်ကောင်းများနှင့် ပေါင်းသင်းရခြင်းသည် ပစ္စုပ္ပန်သံသ ရာဆင်းရဲအမျိုးမျိုးမှ လွတ်ကင်းပြီး ချမ်းသာခြင်းအကျိုးတို့ကို ရရှိနိုင်ကြောင်းစသော သင်ခန်းစာတို့ကို ရရှိပါသည်။

၆။ သီလဝိမံသကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၈၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သီလကို စုံစမ်းလိုသောပုဏ္ဏားတစ်ယောက်သည် ကောသလမင်းကို မှီ၍ အသက်မွေးနေထိုင်ခဲ့၏။ သူသည် သရဂုံ သီလနှင့်ပြည့်စုံပြီး ဗေဒင်သုံးပုံကိုပါ တတ်ကျွမ်းသူဖြစ်၏။

မင်းကြီးသည် ပုဏ္ဏားအားအလွန်မြတ်နိုး၏။ တစ်နေ့သ၌ ပုဏ္ဏားသည် မင်းကငေ့ါကိုမြတ်နိုးသည်မှာ အတတ်ကြောင့်လော၊ သီလကြောင့်လောဟုစုံစမ်းသိလိုရှိ၍ ရှေ့ပန်းတိမ်သည်၏ပျဉ်မှ ငွေအသပြာများကို သုံးကြိမ်တိုင်တိုင် တိတ် တဆိတ်ယူ၍သွား၏။ ရှေ့ပန်းတိမ်သည်နှင့် အပေါင်းအဖော် တို့သည် ဘုရားလောင်းကို မင်း၏ဥစ္စာခိုးသူအဖြစ် ဝိုင်း၍ ဖမ်းကြပြီး မင်းကြီးထံ ခေါ်ဆောင်သွားလေ၏။

ကောသလမင်းကြီးသည် သင်ပုဏ္ဏားအဘယ်ကြောင့် သူတပါးဥစ္စာကို ခိုးယူရသနည်းဟုမေး၏။ ကျွန်ုပ်သည် ခိုးသူမဟုတ်ပါ။ မင်းကြီး ကျွန်ုပ်ကို မြတ်နိုးခြင်းသည် ပညာကြောင့်လော၊ သီလကြောင့်လောဟုသိလိုသဖြင့် စုံစမ်းခြင်း သာဖြစ်ပါ၏။ ယခုကျွန်ုပ်ကို မြတ်နိုးခြင်းသည် သီလကြောင့် သာဖြစ်ကြောင်း သိရပါပြီ။

အရှင်မင်းကြီး ခွင့်ပြုတော်မူပါ။ ကျွန်ုပ်သည် ဘုရားရှင်ထံ သွားပြီး ရဟန်းပြုလိုကြောင်း ခွင့်တောင်း၏။ ပုဏ္ဏားသည် ရှဟန်း ပြု၍ ဝိပဿနာပွားများကာ ရဟန္တာဖြစ်သွားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းနှင့်ပတ်သက်၍ အတိတ် ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းပြုစဉ် ဘုရား လောင်းသည် ထိုမင်း၏ပုရောဟိတ်ဖြစ်ခဲ့၏။ ရှေးဝတ္ထုအတိုင်း သီလကိုစုံစမ်းလို၍ သူတပါးပစ္စည်းကို လုယူခဲ့ပါ၏။ ထိုအခါ ဘုရားလောင်းကိုဖမ်းပြီး ဗြဟ္မဒတ်မင်းထံသို့ ပို့ကြပါ၏။

မင်းကြီးက ပုရောဟိတ်အား မင်း၏အာဏာကိုပြုလေ ဟုဆို၏။ ထိုအခါ အရှင်မင်းကြီး ကျွန်ုပ်သည် ခိုးသူ မဟုတ်ပါ။ ကျွန်ုပ်ကို မြတ်နိုးခြင်းသည် ပညာကြောင့်လော၊ သီလကြောင့်လောဟု စုံစမ်းလို၍ ဤသို့ပြုခြင်းသာဖြစ်ကြောင်း လျှောက်ထားလေ၏။

ဘုရားလောင်းပုဏ္ဏားသည် မင်းကြီးအားတရားဟောပြီး ရသေ့ဝတ်ကာ ဟိမဝန္တာသို့သွား၍ တရားအားထုတ်ရာ အဘိဉာဉ် သမာပတ်များရပြီး ဗြဟ္မာပြည်သို့လားလေ၏။

ဤဇာတ်၌ ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ၊ မင်း ပရိတ် သတ်တို့သည် ဘုရားပရိသတ်များဖြစ်ပြီး ပုရောဟိတ် ပုဏ္ဏားမှာမူ ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၆။ သီလဝိမံသကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ဥစ္စာပညာနှင့်ပြည့်စုံခြင်း ထက် သီလနှင့်ပြည့်စုံခြင်းသည်သာ အကောင်းဆုံးဖြစ် ကြောင်း၊ သီလနှင့် ပြည့်စုံသောသူသည် သူတပါးတို့၏ ရိုသေလေးစားခြင်းနှင့် ပူဇော်မှု ကို ခံယူရမည်ဖြစ်ကြောင်း ၊ အဆိပ်ပြင်းသော မြွေသည်ပင်လျှင် မကိုက်မည့်ဦးဆဲလျှင် သီလရှိသည်ဟု ချီးမွမ်းကြကြောင်း၊ လူတို့ အချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး မညှဉ်းဆဲခြင်း၊ ညှာတာ ထောက်ထားခြင်း၊ ကူညီရိုင်းမှုများပြုသင့်ကြောင်းစသော သင်ခန်း စာတို့ကို ရရှိပါသည်။

၇။ မဂ်လဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၈၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်းဌာနေစဉ် အဝတ် လက္ခဏာ ဖတ်ပုဏ္ဏားတစ်ဦးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူ၏။ ရာဇဂြိုလ်ပြည်နေ ပုဏ္ဏားသူဌေးတစ်ဦး သည် ရတနာသုံးပါးတို့ဌ် မကြည်ညို၊ မိစ္ဆာအယူရှိပြီး မြင်တိုင်းကြားတိုင်း တွေ့တိုင်းသော မဂ်လာကိုယုံကြည်သူ ဖြစ်၏။

တစ်နေ့သဌ် ထိုပုဏ္ဏားသူဌေးတစ်ဦးသည် ဦးခေါင်းကို လျှော်ပြီး သေတ္တာထဲမှ ပုဆိုးအစုံကို ဝတ်ရန်ယူရာဌ် ကြွက်ကိုက်ထားသည်ကို တွေ့ရ၏။ ထိုပုဏ္ဏားသည် ကြွက်ကိုက်သော ပုဆိုးအစုံရှိသောအိမ်နှင့် နေသောလူတို့သည် ပျက်စီးလိမ့်မည်ဟု ယုံကြည်၏။ ထိုပုဆိုးအစုံကိုကိုင်သူများ ဆင်းရဲရောက်ကြ လိမ့်မည်ဟုထင်၍ သားအား ထိုပုဆိုးကို လုံကန်ဖြင့်ယူစေပြီး သုဿာန်ဌ် စွန့်ပစ်စေ၏။

ထိုအခါ ဘုရားရှင်သည် ပုဏ္ဏားသားအဘတို့၏ သောတာပန် တည်မည့်အကြောင်းကို မြင်တော်မူ၍ စွန့်ပစ်ထား သောပုဆိုးအစုံကောက်ယူတော်မူ၏။ ပုဏ္ဏားသားအဘတို့သည် ထိုကြွက်ကိုက်သောပုဆိုးအစုံကို မကောက်ယူပါရန်နှင့် ထိုပုဆိုးအစုံတို့သည် မဂ်လာမရှိ၊ သုံးဆောင်လျှင် ပျက်ဆီး စေတတ်ကြောင်းဆိုပြီး တားမြစ်လေ၏။

ဘုရားရှင်သည် အို-ပုဏ္ဏား ရဟန်းတို့မည်သည်မှာ-

သုဿာန်ဌ်လည်းကောင်း၊ လမ်းခရီးအကြားဌ်လည်း ကောင်း၊ အမှိုက်စွန့်ပစ်ရာအရပ်ဌ်လည်းကောင်း၊ ရေချိုးဆိပ် ဌ်လည်း ကောင်း၊ ခရီးလမ်းမဌ်လည်းကောင်း စွန့်ပစ်သောပုဆိုးနွမ်းများ ပင်အပ်၏ဟု မိန့်တော်မူပြီး အတိတ်ဇာတ်ကို ဟောတော်မူ၏။

ရှေးအခါက မဟဂဓတိုင်း ရာဇဂြိုလ်ပြည်ဌ် ဓမ္မိကမင်းစိုး စံစဉ် ဘုရားလောင်းသည် ဥဒီစွပုဏ္ဏားမျိုးဌ်ဖြစ်ပြီး ရသေ့ပြုကာ အဘိဉာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာဌ် နေလေ၏။

တစ်နေ့သ၌ ဘုရားလောင်းရသေ့သည် မင်းဥယျာဉ်၌ နေစဉ် ပုဏ္ဏားတစ်ယောက်သည် သေတ္တာ၌ထားသော ပုဆိုးအစုံသည် ကြွက်ကိုက်လေ၏။ ထိုကြွက်ကိုက်သောအဝတ်ကို မသုံးဆောင်ဘဲ စွန့်ပစ်လိုက်၏။ ဆရာရသေ့သည် ထိုစွန့်ပစ် သောပုဆိုးအစုံကို ကောက်ယူရာ၌ မကောက်ယူရန် ပုဏ္ဏား သားအဘက တားမြစ်လေ၏။

အိုပုဏ္ဏား ရဟန္တာဆိုသည်မှာ ကောတုဟလမဂ်လာ နေကြတ်ခြင်း လကြတ်ခြင်းစသော ဥပါဒ်၊ နိမိတ်လက္ခဏာ၊ အထူးထူးသော အိပ်မက်တို့ကို ယုံကြည်တော်မမူကုန်။ဘုရား ရှင်သည် ဤတရားတော်ကိုဟောတော်မူ၍ ပုဏ္ဏားသားအဘသည် သောတာပန်တည်လေ၏။

ဤဇာတ်၌ ပုဏ္ဏားသားအဘတို့သည် သားအဘ ဖြစ်ပြီးရသေ့မှာမူ ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၇။ မဂ်လဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ဘုရားရှင်သည် ဒိဋ္ဌသုတမဂ်လာတို့ကို ယုံကြည်သော ပုဏ္ဏားအား လမ်းမှန်သို့ရောက် အောင်ပို့ဆောင်တော်မူခဲ့ကြောင်း၊ ရဟန္တာများသည် ကောတု ဟလမဂ်လာ၊ နေကြတ်ခြင်း၊ လကြတ်ခြင်းစသော ဥပါဒ်ငါးမျိုး၊နိမိတ်လက္ခဏာ၊ အိမ်မက်တိတ္ထိုတို့ကို ယုံကြည်တော်မမူကြောင်း၊ ရဟန်းတော်များသည် သုသာန်လမ်းခရီးအကြား အမှိုက်ပုံရေချိုးဆိပ် ခရီးမတို့၌ ပစ်ထားသောအဝတ်များကို ကောက်ယူ၍ သုံးစွဲသင့်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ဗေဒင်လက္ခဏာယဉ်ကြာစသော လောကီပညာ ယုံကြည်မှုလွန် ကဲခြင်းကို ဘုရားရှင်လက္ခံတော်မမူကြောင်း မိမိပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံသာလျှင် အကျိုးပေးနိုင်သည်ဟု ယုံကြည်ရမည်ဖြစ်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၈။ သာရမ္ဘဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၈၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်းဌာနေစဉ် နှုတ်ကြွမ်း ရဟန်း

တစ်ပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။

ဘုရားလောင်းသည် ဂန္ဓာရဟိုင်း တက္ကသိုလ်ပြည်၌ နှုတ်ကြမ်းသောပုဏ္ဏားတစ်ဦး၏ အိမ်၌ သာရမ္ဘအမည်ရှိသော နွားလားဖြစ်၏။ ပြိုင်ပွဲဝင်ရာ၌ ပုဏ္ဏားအားစိတ်ဆိုးပြီး ဘုရားလောင်းနွားလားသည် တင်ထားဝန်ကို မရုန်းသဖြင့် ရှုံးရလေ၏။ ကြမ်းတမ်းသောစကားကို လူတို့မဆိုထားနှင့် နွားအစရှိသော ကိရစ္ဆာန်များသော်မှ မနှစ်သက်ကြချေ။

ဘုရားရှင်သည် ရဟန်းတို့ယုတ်မာကြမ်းတမ်းသော စကားကို မဆိုကြလေနှင့်။ ကောင်းသော (ချိုသော) စကားကို ဆိုခြင်းသည် ကောင်း၏။ ယုတ်မာ(ကြမ်းတမ်း)သောစကားကို ဆိုခြင်းသည် ပူပန်သောကရောက်ရတတ်၏ဟု ဟောတော်မူ၏။

ဤဇာတ်၌ ပုဏ္ဏားသည် ရှင်အာနန္ဒာ၊ ပုဏ္ဏားမသည် ဥပဋ္ဌာန်ဖြစ်ပြီး သာရမ္ဘမည်သော နွားလားသည်ကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၈။ သာရမ္ဘဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "နှုတ်ချို သျှိုတပါး၊ နှုတ်ကောင်းယျှင် ပြည်စုံ" ဆိုသကဲသို့ နှုတ်ချိုစွာပြောဆို ခြင်းကြောင့် မိမိ၏ အကျိုးစီးပွားဖြစ်ထွန်းနိုင်ကြောင်း၊ ကြမ်းတမ်းသောစကားကို လူမဆိုထားဘိ၊ နွားစသော တိရစ္ဆာန်တို့ပင် မနှစ်သက်ကြကြောင်း၊ မိမိအပေါ် ကျေးဇူး ရှိသူကို ကျေးဇူးဆပ်သင့်ကြောင်း၊ ချိုသာသော စကားကို ပြောဆိုခြင်းဖြင့် မိမိကိုပြန်၍ ကူညီစောင့်ရှောက်တတ်ကြောင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းသည် တစ်ဖက်သား ချမ်းသာမှုမဖြစ်စေနိုင်ကြောင်း၊ ကျေးဇူးမဲ့ကိုသာ ပြုလုပ်တတ်သဖြင့် စိုးရိမ်ပူပန်မှုဖြစ်ရတတ် ကြောင်းသင်ခန်းစာတို့ကို ရရှိပါသည်။

၉။ ကုဟကဇာတ်အဓိပ္ပါယ် အကျဉ်းချုပ် (၈၉)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်၌

သူကြွယ်တစ်ဦးသည် အုံ့ဖွယ်သူရဲကိုဖြစ်စေတတ်သော ကောက်ကျစ်သည့်ရသေ့တစ်ပါးကို သီလရှိ၏ဟု ယုံကြည်ပြီး ကျောင်းဆောက်၍ ကိုးကွယ်၏။ တစ်နေ့သ၌ သူကြွယ်သည် ခိုးသူဘေးမှ ကင်းဝေးရန် ရွှေစင်နိုက္ခတစ်ရာကို ထိုရသေ့ကျောင်းဝင်းအတွင်းမြေမြှုပ်၍ ရသေ့အားအပ်နှံ ထား၏။ ထိုအခါ ရသေ့သည် ထိုရွှေကို ယူပြီး ခရီးအကြာ၌ ဝှက်ထားပြီးလျှင် ကျောင်း၌ပြန်နေ၏။

ရသေ့သည် နောက်တစ်နေ့တွင် သူကြွယ်အိမ်၌ ဆွမ်း စားပြီး သူကြွယ်အား သင့်ကိုမှီခိုပြီး နေခဲ့သည်မှာ ကြာပြီ၊ ရဟန်းတို့အား လုတို့နှင့် ရောနှောနေခြင်းသည်မကောင်း၊ ဒါကြောင့် ငါသွားအုံ့ဟု ဆိုကာ အိမ်မှထွက်သွား၏။ ရသေ့သည် အတန်ငယ်သွားပြီး သူကြွယ်ကို လှည့်စားရန် ဆံကျစ် ကြား၌ မြက်တစ်ပင်ပါလာသဖြင့် ဒါယကာ၏အိမ်မှ မြက်ပင် ကိုပြန်ပေးပါသည်ဟု ပြောကာ ထိုမြက်ပင်ကို ဒါယကာအား ပေးပါ၏။

သူကြွယ်ကရသေ့သည် သီလပြည့်ဝပါပေသည်ဟု အထင်ကြီးနေ၏။ ထိုအချိန်၌ ဘုရားလောင်းသည် သူကြွယ် အိမ်သို့ ကုန်ရောင်းရန်ရောက်နေချိန်ဖြစ်ပါ၏။ ဘုရားလောင်းသည် အိုမိတ်ဆွေ သင်သည် ရသေ့ထံမှာ ဘာပစ္စည်းများ အပ်နှံဖူးပါသနည်းဟုမေး၏။ ကျွန်ုပ်သည် ရသေ့ထံမှာ ရွှေ စင်များအပ်နှံဖူးပါကြောင်းပြောရာ ရွှေမြှုပ်ထားသည့်နေရာကို သွားစုံစမ်းခိုင်း၏။ သူကြွယ်သည် သွားကြည့်ပြီး ရွှေကို မမြင်လျှင် ပြောပါသည်။

ဘုရားလောင်းက သင့်၏ရွှေကို ရသေ့ယုတ်ယူထား၏ ဟုဆိုကာ သူကြွယ်နှင့်တကွလိုက်၍ ရိုက်နှက်ကာ ရွှေကို ပြန်ပေးစေ၏။

ဤဇာတ်၌ ကောက်ကျစ်သောရသေ့သည် အုံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်းဖြစ်ပြီး၊ ပညာရှိယောကျ်ားသည် ကားဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၉။ ကုဟကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အပြောချိုပြီး ပစ္စည်း၌ တပ်မက်မှု မရှိသူများကိုသာ ပေါင်းသင်းဆက်ဆံရမည် ဖြစ်ကြောင်း၊ လူတစ်ဦး တစ်ယောက်ကို အထင်ကြီးပြီး ရွှေ ငွေများကို အပ်နှံပါက များသော အားဖြင့် လူလိမ်နှင့်ကွေ့ရ တက်ကြောင်း၊ လူလိမ်လူကောက်တို့သည် ရင်းရင်းနှီးနှီး ဆက်ဆံလာလျှင် ၄င်းတို့၏ဇာတိများ ပေါ်လာတတ်ကြောင်း၊ ဤခေတ်ကာလ၌ ရသေ့ယောင်၊ သူတော်ယောင်၊ ရဟန်းယောင်တို့ကို သတိထားပြီး ပေါင်းသင်းဆက်ဆံရမည် ဖြစ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၁၈။ အကတညုဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၀)

ရှေးအခါက ဗာရာဏသီပြည်ဇြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းဗာရာဏသီသူဌေးသည် ပစ္စန္တရစ်မှ သူဌေး ဘစ်ဦးကို မမြင်ဖူးဘဲ မိတ်ဆွေဖြစ်နေ၏။ ပစ္စန္တရစ်သူဌေးသည် ရောင်းရန်ကုန်များကိုလှည်းငါးရာတို့ဖြင့် တင်၍ လက်ဆောင်များနှင့် တကွ ဗာရာဏသီသူဌေးထံ လွှတ်လိုက်၏။ သူဌေးသည် အလုပ်သမားတို့အား နေရာအစားအစာတို့ကို ပေး၍ ကုန်များကို ရောင်းပေး၏။

နောက် ဗာရာဏသီသူဌေးကလည်း လှည်းငါးရာဖြင့် ကုန်များတင်ပြီးပစ္စန္တရစ်သူဌေးထံ လွှတ်လိုက်၏။ ပစ္စန္တရစ်သူဌေးသည် ပါလာသောလက်ဆောင်များကိုယူပြီးဗာရာဏသီသူဌေးဆိုတာ ဘယ်သူပါလိမ့်ဟု ပြက်ရယ်ပြု၍ နေရာ အစားအစာကို မပေးဘဲ နှင်လိုက်၏။

အလုပ်သမားတို့သည် ပစ္စန္တရစ်သူဌေးပြောဆိုဆက်ဆံ ပုံကို ဗာရာဏသီသူဌေးအား အကြောင်းစုံပြောကြားကုန်၏။ တစ်ဖန် ပစ္စန္တရစ်သူဌေးသည် ရှေးနည်းတူ အလုပ်သမားတို့အား လှည်းငါးရာဖြင့် လွှတ်လိုက်၏။ ထိုအခါ ဗာရာဏသီ သူဌေး၏ လူတို့သည် ထိုသူတို့ကို မြို့ပြင်၌ နေရာချထား၏။

ညဉ့်သန်ခေါင်ချိန်၌ ဗာရာဏသီသူဌေး၏အလုပ် သမားတို့

သည် ထိုလည်းစခန်းသို့သွား၍ ပစ္စည်းများကို လုယက်ကြ၏။ ထိုသတင်းကို ဗာရာဏသီသူဌေးအား ပြောကြားရ၏။ ဗာရာဏသီသူဌေးက သူတပါးကျေးဇူးကို မသိ တတ်သောသူတို့သည် ဤဒုက္ခမျိုးကိုရကြ၏ဟုဆိုလေသည်

ဤဇာတ်၌ ပစ္စန္တရစ်သူဌေးသည် ပစ္စန္တရစ်သူဌေးဖြစ်ပြီး ဗာရာဏသီသူဌေးသည်ကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။ (ပစ္စုပ္ပန်ဝတ္ထုသည် အတိဝတ္ထုနှင့် အားလုံးတူသည်၊ ဗာရာဏသီသူဌေးအစား အနာထပိဏ် သူဌေး ပြောင်းရုံသာ)

၁၀။ အကတညုဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် တောသူဌေးတစ်ဦးသည် မြို့သူဌေး၏ ပြုခဲ့ဖူးသော ကျေးဇူးကို မထောက်ထားဘဲ မိမိရှာသို့ရောက်လာသောမြို့သူဌေး၏ လူများကို မဖွယ်မရာ ဆက်ဆံလိုသဖြင့် ကျေးဇူးကို မသိတတ်ရာရောက်ကြောင်း၊ လူတို့သည် တစ်ဦးတစ်ဦး အတုံ့အလည့်ရှိသည်ကို သတိမူ ရမည်ဖြစ်ကြောင်း အယူသာရှိ၍ အပေးမရှိပါက နောက်ဆုံး၌ ဒုက္ခရောက်ရ တတ်ကြောင်း၊ မိမိအပေါ်ပြုဖူးသော ကျေးဇူးကို နောင်တစ်ချိန်မှာ ကျေးဇူးပြန်ဆပ်နိုင်ဖို့ အရေးကြီးကြောင်း၊ မိမိကို ပြုစုစောင့်ရှောက်ထားသောသူအား ကျေးဇူးပြုနိုင်လျှင် ကား အတိုင်းထက်အလွန် ကောင်းမွန်ကြောင်း စသောသင်ခန်းစာတို့ကို ရရှိပါသည်။

၁။ လိတ္တဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၁)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေ၎င်း ပစ္စည်းလေး ပါး၌ မဆင်ခြင်ဘဲ သုံးဆောင်သောရဟန်းများကို အကြောင်းပြု၍ ဤလိတ္တဇာတ်ကို ဟောတော်မူ၏။ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သောရဟန်းများ၏သည်များသောအားဖြင့် ငရဲတိရစ္ဆာန်မျိုး၌ ဖြစ်တတ်ကြ၏။ ဘုရားရှင်သည် ရဟန်းများအား ပစ္စဝေက္ခဏာ ဆင်ခြင်ကြရန် သြဝါဒပေးတော်မူ၏။

ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် လတ်တလောသေစေတတ်သော အဆိပ်ကိုသုံးဆောင်သည့်နှင့်တူ၏။ ရှေးသူဟောင်းများလည်း မဆင်ခြင်အပြစ်ကိုမသိဘဲ အဆိပ်ကိုသုံးဆောင်ခြင်းကြောင့် ဆင်းရဲရောက်ကြပုံ အတိတ်ဇာတ်ကို ဟောတော်မူပါသည်။

ရှေးအခါက ဇာရာဏသီပြည် ဗြဟ္မဒတ်မင်းလက် ထက်၌ ဘုရားလောင်းသည် ချမ်းသာသောအမျိုး၌ဖြစ်ပြီး ကြွေအန်ကြူးသူ ဖြစ်၏။ ကောက်ကျစ်သည့်ကြွေအန်ကြူး တစ်ဦးသည် ဘုရားလောင်းနှင့်ကစား၍ နိုင်သဖြင့် ကစားပွဲကို မဖျက်ဘဲ ရုံးလျှင် အန်စာကို ပါးစပ်ထဲ၌ ကြွေအန်ပျောက်ပြီးဟုဆိုကာ ကြွေအန်ဝိုင်းကို ဖျက်ပစ်လေ့ရှိ၏။

ထိုအကြောင်းကိုသိသော ဘုရားလောင်းသည် ကြွေအန်များကို အိမ်သို့ယူပြီး အဆိပ်ဖြင့် ထပ်ခါထပ်ခါ သုတ်လိမ်း၏။ ခြောက်သောအခါ ကောက်ကျစ်သောကြွေအန်ကြူး ထံယူသွား၏။ ကစားသော် ထိုသူသည် ရုံးသဖြင့် ကြွေအန်ကို ပါးစပ်ဖြင့်ငုံလျှင် အဆိပ်အဟုန်ဖြင့် မူးဝေပြီးလဲကျသွား၏။

ထိုအခါ ဘုရားလောင်းသည် ထိုသူအား အန်ဆေးကို တိုက်စတုမဓုကျွေး၍ အနာကင်းအောင် ပြုလုပ်ပေး၏။ နောင်ကို ဤကဲ့သို့ မပြုလုပ်ရန် ဆုံးမလေ၏။ ပညာရှိ ကြွေအန်ကြူးသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၁။ လတ်တလောသေသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ရဟန်းတော်များသည် ပစ္စည်းလေးပါးတို့ကို သုံးဆောင်သောအခါ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး သုံးဆောင်သင့်ကြောင်း၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်မိလျှင် များသောအားဖြင့် ငရဲတိရစ္ဆာန်မျိုး၌ ဖြစ်ရတတ်ကြောင်း၊ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်မိလျှင် လတ်တလောသေစေတတ်သော အဆိပ်ကို သုံးဆောင်သည့်နှင့်

တူကြောင်း၊ သူတပါး အပေါ်ကောက်ကျစ်သူသည် နောင်တွင် ဆင်းရဲနှင့်တွေ့ရ တတ်ကြောင်း၊ အရာရာတွင် မိမိကသာ ကစ်ဖက်သတ် အနိုင်မယူသင့်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၂။မဟာသာရဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်းဌာနေစဉ် ရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောတော်မူ၏။ အခါတစ်ပါးဌာ ပသေနဒီကောသလမင်း၏ မောင်းမများသည် ဘုရားရှင်၏တရား တော်များကို နာယူလိုခြင်း စိတ်ဆန္ဒဖြစ်ကြပါ၏။

ဆတ္တပါဏိအမည်ရှိ အနာဂါမ်ထံ မောင်းမများကို တရားနာစေခြင်း၊ သင်ယူစေခြင်းတို့ကို ပြုစေလို၏ဟု ဧကာ သလမင်းက ပြောရာ နန်းတွင်းမှာ သွားလာရသောကြောင့် မဟာသာဝကာရဟန်းများထံ နာကြားရန်သင့်ကြောင်း၊ သံတော်ဦးတင်ကြ၏။ ထို့ကြောင့် မောင်းမများ၏ ဆန္ဒအရ ရှင်အာနန္ဒာထေရ်ထံ မောင်းမများ တရားနာခြင်း၊ သင်ယူခြင်း ပြုကြပါသည်။

မကြာမီ နန်းတွင်းဌာ ကောသလမင်းကြီး၏ ပတ္တမြားဥယျောဉ်ကျင် ပျောက်ဆုံးအမှုဖြစ်ပေါ်လာ၏။ နန်းတွင်းနေ လူများကို စစ်ဆေးခြင်းစသည်ပြုကြပါ၏။ ရှင်အာနန္ဒာထေရ်ထံ တရားနာခြင်း၊ သင်ယူခြင်းပြုနေသော မောင်းမများ အတွင်းမှ ပြဿနာပေါ်ပေါက်နေကြောင်း ရှင်အာနန္ဒာထေရ် သိသွားပါသည်။

ရှင်အာနန္ဒာထေရ်သည် မင်းကြီးထံသွားပြီး ဖွဲ့ဆုပ်မြေ ဆုပ်ချနည်းဖြင့် သုံးရက်တိုင်တိုင် မင်းကြီးအား ပြုလုပ်ခိုင်းပါ၏။ သို့သော် ပတ္တမြားဥယျောက်ကျင်ရှာ၍ မတွေ့ပါ။

နောက်တစ်ခါ မင်းရင်ပြင်တစ်နေရာ၌ ရေပြည့်အိုးကြီးတစ်လုံးကို တင်းတိမ်များဖြင့် ကာရံထားပြီး နန်းတွင်းရှိ လူအားလုံးတို့ကို တစ်ယောက်စီ တစ်ယောက်စီ အပေါ်ရုံကိုခြုံ၍ တင်းတိမ်တွင်းဝင်စေရမည်။ ပြန်ထွက်လာသူတိုင်း လက်ကိုဖြန့်၍ ထွက်ခဲ့

ရမည်ဟုအမိန့်တစ်မျိုးထုတ်ပြန်ပါ၏။

သူခိုးသည် ပတ္တမြားဥသျှောင်ကျင်ကို အံ့ပေါ်ရုံဖြင့် ဖုံးပြီး ရေအိုးကြီးထဲ၌ထည့်ကာ လက်ကိုဖြန့်၍ ပြန်ထွက်ခဲ့ပါ၏။ နန်းတွင်းရှိ လူအားလုံးစုံသောအခါ ရေအိုးထဲမှရေကို သွန်းလိုက်လျှင် ပတ္တမြားဥသျှောင်ကျင်ကိုတွေ့ရ၏။ ဤသို့. ရှင်အာနန္ဒာထေရ်၏ပညာကြီးပုံကို ချီးမွမ်းစကားဆိုကြရာ နေရာသို့. ဘုရားရှင်ကြွကော်မှလာပြီး ရှေးဌ ပညာရှိများလည်း တိရစ္ဆာန်လက်ဌ ရောက်သောဘဏ္ဍာကို ရဖူပြီဟု အတိတ် ဇာတ်ကို ဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်ခဲ့၏။ တစ်နေ့.သဋ္ဌမင်းသည် အခြံအရံဖြင့် ဥယျာဉ်သို့.သွားရှိမင်္ဂလာ ရေကန်ဌ ရေကစား၏။ မင်း၏မောင်းမတို့.လည်း တန်ဆာများကိုဆွတ်ရှိ စုလျားတဘက်နှင့် ထုတ်ရှိသေတ္တာအပြင်ဌ ထားကာ ကျွန်မကို စောင့်ခိုင်းရှိ ရေကန်ထဲဌ ရေချိုးကြ၏။ အစောင့်ကျွန်မအိပ်ပျော်စဉ် မျောက်မတစ်ကောင်သည် မိဖုရားပုလဲသွယ်ကို ခိုးယူပြီး သစ်ခေါင်းထဲထား၍ ငြိမ်သက် စွာနေ၏။

ကျွန်မသည် နိုးလာသောအခါ ပုလဲသွယ်ကို မမြင်သဖြင့် ကြောက်လန့်ကာ ယောကျ်ားတစ်ယောက်သည် ပုလဲသွယ်ကို ခိုးပြေးပါပြီဟု ကျယ်လောင်စွာ အော်ဟစ်လိုက်၏။ အစောင့်တို့.သည် ပုလဲသွယ်ခိုးသူကို ဖမ်းကြလေဟုဆိုပြီး တောတွင်းသို့. လိုက်ရှာကြရာ တောသားယောကျ်ားတစ်ယောက်ကို တွေ့.ကြ၏။ ဤတောသားဖြစ်မည်ဟုဆိုပြီး ၄င်းကိုဖမ်းကြ၏။ တောသားကလည်း သူ၌ခြေးကြီးထံ ပေးလိုက်ရကြောင်းပြော၏။ သူ၌ခြေးကြီးကလည်း ပုရောဟိတ်အား, ပုရောဟိတ်ကလည်း စောင်းသမားအား, စောင်းသမားကလည်း ပြည့်တန်ဆာမတစ်ယောက်အား ပေးလိုက်ရကြောင်းပြော၏။ ထိုသူ(၅)ဦးတို့.သည် ခိုးကြသူများ မဟုတ်သော်လည်း တွေ့.လျှင်တွေ့.ခြင်း မခိုးပါဟုဆိုလျှင် ပုတ်ကြ သတ်ကြမည်

စိုးသောကြောင့် ခိုးပါသည်ဟု ဝန်ခံခဲ့ကြခြင်း ဖြစ်ပါ၏။

ထိုအခါ ဘုရားလောင်းသည် အခြေအနေအရပ်ရပ်ကို တွက်ဆ၍ ဥယျာဉ်ထဲရှိ မျောက်မများသာ ခိုးယူရမည်ဟု စဉ်းစားမိ၏။ သူသည် ချည်ထုံးဖြင့် လုပ်သောတန်ဆာများ ကို ယူဆောင်၍ မျောက်မတို့ကို ဖမ်းစေပြီး လက်ခြေ လည်တို့ ၌ ဆင်ယင်၍ လွှတ်လိုက်၏။ ထိုမျောက်မတို့သည် တန်ဆာ ကိုရ၍ ရွှင်လန်းစွာ ဥယျာဉ်၌ သွားကြသဖြင့် ခိုးသူမျောက်မ သည်လည်း မဟာသာရ ပုလဲသွယ်ကိုဆင်လျက် ထွက်လာ၏။

ထိုအခါ အမှူလုပ်တို့သည် မျောက်မထံ ပုလဲသွယ်ကို ပြန်ရပြီး ဘုရားလောင်းအားပေး၏။

ဘုရားလောင်းသည် ထိုပုလဲသွယ်ကို မင်းကြီးအားပြ၍ အကြောင်းစုံကိုလျှောက်၏။ မင်းကြီးသည် ဘုရားလောင်းအား ဆုလာภ์များပေးပြီး ဘုဂ္ဂားလောင်း၏ သြဝါဒ အတိုင်း နေထိုင်ကာ ကံအားလျော်စွာ လားလေ၏။

ဤဇာတ်၌ ဗြဟ္မဒတ်မင်းသည် ရှင်အာနန္ဒာ၊ ပညာရှိအမတ်သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၂။ မဟာသာရဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ဘုရားရှင်ရှေ့၌ နေထိုင်သူ သည် ရှင်ဘုရင်ကို အရိုအသေပြုရန် မလိုအပ်ကြောင်း ပတ္တမြားဥသျှောင်ကျင် ပျောက်ဆုံးသောအခါ ရှင်အာနန္ဒာ၏ ကျေးဇူးကြောင့် ခိုးသူထံမှ ပြန်ရစေရန် နည်းပရိယာယ်ဆင်ပြီး ဆောင်ရွက်ပုံကို အတုယူသင့်ကြောင်း၊ ဘုရားလောင်း ပညာရှိအမတ်သည် မျောက်မထံပါသွားသော ပုလဲသွယ်ကို ပြန်ရအောင် အကွက်ဆင်ပုံများမှာ အမှူထောက်လှမ်းရေး ဖော်ထုတ်နည်းတစ်ရပ်ဖြစ်ကြောင်း၊တောသားသူဌေးစသော ဖမ်းခံရသူ (၅)ဦးတို့သည် ကြောက်လန့်၍ သက်သာမည်ထင်ရာ ယောင်ယမ်းထွက်ဆိုပုံများမှာ အမှုကိုင်တွယ်များ အတက် သင်ခန်းစာယူရမည်ဖြစ်ကြောင်း စစ်ဖြစ်လျှင်

သူ့ရဲကောင်းကို အလိုရှိအပ်ကြောင်း၊ တိုင်ပင်ဆွေးနွေးသည့်အခါ နှုတ်လုံသူကို အလိုရှိအပ်ကြောင်း၊ စားမောင်းသောက်ဖွယ်ကို ရရှိသည့်အခါ ချစ်သူကို အောက်မေ့တာတ်ကြောင်း၊ မက်ခဲနက်နဲသော ပြဿနာကို ဖြေရှင်းသောအခါ ပညာရှိကို အလိုရှိအပ် ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၃။ ဝိဿာသဘေဒနေဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၃)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် ချမ်းသာကြွယ်ဝသော သူဌေးဖြစ်ခဲ့၏။ သူဌေး၏ နွားကျောင်းသားတစ်ဦးသည် ပေါ်ဘွဲ့နွားများကို မွေးမြူ၍ ရံဖန်ရံခါ နွားနို့အရသာကို သူဌေးထံလာ၍ပို့၏။ ထိုအခါ နွားမများသည် နွားခြံအနီးနေ ခြင်္သေ့ကို ကြောက်ရွံ့ သဖြင့် ညှိုးနွမ်း၍ နို့ရည် အထွက်နည်း၏။

နွားကျောင်းသားက ထိုအကြောင်းကို သူဌေးအား ပြောကြား၏။ အသင်နွားကျောင်းသား ခြင်္သေ့သည် သတ္တဝါတစ်ဦး၌ တပ်မက်ခြင်းရှိသလောဟုမေးလျှင် ခြင်္သေ့ကြီးသည် ပြောင်မတစ်ကောင်နှင့် ချစ်ကြိုက်နေကြောင်း နွားကျောင်းသားက သူဌေးကို ပြောပြပါသည်။

ထိုအခါ သူဌေးက "ထိုပြောင်မကိုဖမ်းပြီး ကိုယ်ကို အဆိပ်ဖြင့် ထပ်ခါထပ်ခါ သုတ်လိမ်း၍ လွှတ်လိုက်လော၊ ခြင်္သေ့သည် ပြောင်မ၏ကိုယ်ကိုလျက်ပြီးသေလတ္တံ့" ဟု ဆို၏။ နွားကျောင်းသားသည် သူဌေးမှာသည့်အတိုင်းပြု၏။ ခြင်္သေ့ကြီးသည် ပြောင်မ၏ကိုယ်မှ အဆိပ်များကိုလျက်မိပြီး သေဆုံးသွားပါ၏။

ခြင်္သေ့၏ကိုယ်မှ အသီ အသွေး အရေစသည်ကိုယူ၍ သူဌေးကြီးထံ ပို့လိုက်ပါ၏။ ချစ်ခင်သူနှင့်ဖြစ်စေ၊ မချစ်ခင် သူနှင့်ဖြစ်စေ၊ ရင်းရင်းနှီးနှီး အကျွမ်းတဝင် ပေါင်းသင်းမိလျှင် သူတို့ထံမှ ဘေးဒုက္ခများပေါ်လာတတ်ကြောင်း ဘုရားရှင် တရားတော်ကို ဟောတော်မူပါသည်။

ဤဇာတ်၌ ဗာရာဏသီသူဌေးသည် ဘုရားရှင်ဖြစ် တော်မူခဲ့ကြောင်း ဇာတ်ဖေါင်းပါသည်။

၃။ဝိဿာသဘောဇနဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ရဟန်းများသည် ဆွေမျိုး တော်သူမတော်သူတို့၏ လျှုဒါန်းသော ပစ္စည်းများကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ရမည်ဖြစ်ကြောင်း၊ ပစ္စဝေက္ခ ဏာမဆင်ခြင်ဘဲ သုံးဆောင်လျှင် ငရဲတိရစ္ဆာန်စသော အပါယ်လေးဘုံ၌ ဖြစ်တတ်ကြောင်း၊ အဆိပ်မှန်လျှင် မည်သူ ကပေးပေး သေစေနိုင်ကြောင်း၊ "မဘက်လိုက်တော့ မိုက်ဘက်ပါ" ဆိုသည့်အတိုင်း ကိုလေသာ အလိုလိုက်၍ ခြသေ့ကြီးပင်လျှင် အသိဉာဏ်တုံး၍ အမိုက်ဖုံးကာ ဘဝဆုံးရဂ တ်ကြောင်း၊ မည်သူကိုမဆို မှန်းတန်အနေဖြင့် ဆက်ဆံသွားခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၄။လောမဟံသဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၄)

ဘုရားရှင်သည် လော့မဟံသဇာတ်ကို ဝေသာလီပြည် ပဋ္ဌိကကျောင်း၌ သီဘင်းသုံးစဉ် သုနက္ခတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ သုနက္ခတ်သည် ဘုရားရှင်၏ အလုပ် အကျွေးအဖြစ်မှ စွန့်ကာ ကောရခတ္တိယထံ ဆည်းကပ်နေ ထိုင်လေ၏။

ကောရခတ္တိယက သေဆုံးပြီး ကာဠကဏ္ဍကအသုရ ကာယ်မျိုး၌ ဖြစ်၏။ သုနက္ခတ်သည် လူထွက်ပြီး ဂေါဂမ ဘုရားရှင်မှာ ဥတ္တရိမနုဿဓမ္မမရှိဟု ပြောဆိုစွပ်စွဲလေ၏။

အရှင်သာရိပုတ္တရာသည် ဆွမ်းခံရာ၌ သုနက္ခတ်၏ ဘုရားရှင်ထံ လျှောက်ထား၏။ သာရိပုတ္တရာ ငါဘုရား၌ (၆)ပါးသော အဘိဉာဉ် (၁၀)ပါးသော အားတော်ဝေသာရ ဉာဏ်စသည်တို့နှင့် ပြည့်စုံ၏ဟု မိမိ၌ရှိသော ဥတ္တရိမနုဿ ဓမ္မကို ဟောကြားပြီး ငါဘုရားအား စွပ်စွဲသော သုနက္ခတ် သည် ငရဲလားလိမ့်မည်။

ငါဘုရားသည် ဘဒ္ဒကမ္ဘာမှ (၉၁)ကမ္ဘာထက်၌ မိစ္ဆာ အယူကို

စုံစမ်းသောအားဖြင့် ကျင့်ခဲ့ဖူးသည်ဟု အမိန့်ရှိ၏။

ရှေးအခါက ဘဒ္ဒကမ္ဘာမှ (၉၁)ကမ္ဘာထက်၌ ဘုရားလောင်းသည် အဝတ်မဝတ်သော အာဇီဝက တက္ကတွန်းအယူကို ယူခဲ့၏။ မြူအညစ်အကြေးကပ်သောကိုယ်ရှိ၏။ ဆိတ်ငြိမ်ရာ အရပ်၌နေ၏။ တစ်ယောက်တည်းသာနေ၏။ လူကိုမြင်လျှင် သမင်ကဲ့သို့ ပြေး၏။ နွားငယ်ကျင်ကြီးကိုစား၏။ ဘဝို့တွဲနှင့် တပေါင်းလတို့၏အကြား ညဉ့်အခါ လွင်တီးခေါင်၌နေ၏။ နေထွက်သောအခါ တောအုပ်သို့ ဝင်၍နေ၏။ နွေလတွင် နေ့အခါ လွင်တီးခေါင်၌နေ၍ ညအခါ တောအုပ် ထဲဝင်၏။ အပူကို အလွန်ခံ၍ချမ်းသော် အဝတ်မဝတ် မီးမလုံ၊ ဤသို့သောအကျင့်ကိုကျင့်၍ သေခါနီးအချိန် ငရဲနိမိတ်ကိုမြင်ပြီး မိစ္ဆာအယူကိုစွန့်ကာ သမ္မာအယူကို ပြောင်းကျင့်သဖြင့် နတ်ပြည်၌ ဖြစ်ရ၏။

ဤဇာတ်၌ အဝတ်မဝတ်သော အာဇီဝကသည် ဘုရား ရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၄။ လောမဟံသဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ပုထုဇဉ်လောကီလူသား တို့သည် အမှန်တရားကို အမှားဟုမှတ်ထင်တတ်ကြကြောင်း၊ သူတကာနှင့် ထူးအောင် ကြံဖန်ပြီး ကျင့်ကြံနေသူများကို အထင်ကြီးကာ မှားယွင်းစွာ ကြည်ညိုမိတတ်ကြောင်း၊ သုနက္ခတ်သည် မိမိဉာဏ်မမှီတိုင်း ဘုရားရှင်၏ဂုဏ်ကျေးဇူး တို့ကို ပြစ်မှားပြောဆိုမိတတ်ကြောင်း၊ ဘုရားလောင်းသည် ဘဝနှစဉ်အခါက မှားယွင်းသောမိစ္ဆာအယူကို ကျင့်ခဲ့ရာ သေခါနီး ငရဲနိမိတ်မြင်မှာ သမ္မာအယူပြောင်းကျင့်သဖြင့် နတ်ပြည်၌ နတ်သားဖြစ်ရကြောင်း ပျက်အစဉ် ပြင်ခဏဆိုသည့် အတိုင်း ကြာရှည်စွာ မှားခဲ့သည်ကို ပြုပြင်လိုက်ရာ တခဏချင်း အမှန်တရားများသို့ ရောက်ခဲ့ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၅။ မဟာသုဒဿနဇာတ်အဓိပ္ပါယ် အကျဉ်းချုပ် (၉၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် ၁၄၇-ခု တန်ဆောင်မုန်းလပြည့်နေ့ဝယ် ရှင်သာရိပုတ္တရာပရိနိဗ္ဗာန် စံတော်မူခဲ့၏။ ၁၄၇-ခု၊တန်ဆောင်မုန်းလကွယ်နေ့၌ ရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံတော်မူ၏။

ဘုရားရှင်သည် ၁၄၈-ခု၊ ကဆုန်လပြည့်နေ့ကုသိနာရုံ ပြည်မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူမည်ဟု ရှင်အာနန္ဒာအား မိန့်တော်မူ၏။ ထိုအခါရှင်အာနန္ဒာသည် မြတ်စွာဘုရား သေးငယ် အလွန်မည်ညာသော ကုသိနာရုံပြည်၌ပရိနိဗ္ဗာန် စံတော်မမူပါလင့်ဟု လျှောက်ထားလေ၏။ ချစ်သားအာနန္ဒာ ဤကုသိနာရုံသည် (၁၂) ယူဇနာကျယ်ဝန်းပြီး ရတနာတံတိုင်းဖြင့် ခြံရံအပ်သော မြို့ကြီးဖြစ်ခဲ့ဖူးပြီဟု အမိန့်ရှိကာ အတိတ်ဇာတ်လမ်းကို ဟောတော်မူ၏။

ဘုရားလောင်းသည် မဟာသုဒဿနစကြာ်မင်း ဖြစ်စဉ် ဤကုသိနာရုံပြည်၌ ကုသဝတီအစရှိသော (၈၄၀၀၀) သောမြို့တို့၌ စကြာ်မင်းဖြစ်ခဲ့ဖူးပါ၏။ ထိုအခါသုဘဒ္ဒါ မိဘုရားကြီးက ထိုမြို့များမှာအရှင်မင်းကြီး၏ ဥစ္စာတို့ပင်ဖြစ်ပါ၏။ ထိုဥစ္စာတို့ကို ငဲ့ပါဦးဟု လျှောက်ထား၏။

ဘုရားအလောင်းသည် ငါသည် 'ယနေ့စုတေတော့အံ့' ဟုဆိုလျှင် မိဘုရားကြီးနှင့်တကွ(၈၄၀၀၀)သော မောင်းမ, အမတ်အစရှိကုန်သော ပုဂ္ဂိုလ်အားလုံး ငိုကြလေ၏။ မငိုကြနှင့် ခပ်သိမ်းသောသင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏။ သင်တို့သည် ဒါန သီလတို့ကိုပြုကြ, ဆောက်တည်ကြကုန်လော့ဟု တရားဟောဆုံးမပြီး ဘုရားလောင်းသည် နတ်ပြည်သို့ လားတော်မူလေ၏။

ဤဇာတ်၌ သုဘဒ္ဒါမိဖုရားသည် ရာဟုလာမယ်တော်၊ သားကြီးရတနာသည် ရှင်ရာဟုလာ၊ ကြွင်းသောပရိသတ်တို့ သည် ဘုရားပရိတ်သတ်ဖြစ်ကြပြီး၊ မဟာသုဒဿန စကြာ်မင်းသည်ကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၅။ မဟာသုဒဿနဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ယခုအခါသေးငယ်သော မြို့ရွာများသည် ရှေးအခါက ကြီးကျယ်သော မင်းနေပြည်တော်၊ မြို့ပြများဖြစ်ပေလိမ့်မည်ဟု ထင်မှတ်ရကြောင်း၊ မဟာသုဒဿမင်းကြီးသည် စကြာရတနာပိုင်ရှင်ဖြစ်၍ တိုင်းပြည် စည်းစိမ်ကြီးမားကြောင်း၊ မိမိခန္ဓာကိုယ်နှင့် ရရှိထား သောစည်းစိမ်တို့သည် သခင်ရသဘောတရားကြောင့် အမြဲမတည်နိုင်ကြောင်း၊ လောကီစည်းစိမ်ချမ်းသာအားလုံးတို့သည် သခင်ရသဘောနှင့်မကင်း၍ ချမ်းသာ အစစ်မဟုတ်ကြောင်း၊ သခင်ရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်သာ ချမ်းသာ အစစ်ဖြစ်ကြောင်း၊ ရှေးသူကောင်းတို့သည် သေခါနီးအချိန်တွင် မိမိပိုင်ဆိုင်သည့် ပစ္စည်းများအပေါ် တွယ်တာမှုမရှိပုံ တို့ကို အတုယူရမည်ဖြစ်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၆။ တေလပတ္တဇာတ် အဓိပ္ပါယ် အကျဉ်းချုပ် (၉၆)

ဘုရားရှင်သည် ဤဇာတ်ကို သုမ္ဘတိုင်း သေဒကနိဂုံးကို အမှီပြု၍ တောအုပ်တစ်ခုဌိုင်နေလျှက် ဇနပဒလျာဏီသုတ် အကြောင်း၍ ဟောတော်မူ၏။ ဇ ပဒကလျာဏီဟူသည် အပြစ် (၆) ပါးမှ ကင်းပြီးကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော အမျိုးသမီးဖြစ်၏။ ကိုယ်ရောင်ဖြင့် (၁၂)တောင်ရှိသော အရပ်ဌလင်း၏။ ရွှေအဆင်းကဲ့သို့ ဝါဝင်း၏။ လက်ဖဝါး ခြေဖဝါ· နှုတ်ခမ်းများသည် နီသော သန္တာနှင့်တူ၏။ ရုပ်ရည်လှပ ချောမောသူဖြစ်၏။

ထိုဇနပဒကလျာဏီကို အနားမှာထားပြီး ဆီပြည့်သော ခွက်ကိုကိုင်လျက် ဆီဖိတ်ကျလျှင်အသတ်ခံရမည်ဟု သန်လျှက်မိုးသောယောကျ်ားရှေ့ကသွားနေ့သူသည် ဆီမှောက် မကျစေရန် သတိထားပြီးသယ်ဆောင်နေရသဖြင့် ဇနပဒကလျာဏီကို စောင့်၍ ကြည့်ခြင်းငှာမတတ်နိုင်သလို ထိုအသတ်ခံရမှာကြောက်သော ယောကျ်ားကဲ့သို့ ရုပ်နာမ်တို့ အပေါ်ဌိ အမြဲမပြတ်ရှုမှတ်သော

သတိတရားကို မသေခင် ဒလစပ်ရှုမှတ်သင့်လှပေ၏။

ဤသို့ ဇနပဒကလျာဏီကိုမကြည့်ဘဲ ဆီခွက်ကို သာကြည့်သွားနိုင်ခြင်းသည် မလွယ်ကူကြောင်းပြောကြားကာ အတိတ်ဇာတ်ကိုဟောတော်မူသည်။

ရှေးအခါက ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သားတစ်ထောင်တို့တွင် ညီအငယ်ဆုံးဖြစ်၏။ ပစ္စေကဗုဒ္ဓထံ ဆည်းကပ်ပြီးသူသည် ဤပြည်၌မင်းဖြစ်ခွင့်ရှိမရှိမေး၏။ ပစ္စေကဗုဒ္ဓါတို့က သင်သည် ဤပြည်၌ မင်းဖြစ်ခွင့်မရှိ ဤပြည်မှ ယူဇနာ(၁၈၀)ဝေးသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ (၇)ရက်မြောက်သောနေ့တွင် မင်းဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ဗာရာဏသီပြည်နှင့် တက္ကသိုလ်ပြည်ကား အဖြောင့်အားဖြင့်ယူဇနာ(၅၀)ဝေး၏။ ဘီလူးမတို့သည် ရှာ,ဇရပ် စသည်တို့ကို ဖန်ဆင်းပြီး အာရုံငါးပါးဖြင့်ဖြားယောင်း၍ စားတတ်ကြ၏။ ပရိတ်သဲ ပရိတ်ခြည်တို့ကိုယူပြီး သန်လျှက်ကိုင်ကာ ခရီးထွက်ခဲ့ပါ၏။

အချင်းယောက်ျားငါးဦး အဖော်ပါလာရာ အဆင်း ကြိုက်သောသူကို အဆင်းပြပြီးဘီလူးမတို့က ဖမ်းစားကြ၏။ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကြိုက်သောသူတို့အား သူတို့ကြိုက်သော အာရုံဖြင့် ဖြားယောင်းကာ ဘီလူးမတို့က စားပစ်လိုက်ကြ၏။

ထိုနောက် ဘုရားအလောင်းတစ်ပွါးတည်းကျန်ရာ ဘီလူးမက အမျိုးမျိုးဖြားယောင်းသော်လည်း မရချေ။ ဘုရားလောင်းကို ဖြားယောင်းလိုက်လာသောဘီလူးမသည် တက္ကသိုလ်ပြည်မှ-ရှင်ဘုရင်ကိုဖြားယောင်းပြီး ဘုရင်နှင့် တကွ နန်းတွင်းရှိသူ အားလုံးတို့ကို စားပစ်ကြပါ၏။

ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌(၇)ရက် အတွင်း ရှင်ဘုရင်ဖြစ်သွား၏။

ဤဇာတ်၌ မင်းပရိတ်သတ်သည် ဘုရားပရိတ်သတ် ဖြစ်ပြီး

မင်းအဖြစ်သို့ရောက်သောမင်းသားသည်ကား ဘုရား ရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(၆) တေလပတ္တဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုလိုက်စားလျှင် အသက်သေ၍ သံသရာ၌ အဖန်တလဲလဲကျင်လည်ရမည်ဖြစ်ကြောင်း၊ ထိုအာရုံငါးပါးကို မလိုက်စားဘဲ သတိတရားလက်ကိုင်ပြုပြီး ကျင့်သုံးသွား ပါက မင်းစည်းစိမ်ပင်ရနိုင်ကြောင်း၊ ဆီပြည့်ခွက်ကို သတိထားပြီး ကိုင်ဆောင်သောယောကျ်ားကဲ့သို့ အခြားသို့ စိတ်မပျံ့စေဘဲ စုးစိုက်တည်ငြိမ်စွာသတိပဋ္ဌာန်တရားကို ရှုမှတ်နိုင်ပါက နိဗ္ဗာန်သို့ပင်ရောက်နိုင်ကြောင်းစသော သင်ခန်းစာတို့ကိုရရှိပါသည်။

၇။ နာမသိဒ္ဓိဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် နာမည်ဖြင့်ပြီးခြင်းကိုအလိုရှိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤနာမသိဒ္ဓိကို ဟောတော်မူ၏။ ရဟန်း၏အမည်ကား ပါပကဟုခေါ်၏။ ငါ့ရှင်ငယုတ်မာလာလော့၊ ရပ်လော့ဟုဆိုသော် ထိုရဟန်းသည် ဆရာဥပဇ္ဈာယ်ထံသွားပြီး သူ့ကို နာမည် ပြောင်းပေးရန် တောင်းပန်ပါ၏။

ဆရာဥပဇ္ဈာယ်တို့က နာမည်ဟူသည် ပညတ်မျှသာ ဖြစ်၏။ မိမိနာမည်ဖြင့် ကျေးနှပ်ရန်ပြော၏။ဘုရားရှင်ကြား တော်မူသော် ဤရဟန်းသည် နာမည်ဖြင့်ပြီးခြင်းကိုအလိုရှိ ခြင်းသည် ယခုဘဝ၌သာမဟုတ်။ ရှေးဘဝကလည်း အလိုရှိ ဖူးသည်သာတည်းဟု အတိတ်ကိုဟောတော်မူ၏။

ရှေးအခါကဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်ငါးရာတို့အား ဗေဒင်သင်ပေး၏။ ထိုအခါငယုတ်မာမည်သောတပည့်သည် မိမိနာမည်ကို မဂ်လာမရှိဟုမနှစ်သက်၍ ဆရာအား မဂ်လာ ရှိသောနာမည်ကို ပေးရန်

ပြောစ၏။ ဆရာကဇနပုဒ်သို့ လှည့်လည်၍ လိုချင်သောနာမည်ကို ယူလော့ဟုဆိုလေ၏။

လုလင်သည်တစ်ရွာမှ တစ်ရွာသို့လှည့်လည်သော် ရွာအသီးသီး၌ ငေသက်ရှည်မည်သူသေသည်ကိုလည်းကောင်း သူဌေးမဆိုသူကျွန်မသည် ဆင်းရဲနေသည်ကိုလည်းကောင်း၊ ငခရီးမည်သူ ခရီးသွားမှားနေသည်ကိုလည်းကောင်း တွေ့ရှိရ သဖြင့် နာမည်၌ လျစ်လျူရှုသည်ဖြစ်၏။

လုလင်သည် ဆရာထံပြန်လာပြီး ထိုအကြောင်းစုံကို လျှောက်၏။ နာမည်သည် ပညတ်မျှသာဖြစ်ပုံကိုသိရပါပြီ။ နာမည်သည်လိုရင်းမဟုတ်ပါ၊ ကံသာလျှင် ကောင်း၊ မကောင်းကို ပြီးစီးနိုင်သည်ဟု ဆရာကပြောပါသည်။

ဤဇာတ်၌ငယုတ်မာမည်သောလုလင်သည် ငယုတ် မာမည်သောရဟန်း၊ ဒီသာပါမောက္ခဆရာ၏ပရိတ်သတ်သည် ဘုရားပရိတ်သတ်ဖြစ်ပြီး ဒီသာပါမောက္ခဆရာကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၇။ နာမသိဒ္ဓိဇာတ်မှ ရရှိသောသင်ခန်းများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် လောက၌နာမည်သည် ကြီးပွားချမ်းသားခြင်း ဆင်းရဲခြင်း၏ အကြောင်းမဟုတ်၊ ပညတ်မျှသာဖြစ်၍ အစွဲအလမ်းမထားသင့်ကြောင်း ၊ နာမည်သည်ခေါ်ရုံမျှသာဖြစ်၍ အယုတ်အမြတ်မခွဲခြားသင့်ကြောင်း၊ ကြီးပွားချမ်းသာခြင်း၊ ဆင်းရဲခြင်း၏ အကြောင်းရင်းကား မိမိပြုအပ်သော ကံသာလျှင်ဖြစ်ကြောင်း၊ မကောင်းသောကံကို ကောင်းအောင် ပြုပြင်လျှင် ကြီးပွားချမ်းသာမည်သာဖြစ်ကြောင်း စသောသင်ခန်းစာများ ကိုရရှိပါသည်။

၈။ ကုဋ္ဌဝါဏိဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၉၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် စဉ်းလဲသောကုန်သည်တစ်ယောက်ကို အကြောင်းပြု၍ ဤဇာတ်ကော်ကို

ဟောတော်မူ၏။

သာဝတ္ထိပြည်၌ လူနှစ်ယောက်တို့သည် ပူးပေါင်းကုန်သွယ်မှုပြုကြ၏။ စဉ်းလဲသောကုန်သည်သည် နှစ်စုကို မိမိပယူ၍ တစ်စုကို ထိုသူသေလျှင် ထိုသူ၏မယားအားပေးအံ့၊ ဤသို့ ကြံပြီးရလာသော ဥစ္စာကို နေ့ရွှေ့ရက်ပြီး မခွဲဝေဘဲနေလေ၏။

ပညာရှိကုန်သည်သည် စဉ်းလဲသောကုန်သည်ကို နှိပ်စက်ပြီးဥစ္စာကိုအဝေခိုင်း၏။ ထိုစဉ်လဲသောကုန်သည်၏ အကြောင်းကို ဘုရားရှင်အားလျှောက်ထား၏။ ဘုရားရှင်သည် အတိတ်ဇာတ်ကိုဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်၌ပဏ္ဍိတနှင့် အတိပဏ္ဍိတမည်သောလူနှစ်ယောက်တို့သည် အတူတွဲ၍ ကုန်ရောင်းကြ၏။ ကုန်ရောင်းပြီး ရလာသောဥစ္စာကို အတိပဏ္ဍိတက နှစ်စုရသင့်သည်။ ကဏ္ဍိတကားတစ်စုသာ ရသင့်သည်ဟု ဆုံးဖြတ်၏။

ပဏ္ဍိတကုန်သည် သင်္ကာအဘယ်ကြောင့် နှစ်စုရသင့်သနည်းဟုမေး၏။ ငါသည် အတိပဏ္ဍိတဖြစ်၍ နှစ်စု ရသင့်၏။ မကျေနပ်လျှင်ရက္ခစိုးနတ်ကို မေးမည်ဟုခေါ်သွား၏။ အတိပဏ္ဍိတသည်သူ့အဖေကိုသစ်ခေါင်းထဲ ဝင်စေပြီး အတိပဏ္ဍိတအား နှစ်စုပေးသင့်သည်ဟု အသံဖျက် ၍ပြော၏။ ထိုအခါဘုရားလောင်းသည် ကောက်ရိုးကို သစ်ခေါင်းထဲသွင်းပြီး မီးနှင့်ရှို့သော်သစ်ကိုင်းမှ ဆင်းလာပြီး ပဏ္ဍိတသည်ကောင်း၏။အတိပဏ္ဍိတသည် မကောင်းဟုဆို၏ ထိုအခါသူတို့နှစ်ဦးသည် ဥစ္စာကိုထက်ဝက်ခွဲ၍ ယူကြလေ၏။

ဤဇာတ်၌ စဉ်းလဲသောကုန်သည်သည် စဉ်းလဲသောကုန်သည်သာဖြစ်ပြီး၊ ပညာရှိကုန်သည်မှာမူ ဘုရားရှင် ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါ၏သည်။

၈။ ကုဋ္ဌဝါဏိဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် နှစ်ဦးပေါင်းစပ်၍ စီးပွား ရေးလုပ်

ရာဒ္ဓ ဧကာဂ်ကျစ်စဉ်းလဲသူကို သ့တီသား၍ ရှောင်ရှားရမည် ဖြစ်ကြောင်းစဉ်းလဲသူကို ယုံပြီးပုံအပ်လိုက် ပါကခံသွားရမည်သာ ဖြစ်ကြောင်း၊ အဂတိလိုက်ပြီး အမှုကို ဆုံးဖြတ်ပါက တစ်နေ့ အလိမ်ပေါ်ပြီး အရှက်ကွဲရမည်သာ ဖြစ်ကြောင်း၊ နာမည်ကောင်းခြင်းထက် ပညာရှိ စိတ်ကောင်း ရှိဖို့က ပိုအရေးကြီးကြောင်း နာမည်ကောင်းပြီး ပညာမရှိ စိတ်ကောင်းမရှိလျှင် ဘာမျှတန်ဖိုးမရှိပါကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၉။ ပရောသဟသဏတ်အဓိပ္ပါယ်အကျဉ်းချုပ် (၉၉)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဥဒီစ္စပုဏ္ဏားမျိုးဌာပြစ်၏။ ပညာကဲပြီး ရသေ့ ဝတ်ကာ အခြံအရံ တပည့်ရသေ့ငါးရာနှင့်အတူ ဟိမဝန္တာဌာ နေ၏။ ထိုအခါ ဘုရားလောင်းစုတောခါနီးဌာ တပည့်များက အဘယ်တရား ထူးများရသနည်းဟု မေးကြရာ နိတ္ထိကိဌ-ဘာမှမရှိ၊ ဘာတရားမှ မရဟု အဓိပ္ပါယ်ကောက်ကာ ဆရာကြီးကို ပူဇော်ခြင်းမပြုကြချေ။

ရှင်သာရိပုတ္တရာလောင်းတပည့် ရသေ့ကြီးပြန်ရောက်၍ ဆရာရသေ့ကြီးစုတောကြောင်းသိရလျှင် နိတ္ထိကိဌိ- ဟူသည် အာကိဉ္စညာယတနသမာပတ်ကို ရ၏ဟုဆိုလိုကြောင်း အကျယ် အားဖြင့် တပည့်တို့အား ဟောခဲ့၏။ ဤဇာတ်ဌ တပည့်ကြီးသည် ရှင်သာရိပုတ္တရာ၊ ဗြဟ္မာကြီးသည်ကားဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ် ပေါင်းပါသည်။

၉။ ပရောသဟသဏတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ဒုတိယအာရုပ္ပဝိညာဉ်၏မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ နတ္ထိကိဌိဟု ပွားများသူသည် အာကိဉ္စညာယတနစျာန်ကို ရနိုင်ကြောင်း ဆရာပြောဆိုသော စကား၏ အဓိပ္ပါယ်ကို မသိနားမလည်ခြင်းသည် တပည့်မှာ အသိပညာ အားနည်းမှုရှိနေကြောင်း၊ ပညာမရှိသောလူတစ်ယောက်ထက် ပညာရှိသောလူတစ်ယောက်က ပိုရှိသာလွန် မြင့်မြတ်ကြောင်း စသောသင်ခန်းစာတို့ကိုရရှိပါသည်။

၁၀။ အသာတရူပဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၀)

ဘုရားရှင်သည် ကုဏ္ဍိယမြို့ကိုမှီ၍ ကုဏ္ဍာဓာနတော အုပ်ဌေနေစဉ် သုပ္ပဝါသာသီတင်းသည်မကို အကြောင်းပြု၍ ဟောတော်မူ၏။ သုပ္ပဝါသာသည် ရှင်သီဝလိလောင်းကို (၇)နှစ်လွယ်ပြီး (၇)ရက်တိုင်တိုင် မွေးရ၏။ ကလေးမွေးပြီး (၇)ရက်လုံးလုံး ဘုရားအမှူးရှိ သော သံဃာတော်များကို ဆွမ်းကျွေး၏။

ရှင်သီဝလိသည် (၇)နှစ်သားအရွယ်တွင် သာသနာ့ဘောင်ဝင်ခဲ့၏။ ရှင်သီဝလိကို (၇)နှစ်လွယ်ပြီး (၇)ရက်မေးခဲ့ ရခြင်း၏ အကြောင်းရင်းကား ရှေးဘဝ အကုသိုလ်ကံကြောင့် ဖြစ်ရပါသည်ဟု ဘုရားရှင်က ဆက်၍ဟောကြားတော်မူသည်။

ရှေးအခါက ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းကြီး၏ သားဖြစ်ခဲ့၏။ ခမည်းတော်နတ်ရွာစံလျှင် ဘုရားလောင်းသည် မင်းပြု၏။ ထိုအခါ ကောသလမင်းသည် ဘုရားလောင်းကိုသတ်ပြီး သူ့မိဖုရားကြီးကိုဆက်၍ မိဖုရားမြှောက်၏။ ဘုရားလောင်း၏ သားတော်သည် ရေပြွန်ပေါက်မှ ထွက်ပြေးပြီး ဗိုလ်ပါများစုကာ ဗာရာဏသီကိုတိုဝင်ယူဖို့ ကြံစား၏။

ထိုအခါ မိခင်မိဖုရားကြီးက စစ်တိုက်ပြီး နန်းတော်ကို မယူနှင့် (၇)ရက်တိုင်တိုင် မြို့ကိုပိတ်၊ လူတွေ အသွားအလာ ဖြတ်တောက်ပြီး မြို့ကိုသိမ်းယူရန် သားထံ သတင်းစကား ပို့လိုက်၏။ မင်းသားသည်မယ်တော်ပြောစကားအတိုင်း မြို့ကိုပိတ်ဆို့ပြီး အစာရေစာဖြတ်တောက်သောနည်းဖြင့် တိုက်ရာ ပြည်သူတို့သည် မသွားလာရသဖြင့် ကောသလမင်း၏ ဦးခေါင်းကိုဖြတ်၍ မင်းသားထံ ပို့ကြ၏။ မင်းသားသည် မြို့တွင်းသို့ဝင်၍ မင်းပြုလေ၏။

မြို့ကိုပိတ်ဆို့ပြီး စစ်တိုက်ခိုင်းသော ဝစီကံကြောင့် မိဖုရားကြီးသည် သုပ္ပဝါသာဘဝဖြစ်သော် ကိုယ်ဝန်ကို (၇)နှစ်လွယ်ပြီး (၇)ရက် မွေးရသော မကောင်းကျိုးကို ခံစားရ၏။

ဤဇာတ်၌ မြို့ကိုပိတ်ဆို့သောမင်းသားသည် ရှင်သီဝလိ၊

မင်းသား၏မယ်တော်သည် သုပ္ပဝါသာဖြစ်ပြီး ဖခင်ဗာရာဏသီမင်း သည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၁၀။ အသာတရူပဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် အကုသိုလ်ကံများကို ကိုယ်တိုင်မပြုသော်လည်း တိုက်တွန်းသောဝစီကံကြောင့် ဆိုးကျိုးပေးနိုင်ကြောင်း၊ အတိတ်၌ပြုလုပ်အပ်သော အကုသိုလ်ကံသည် တစ်ချိန်၌ ဝင့်ကြွေးဆပ်ရမည်ကို သိရှိသဖြင့် မကောင်းမှုရှောင်ကြဉ်ရန်ဖြစ်ကြောင်း၊ ဝေဒနာခံစားရာ၌ ဘုရားအစ ရှိသော ရတနာသုံးပါးတို့၏ဂုဏ်တော်ကို အာရုံပြုနေလျှင် ဝေဒနာ သက်သာနိုင်ကြောင်း၊ မကောင်းသောအမှုကို သူ တစ်ပါးတိုက်တွန်း၍ ပြုလုပ်လျှင်လည်း ပြုလုပ်သောသူမှာ မကောင်းသော အကျိုးပေးခြင်းကို ခံရမည်သာဖြစ်ကြောင်း၊ ဆင်းရဲအစစ်ဖြစ်ပါလျက် ချမ်းသာဟု မှတ်ထင်သောသူအား မိမိကိုပြန်၍ နှိပ်စက် တတ်ကြောင်း သင်ခန်းစာများကို ရရှိပါသည်။

ပရောသတဇာတ် (၁၀၁)သည် ပရောသဟသဇာတ်နှင့်တူသည်။

၂။ ပဏ္ဏိကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၂)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ရက္ခစိုးနတ်ဖြစ်၏။ ထိုအခါ ဗာရာ ဏသီပြည်၌ ဟင်းရွက်ရောင်းစားသော သီတင်းသည်မှာ လှပယဉ်ကျေး သိမ်မွေ့သောသမီး (၁)ယောက်ရှိ၏။ အရွယ် ရောက်သော် အမျိုးတူသူတို့ကလာတောင်းကြ၏။ ဖခင်သည် သူ့သမီးကိုယ်ကျင့်ကောင်း၊ မကောင်းစုံစမ်းလို၍ တောသို့ခေါ်ပြီး ချစ်ကြိုက်ပုံကိုပြောဆိုကာ လက်ကိုဆွဲ၏။ သမီးသည် အဘ ဤသို့ မပြုလုပ်ပါနှင့်ဟု ဆိုပြီး ငိုကြွေးလေ၏။ ထိုအခါ ဖခင်သည် သမီး၏ ကိုယ်ကျင့်တရားကို သိရ၍ အိမ်သို့ခေါ်လျက် မင်္ဂလာဆောင်ပြီး လင်အိမ်သို့ ထည့်လိုက်ပါ၏။

ဘုရားရှင်သည် သစ္စာတရားဟောတော်မူသည်၏အဆုံး၌

သီတင်းသည်သည် သောတာပတ္တိဖိုလ်တည်၏။

ဤဇာတ်၌ အဘသည် အဘ၊ သမီးသည် သမီးဖြစ်ပြီး ရက္ခစိုးနတ်သည်ကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် ဟင်းရွက်ရောင်း၍ အသက်မွေးသော သီတင်းသည်တစ်ဦးကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် အတိတ် နှင့်တူသည်သာ။)

၂။ ပဏ္ဍိကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အမျိုးသမီးများသည် ရပ်ရည်အဆင်းလှပခြင်းထက် ကိုယ်ကျင့်တရားသည် ပို၍တန် ဖိုးရှိကြောင်း၊ မိန်းမတို့ဂုဏ်ရှေ့ရေး၍မရဆိုသကဲ့သို့ အမျိုးသမီးများ၏ဂုဏ်သည် တည်တည်တံ့တံ့မျက်နှာအမူ အရာရှိသင့်ကြောင်း၊ မိဘများသည် သားသမီးများကို လိမ္မာ ယဉ်ကျေးအောင်ဆုံးမပြီးမှ အိမ်ထောင်ပြုစေသင့်ကြောင်း၊ ကိုယ်ကျင့်မကောင်းသောသမီးများ အိမ်ထောင်ပြုလျှင် မိဘများက ဒုက္ခတွေ့ရတတ်ကြောင်း စသော သင်ခန်းစာများကို ရရှိပါသည်။

၃။ ဝေရီဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၃)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။ အနာထပိဏ်သူဌေးသည် ပိုင်စားရသောရွာမှ လှည်းဖြင့် ပြန်လာရာ ခရီးကြာ၌ ခိုးသူတို့ကို မြင်၍လမ်းခရီးကြား၌ မနေမနားတော့ဘဲ မိမိအိမ်သို့ ပြန်လာ၏။

နောက်တစ်နေ့၌ ဘုရားရှင်ထံသွားပြီး လမ်းခရီး၌ ဖြစ်ပျက်ပုံကိုဘုရားရှင်အားလျှောက်ထားရာ ရှေး၌လည်း ပညာရှိများ ခိုးသူကိုမြင်ပြီး ခရီးကြား၌ မနားဘဲပြန်ခဲ့သဖြင့် လုယက်မခံရဟု မိန့်တော်မူပြီး အတိတ်ဇာတ်ကိုဟောတော် မူသည်။

ရေးအခါက ဗာရာဏာပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းဗာရာဏသီသူဌေးသည် ပင့်ဖိတ်သော ထမင်းကိုစားသုံးရန် ရွာငယ်တစ်ရွာသို့သွား၏။ ပြန်လာသော် ခရီးအကြာ၌ ခိုးသူတို့ကို မြင်လျှင် ခရီးအကြာ၌ မနေဘဲ နှားတို့ကိုနှင်၍ မိမိအိမ်သို့ အရောက်ပြန်ခဲ့၏။ သူသည် ခိုးသူတို့မှလွတ်၍ ဝမ်းမြောက်ဖွယ် ဥဒါန်းစကားကို ကျူးရင့်လေ၏။

ဤဇာတ်၌ဗာရာဏသီသူဌေးသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၃။ ဝေရိဇာတ်မှ ရရှိသောသင်ခန်းစာများ

အရိပ်ပြအကောင်ထင်ရန်၊ လာမည့်ဘေး အဝေးကရှောင်ရန်၊ သွားသတိ၊ လာသတိဆိုသကဲ့သို့ ရန်သူနှင့်တွေ့ကြုံလာလျှင် ဖြည်းဖြည်းသာသာမသွားလာဘဲ လျှင်လျှင်မြန်မြန် သွားလာသင့်ကြောင်း၊ ခရီးသွားလျှင် သတိဝီရိယရှေ့ထား၍ သွားလာသင့်ပါကြောင်း၊ ရန်သူရှိသောနေရာ၌ တစ်ရက် နှစ်ရက်သော်မျှ ပညာရှိများ မနေသင့်ပါကြောင့် စသော သင်ခန်းစာများကို ရရှိပါသည်။

၄။ မိတ္တဝိန္ဒကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် အပြောအဆိုခက်သောရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟောကြား၏။

ဤဇာတ်သည် ကဿပဘုရားလက်ထက်၌ဖြစ်၏။ ထိုအခါ သင်တုန်းစက်ကိုရွက်၍ ငရဲခံရသောမိတ္တဝိန္ဒကသည် ကျွန်ပ်အဘယ်မကောင်းမှုကို ပြုခဲ့သနည်းဟုမေး၏။ ဘုရားလောင်းနတ်သားက "(၃၂)ဦးသော ဝေမာနိုက ပြိတ္တာမတို့ကို ရခဲ့ပြီး အလွန်အလိုကြီးသောကြောင့် ဤသင်ဓုန်းစက်ကို ရွက်၍ ဆင်းရဲခံရ၏"ဟု ဆိုလေ၏။

ဤဇာတ်၌ အပြောအဆိုခက်သောရဟန်းသည် မိတ္တဝိန္ဒကဖြစ်ပြီး နတ်သားသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါ

သည်။

၄။ မိတ္တာဝိနှကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် အလိုလောဘကြီးလျှင် ပြိတ္တာဘုံသို့လားရောက်ရကြောင်း၊ လွန်ကဲသောလောဘ မဖြစ်စေရန် တရားသဖြင့် နေထိုင်သင့်ကြောင်း စသောသင်ခန်းစာတို့ကို ရရှိပါသည်။

၅။ ဒုဗ္ဗလကဋ္ဌဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၅)

ဘုရားရှင်သည် ဇေတဝန်ဥယျာဉ်နေစဉ် ထိတ်လန့်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။ ထိုရဟန်းသည် သာဝတ္ထိပြည်နေ အမျိုးသားဖြစ်၏။ သာသနာဘောင်ဝင်ပြီး ရဟန်းဝတ်နေသော်လည်း လေပြင်းတိုက်ခြင်း၊ သစ်ခက်ခြောက်ကျိုးသံ၊ ငှက် ဆင် ကျား မြွေစသော သတ္တဝါများကို အလွန်ကြောက်လန့်သူဖြစ်၏။

ငါသည်သေရလိမ့်မည်၊ ငါသည် သေခြင်းတရားကို မလွန်ဆန်နိုင်ပါတကားဟု မဆင်ခြင်၍သာ ကြောက်နေ၏။ သေခြင်းတရားဆင်ခြင်ပေးရန် သံဃာများက ပြောသော်လည်း ကြောက်မြဲကြောက်နေ၏။ ထိုရဟန်းအကြောင်းကို ဘုရားရှင်သိတော်မူသဖြင့် ရှေးကလည်းဤရဟန်းကြောက် တတ်သည်သာဖြစ်၏ဟု အတိတ်ဇာတ်ကိုဟောတော်မူ၏။

ရေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ရက္ခစိုးနတ်ဖြစ်၏။ ဗာရာဏသီမင်း၏ မဂ်လာဆင်တော်ကိုစစ်မြေပြင်၌ မကြောက်စေရန် ဆင်ဆရာတို့ကခွန်းစသည်နှင့်ဆုံးမပြီး လေ့ကျင့်ခိုင်း၏။ ဆင်သည်ဒဏ်ရာကိုသည်းမခံနိုင်သဖြင့် ဆင်ချည်တိုင်ချိုးပြီး ဟိမဝန္တတောသို့ ထွက်ပြေးခဲ့၏။

ရက္ခစိုးနတ်ကြီးသည် ဆင်ကိုမြင်လျှင် ဤဟောင်း သင်သည်ဘုံးရန်မရှိ၊ မကြောက်နှင့်ဟု ဆင်အားဆုံးမ၏။ ထိုဆင်သည်

ထိုနေ့မှစ၍ကြောက်လန့်ခြင်းမရှိတော့ပေ။ ဘုရားရှင်တရားပြ၍ ကြောက်တတ်သော်ရဟန်းသည် သောတာပန်တည်လေ၏။

ဤဇာတ်၌ ဆင်သည်ရဟန်းဖြစ်ပြီး ရက္ခစိုးနတ်သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်းဇာတ်ပေါင်းပါသည်။

၅။ ဒုဗ္ဗလကဋ္ဌဇာတ်မှ ရရှိသောသင်ခန်းစာများ

မထိန့်လန့်သင့်သောအရာ၌ ထိန့်လန့်ခြင်းသည် သေဘေးမှ ကြောက်တတ်သောကြောင့်ဖြစ်ကြောင်း၊ သေဘေးမှ ကြောက်တတ်သူများသည် နေ့စဉ် မရဏာသတိ ကမ္မဋ္ဌာန်းကို ပွားများပြီး နေသင့်ကြောင်းစသော သင်ခန်းစာ တို့ကို ရရှိပါသည်။

၆။ ဥဒဋ္ဌနိဇာတ် အဓိပ္ပါယ် အကျဉ်းချုပ် (၁၀၆)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် သားနှင့်အတူရသေ့ဝတ်၍ တရားအားထုတ်နေ၏။ တစ်နေ့သ၌ သားရသေ့ငယ်အား မိန်းမတစ်ယောက်သည် ဖြားယောင်းပြီး ဖျက်ဆီးလေ၏။ တားမြစ်မရသဖြင့် ဖခင်ရသေ့ကြီးသည် ရသေ့ငယ်ကို အမျိုးသမီးနောက် ထည့်လိုက်ရ၏။

အမဲကိုယူခဲ့လော၊ ငါးကိုယူခဲ့လော၊ ရေကိုယူခဲ့လော စသည်ဖြင့် အမျိုးမျိုးခိုင်းရာ ရသေ့ငယ်သည်စိတ်ပျက်ပြီး ဘုရားလောင်းဖခင်ရသေ့ထံ ပြန်လာပြီး ဗြဟ္မဝိဟာရတရား လေးပါးတို့ကို ပွားများအားထုတ်လျက် ဗြဟ္မာပြည်သို့ လားလေ၏။ ဦးဇွေသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည် လေ၏။

ဤဇာတ်၌ အပျိုကြီးသည် အပျိုကြီး၊ ရသေ့ငယ်သည် ဦးဇွေသော ရဟန်းဖြစ်ပြီး ဖခင်ရသေ့သည်ကား ဘုရားရှင် ဖြစ်ခဲ့ကြောင်းဖြစ်ပေါင်းပါသည်။

၆။ ဥဒဋ္ဌနိဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် 'ယရာဝါသ သမ္ဘာဝဟု၊ ကိုယ့်များမြောင်၊ လူတို့ဘောင်'ဆိုသည့်အတိုင်း အိမ်ရာတည် ထောင်ခြင်း အမှုသည် ကိုလေသာအနှောင်အိမ်တွင် နေရသဖြင့် ကြပ်တည်း

ကျဉ်းမြောင်းကြောင်း၊ လူတို့ဘောင်သည် ပြုဖွယ်ကိစ္စများကြောင်း၊ မိဘမေတ္တာသည် အလွန်တရာမှ အေးမြကြောင်း၊ မလိမ္မာသော သားသမီးများကို စိတ်ရှည်ရှည် ထားပြီး ဆုံးမခြင်းဖြင့် မိဘရော သားသမီးပါ ချမ်းသာမှုကို ရစေနိုင်ကြောင်းသင်ခန်းစာများကို ရရှိပါသည်။

၇။ သာလိတ္တကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၇)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် ပညာရှိအမတ်ဖြစ်ခဲ့၏။ ထိုမင်းမှာ အလွန်စကားများသော ပရောဟိတ်ပုဏ္ဏားတစ်ဦးရှိ၏။ ကျောက်စရစ်ခဲပစ်သော အတတ်ကို တတ်သောငဆွံ့ကို ဆိတ်ချေးများပေးပြီး ပုရောဟိတ်ပုဏ္ဏားထိုင်နေကြနေရာနှင့် တန်းတန်း တင်းတိမ်၌ အပေါက်ဖောက်ထား၏။ ငဆွံ့သည် ပုရောဟိတ် ပုဏ္ဏားစကားပြောလျှင် ဆိတ်ချေးအခြောက် များနှင့် ပါးစပ်ထဲသို့ ပစ်သွင်း၏။

ဆိတ်ချေးတစ်ကွမ်းစာကုန်မှရပ်ပြီး ပုရောဟိတ် ပုဏ္ဏားသည် လည်း ထိုနေ့မှစ၍ စကားအလွန်မပြောဘဲ မိမိစိတ်ကို ဆုံးမလေ၏။

မင်းကြီးသည် ငဆွံ့အား အခွန်ဟစ်သိန်းထွက်သော ရွာလေးရွာကိုဆုကျော်အဖြစ်ပေးသနား၏။ ထိုအခါ ဘုရား လောင်းအမတ်သည် မင်းကြီးအားလောကၨ၌ အတတ်မည် သည်ကို သင်ထားသင့်၏ဟု လျှောက်၏။ ငဆွံ့သည် ဘာမှ တန်ဖိုးမရှိလှသည့် ကျောက်စရစ်အတတ်ဖြင့်ပင် စည်းစိမ်ကို ရစေနိုင်၏။

ဤဇာတ်၌သူဆွံ့သည် ကျောက်စရစ်ပစ်သော ရဟန်းမင်းသည် ရှင်အာနန္ဒာ၊ ပညာရှိအမတ်သည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၈။ သာလိတ္တကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အသက်မွေးဝမ်းအတတ် ပညာတစ်ခုခုကို တတ်ထားသင့်ကြောင်း၊ ပညာရပ်တိုင်း၌ သူ့နေရာနှင့်သူ့ အသုံးချတတ်လျှင် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးတရားကို

ရရှိခံစားနိုင်ကြောင်း၊ လောကဌ် အတတ် ပညာအမျိုးမျိုးကို တတ်အောင်သင်ထားသင့်ကြောင်းစသော သင်ခန်းစာများကို ရရှိပါသည်။

၈။ ဗာဟိယဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၈)

ရှေးအခါက ဗာရာဏသီပြည်ဌ် ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏အမတ်ဖြစ်၏။ ထိုအခါ တော သူမိန်းမတစ်ဦးသည် ကျင်ကြီးကိုစွန့်ရာ ဂစ်ခဏချင်းပြီး သွားသည်ကို နန်းတော်လေသာပြူတင်းမှ မြင်ရ၏။ ဤမိန်းမသည်ရောဂါကင်း၏။ ဤမိန်းမ၏ သားအိမ်သည် သန့်ရှင်း၏။ မိဖုရားပြုရလျှင် ကောင်းမည်ဟု စိတ်ကူးပြီး လင်ယောကျ်ားမရှိကြောင်း သိသောအခါ နန်းတော်သို့ ခေါ်ပြီး မိဖုရားမြှောက်၏။

မကြာမီမှာပင် မိဖုရားမှ စကြာဝဠာမင်းလောင်း တစ်ပါးကို ဖွားမြင်လေ၏။ ဘုရားလောင်းသည် မင်းကြီးကို သင်ထားသင့်သော အတတ်ပညာကိုသင်ထားသင့်၏။ တောသူသည် အရက်အကြောက် ဖုံးလွှမ်းကာ လျင်မြန်စွာ ကိုယ်လက်သုတ်သင်မှုကြောင့် မင်းမြတ်နိုးသော မိဖုရားဖြစ် ရသည်ဟု ချီးမွမ်းတော်မူ၏။

ဤဇာတ်ဌ် လင်မယားတို့သည် လူင်မယားများဖြစ်ပြီး ပညာရှိအမတ်သည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းသည်။

၈။ ဗာဟိယဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် အမျိုးသမီးတစ်ဦး၏ အရည်အချင်းမှာ ပိန်ခြင်း၊ ဝခြင်း၊ မလှခြင်းတို့သည် အဓိကမဟုတ်၊ အရက်အကြောက်သာ အဓိကကျကြောင်း၊ အရက်အကြောက်ရှိသောမိန်းမသည် လင်ကောင်းရရှိပြီး သားကောင်းရတနာ ထွန်းကားနိုင်ကြောင်း၊ အရက်အကြောက် ကိုတန်ဖိုးထားပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မွန်မြတ်သည့် အတတ်ပညာတစ်ရပ်ဖြစ်ကြောင်း၊ တတ်သင့်တတ်ထိုက်သော အတတ်ပညာကို

မည်သူမဆို တတ်သင့် သင်သင့်ပါကြောင်း သင်ခန်းစာများကို ရရှိပါသည်။

၉။ ကုဏ္ဍကပူဝဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၀၉)

ဘုရားရှင်သည် ဇေတဝန်ကျောင်းဌိုနေစဉ် မဟာဒုက်ကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။ သာဝတ္ထိပြည် သားများသည် ဘုရားအမှူးရှိသော သံဃာများအား နှစ်ဦး သုံးဦးစုပေါင်း၍ ဆွမ်းကပ်ခြင်း၊ ရံခါအဖွဲ့ဖွဲ့၍ ရံခါ တစ်မြို့ လုံးစုပေါင်း ဆွမ်းကပ်ခြင်းစသည်တို့ကို ပြုလေ့ရှိ၏။

ထိုအခါ ဆင်းရဲသား မဟာဒုက်သည် ဆန်ကွဲကို ဆောင်၍ ရေဖြင့်ဆွတ်ကာ မရိုးရွက်ဖြင့်ထုတ်၍ပြာပူ၌ ဖုတ်ထားသောမုန့်ကို သူများအလျင်ဦးစွာ ဘုရားရှင်၏သပိတ်တော်၌ လောင်းလှူလိုက်၏။ ဘုရားရှင်သည် သူတစ်ပါးတို့၏ဆွမ်းကိုအလှူမခံဘဲ မဟာဒုက်၏ဆွမ်းကိုသာ အလှူခံ တော်မူ၏။ ထိုဆန်ကွဲဆွမ်းကို စက်ဆုတ်တော်မမူဘဲ ဘုန်းပေးတော်မူ၏။

ဘုရားရှင်သည် မဟာဒုက်၏ဆွမ်းကို နတ်သဓာဘုတ် ကဲ့သို့ အားရစွာ ဘုန်းပေးသောသတင်းသည် တစ်မြို့လုံး ပျံ့နှံ့သွား၏။ မဟာဒုက်၏အလှူကို အမျှပေးဝေသောအခါ ရွှေ (၉)ကုဋေတို့ကို စုပေါင်းပြီးပေးကြကုန်၏။ မင်းကြီးသည် မဟာဒုက်အား သူ့ဌေးရာထူးဖြင့် ချီးမြှောက်ခဲ့ကြောင်းသတင်းကို ဘုရားရှင်သိတော်မူပြီး အတိတ်ဇာတ်ကိုဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကြက်ဆူပင်စောင့်နတ်ဖြစ်၏။ ဆင်းရဲသား တစ်ယောက်သည် ကြက်ဆူပင်စောင့်နတ်သား အား ပူဇော်လေ၏။ ကြက်ဆူပင်စောင့်နတ်သည် ဆန်ကွဲမုန့်မှ သြဇာကိုစား၍ အိုယောက်ျား သင်သည် ငါ့ကို အဘယ့်ကြောင့် ပူဇော်သနည်းဟု မေး၏။ ဆင်းရဲ၍ သင်နတ် မင်းအား ပူဇော်ကြောင်း ပြောပြ၏။ သင့်ကိုကျေးဇူးသော အနေအားဖြင့် ငါနေသော ကြက်ဆူပင်ကိုရံ၍

ရွှေအိုးများသည် နခမ်းလည်ခြင်း ထိစပ်နေကုန်၏။ ၄င်းတို့ကိုတူးယူပြီး မင်းအားလျှောက်ထားကာ လှည်းဖြင့်တိုက်ယူလေဟု ပြောလေ၏။

ထိုဆင်းရဲသားသည် ဘုရားလောင်းကြက်ဆူပင်စောင့်နတ်ကို မှီပြီး ဆင်းရဲသားဘဝမှ လွတ်မြောက်ကာ သူဌေးရာထူးဖြင့် ချီးမြှောက်ခြင်းခံရ၏။

ဤဇာတ်၌ဆင်းရဲသားသည် ဆင်းရဲသားဖြစ်ပြီး ကြက်ဆူပင်စောင့်နတ်သည်ကား ဘုရားရှင်ဖြစ်ကြောင်း ဇာတ်ပေါင်းပါသည်။

၉။ ကုဏ္ဍာကပူဝဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ဆင်းရဲသော်လည်း အလှူဒါနပြုရာ၌ မိမိတတ်နိုင်သမျှ ရဲရဲဝံ့ဝံ့လှူဒါန်းသင့်ပါကြောင်း၊ အလှူခံပုဂ္ဂိုလ်သည် ပစ္စည်းကိုပဓာနမထားဘဲ အလှူရှင်၏ ကုသိုလ်တရားတိုးပွားရေးကိုသာ အလေးပြုချီးမြှောက်သင့် ပါကြောင်း၊ စေတနာထက်သန်စွာလှူဒါန်းသောသူသည် ယခုဘဝ၌ပင် ဒါနု၏အကျိုးကို ခံစားရတတ်ကြောင်း၊ ကျေးဇူးကိုသိတတ်သောနတ်အားပူဇော်ပသခြင်းသည် အကျိုး မယုတ်ပါကြောင်း၊ ဒါန၏အဖို့ကိုသတွေတို့အားအမျှပေး ဝေသော် အကျိုးများစွာ ရရှိနိုင်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

(သဗ္ဗသံဟရကဇာတ်၊ ဂဒြဘပဉ္ဇဇာတ်နှင့် အမရာဒေဝီပဉ္ဇဇာတ်တို့၏အချုပ်အဓိပ္ပါယ်နှင့် သင်ခန်းစာတို့ကို မရေးတော့ ပါ။ ကျဉ်းလွန်းနေ၍ ဖြစ်ပါသည်။)

၁၂။ ဟံစိဝဂ်၊ သိဂါလဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၃)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် သုဿာန်တော၌ ရက္ခစိုးနတ်ဖြစ်ခဲ့၏။ ဗာရာဏသီပြည်တွင် နက္ခတ်ပွဲပြုလုပ်နေရာ ဒေဝဒတ်လောင်း မြေခွေးသည် မြို့တွင်းသို့ရေပြွန်ပေါက်မှဝင်ပြီး အမဲငါးနှင့် အရက်များကို

စားသောက်၍ ချုံထဲမှာ ဝင်အိပ်နေ၏။ သူသည်နေထွက်ခါနီးအချိန် အိပ်ရာမှ နိုးလေ၏။

ထိုအခါ မြို့တွင်းမှ ပြန်ထွက်ရန်အခက်တွေ့နေ၏။ မျက်နှာသစ်ရန် လာသောပုဏ္ဏားကို သူ့အား ဘယ်သူမှ မတွေ့အောင် ပုဆိုးနှင့်ထုပ်ပြီး မြို့ပြင်သို့ပို့ပေးလျှင် ငွေအသပြာ နှစ်ရာပေးပါမည်ဟု လိမ်ပြောလေ၏။ ငွေမက်သောပုဏ္ဏားသည် မြေခွေးပြောသည့် အတိုင်း အဝတ်နှင့်ထုတ်ပိုးပြီး မြို့ပြင်သို့ ထုတ်ဆောင်ပေး၏။ ထိုအခါ လူနှင့်ဝေးသောသုသာန် အထိလိုက်ပို့ရန် ခေါ်ဆောင်သွား၏။ မြေခွေးက ဤသစ်ပင် ရင်းခံ ငွေအသပြာနှစ်ရာ မြှုပ်ထားကြောင်း၊ တူးဖော်ပြီးယူပါဟု ပြော၏။ မြေခွေးသည် ဖြန့်ခင်းထားသော အဝတ်ပေါ်၌ ကျင်ကြီးကျင်ငယ်စွန့်ပြီး သုသာန်တောသို့ ဝင်ပြေးလေ၏။

ထိုအခါ ဘုရားလောင်းသည် သစ်ပင်ခွဲ၌ ရပ်လျှက် ပုဏ္ဏားအား "သင်သည် မြေခွေးစကားကို ယုံဘိ၏။ မြေခွေးမှာ ငွေအသပြာ နှစ်ရာ မဆိုထားနှင့်၊ ယောက်သွားတစ်ရာပင် မရှိချေ"ဟု ပြောဆိုပြီး ပျောက်ကွယ်သွားလေ၏။

ဤဇာတ်၌မြေခွေးသည် ဒေဝဒတ်ဖြစ်ပြီး ရက္ခစိုးနတ် သည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၃။ သိဂါလဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အရက်သမားပါးစပ်သည် အမှန်ပြောရန်ခက်ကြောင်း၊ လောဘကြီးလျှင် "အလိုကြီးအရနည်း" ဆိုသကဲ့သို့ အရနည်းရုံမျှမက အရှက်တကွဲ အကျိုးနည်းပင်ဖြစ်တတ်ကြောင်း၊ များသောအားဖြင့် လောကဌ် လောဘကြီးသူတို့မှာ သူတစ်ပါးအလိမ်အညာကိုခံရတတ်ကြောင်း၊ လောဘဖြစ်လာလျှင် အကျိုးအကြောင်းကိုခွဲခြားပြီး မသိနိုင်ကြောင်း၊ သတိနှင့်ပညာ ရှေးထားပြီး လွန်ကဲသောလောဘ မဖြစ်စေရန် အရေးကြီးလှကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၄။ မိတစိန္ဓိဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၄)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ မိတစိန္ဓိ ဗဟုစိန္ဓိ အပ္ပစိန္ဓိမည်သော ငါးသုံးကောင် တို့သည် တောမှ လူပြည်သို့လာပြီး ဗာရာဏသီမြစ်နား၌ နေကြ၏။ ထိုအခါ မိတစိန္ဓိငါးသည် ကျန်ငါးနှစ်ကောင်တို့ကို လူနှင့်နီးသောနေရာ၌ မနေသင့်ကြောင်း၊ တံငါတို့သည် ကွန်မြှုံးစသည်ဖြင့် ထောင်၍ ဖမ်းတတ်ကြောင်းပြော၏။

ထိုငါးနှစ်ကောင်တို့သည် မိမိတို့နေရာမှခွဲပြီး မသွားလိုသဖြင့် လူတို့နေရာအနီးမှာနေကြ၏။ တစ်နေ့သ၌ တံငါတို့ သည် ကွန်များကိုပစ်သော် ထိုငါးနှစ်ကောင် ကွန်၌မိကြလေ၏။ ဘုရားလောင်းမိတစိန္ဓိ=သည် ထိုအကြောင်းကို သိ၍ ကွန်ကိုသွားဖြင့် ခွဲဖျက်၍ ထိုဗဟုစိန္ဓိ အပ္ပစိန္ဓိငါးနှစ်ကောင် တို့ကို အသက်ဘေးမှ ကယ်တင် လိုက်လေ၏။

ဤဇာတ်၌ ဗဟုစိန္ဓိအပ္ပစိန္ဓိငါးတို့သည် ရဟန်းကြီးနှစ်ပါးဖြစ်ပြီး မိတစိန္ဓိငါးသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းသည်။

၄။ မိတစိန္ဓိဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ပျင်းရိသူ အစာမက်သူသည် ရန်သူထောင်ထားသော ကျော့ကွင်းတွင်းသို့ ကျရောက် တတ်ကြောင်း ပညာရှိမိတစိန္ဓိငါးကဲ့သို့ သွားသတိလာသတိ ဝီရိယအမြဲရှိဖို့ လိုအပ်ကြောင်း၊ ပညာရှိစကားကို လိုက်နာလျှင် ချမ်းသာမှုရရှိနိုင်ကြောင်း၊ ပျင်းရိခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၅။ အနုသာသိက ဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် ဆုံးမတတ်သော ဘိက္ခုနီမတစ်ဦးကို အကြောင်းပြု၍ ဟောတော်မူ၏။ အမျိုးသမီးတစ်ဦးသည် ဘုရားသာသနာ၌ဝင်ပြီး ဘိက္ခုနီဝတ်၏။ ရဟန်း

တရားကိုမကျင့်၊ အစာ၌မက်မောစ၏။ ထိုဘိက္ခုနီမသည် အခြားသော ဘိက္ခုနီမများ ဆွမ်းမခံသော အရပ်၌ ဆွမ်းခံလေ့ရှိ၏။

ထိုဘိက္ခုနီမသည် "ဤမည်သောအရပ်၌ကြွမ်းသော ဆင်မြင်းဆိတ်ခွေး စသည်ပေါ၏။ ထိုအရပ်သို့ ဆွမ်းခံမသွားကြနှင့်"ဟု ဆုံးမလေ၏။ တစ်နေ့သ၌ ထိုဘိက္ခုနီမသည် ထိုအရပ်သို့ ဆွမ်းခံကြရာ ကြွမ်းသောဆိတ်တစ်ကောင်သည် ဘိက္ခုနီမ၏ ပေါင်ရိုးတို့ကိုခတ်၍ ကျိုးစေ၏။ လူများသည် ပေါင်ကျိုးသော ဘိက္ခုနီမကို သူနေထိုင်ရာ ကျောင်းတိုက်သို့ ပို့ဆောင် ပေးကြ၏။

ထိုအခါဘုရားရှင်သည် ဘိက္ခနီမများပြောဆိုကြရာမှ တဆင့် ပေါင်ကျိုးသောဘိက္ခနီမအကြောင်းကို ကြားသိတော်မူ၏။

ထိုဘိက္ခုနီမသည် ယခုဘဝသာသူတပါးကို ဆုံးမတတ်သည် မဟုတ်သေး၊ ရှေးဌက်မဖြစ်စဉ်ကလည်း သူတပါးကို ဆုံးမတတ်၏ ဟု အတိတ်ဇာတ်ကို ဟောတော်မူ၏။

ရှေးအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ဌက်မင်း ဖြစ်၏။ ထိုဌက်မင်းသည် အထောင်မကသော ဌက်အပေါင်း ခြံရံ လျက် ဟိမဝန္တာတော၌နေ၏။ ထိုဌက်များအနက် အနုသာ သိကာ မည်သော ဌက်မသည် လှည်းလမ်းမ၌ ထွက်၍ အစာရှာသည်။ လှည်းမှကျသော စပါးစေ ပဲစေ့တို့ ကိုစားပြီး တခြားဌက်များကိုမူ လှည်းလမ်းသို့ မသွားရန် အန္တရာယ်များကြောင်း ဆိုဆုံးမ၏။

တစ်နေ့သ၌ ထိုဌက်မသည် လှည်းလမ်း၌ ကျက်စားသော် လျင်စွာလာသော လှည်း၏ဘီးဖြင့် နင်းမိ၍သေလေ၏။ အခြားသော ဌက်များသည် သူတပါးကို လှည်းလမ်းသို့မသွားရန် ဆုံးမပြီး ထိုဌက် မသည် ကိုယ်တိုင်သွားသဖြင့် နှစ်ခြမ်း ပြတ်ရသည်ဟု ဘုရားလောင်း ဌက်မင်းအား ပြောကြသည်။

ဤဇာတ်၌ ဆုံးမတတ်သောဌက်မသည် ဆုံးမတတ်သော ဘိက္ခုနီမဖြစ်ပြီး၊ ဌက်မင်းသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်း သည်။

အနုသာသိကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် အစားအစာ၌ တပ်မက်ခြင်းသည်

ပျက်စီးခြင်း၏အကြောင်းသာဖြစ်ကြောင်း၊ သူတပါးကိုသာ ဆုံးမတတ်ပြီး မိမိကိုယ်တိုင် မကျင့်သုံးလျှင် ဒုက္ခနှင့်ကြုံတွေ့ရတတ်ကြောင်း၊ ဘေးအန္တရာယ်ရှိသောအရပ်၌ နေထိုင်ခြင်း၊ သွားလာခြင်း၊ မပြုသင့်ပါကြောင်း သင်ခန်းစာတို့ကိုရရှိပါသည်။

၆။ ဒုဗ္ဗစရိတ် အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၆)

ရှေးအခါက ဗာရဏာသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းသည် လုံခုန်အတတ်ကို ဆရာထံသင်ယူပြီး ဆရာနှင့် အတူတူတော်သောပညာဖြင့် မြို့ရွာများသို့ လှည့်လည်၍ ပြသ၏။ ဆရာသည်လုံ့လေးစင်းကိုသာခုံနိုင်ပြီး ငါးစင်းကိုမခုန်နိုင်။

ဟစ်နေ့သ၌ ဆရာသည် အရက်များကို အလွန်အကျွံသောက်ပြီးမူးရစ်ကာ လုံ့ငါးချောင်းကိုခုန်၍ ကစားမည်ပြုစဉ် ဘုရားလောင်းတပည့်က လုံ့ငါးချောင်းကိုခုန်လျှင် ဒုက္ခတွေ့ရ မည်ဖြစ်ကြောင်းပြော၏။ ထိုအခါဆရာသည် သူဘတ် ကြောင်းပြောသဖြင့် လုံ့ငါးချောင်းကိုခုန်၍ ကစားရာ ငါးချောင်းမြောက်လုံ့၌စူးပြီး သေလေ၏။

ဤဇာတ်၌ဆရာသည် အပြောအဆိုခက်သောရဟန်း ဖြစ်ပြီး၊ တပည့်သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်းဇာတ်ပေါင်းပါသည်။

၆။ ဒုဗ္ဗစရိတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုသဖြင့် မိမိမှာမရှိသောပညာကို အရှိလုပ်ပြီး ဝါကြွားပါက ဒုက္ခနှင့်ကြုံတွေ့ရတတ်ကြောင်း၊ မှုးယစ်ဆေးဝါးအရက်သေစာ သောက်သုံးမိပါက အဆိုးအကောင်း မဝေဖန်နိုင်ဘဲ မှားယွင်းစာပြုကျင့်တတ်ကြောင်း၊ အကျိုးလိုလားရှာ ပြောဆိုသောစကားကို မလိုက်နာလျှင် ဒုက္ခပျက်စီးရမည်ဖြစ်ကြောင်း၊ အကျိုး လိုလားရှာ ပြောဆိုသောစကားကို လေးစားလိုက်နာ သင့်ပါကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၇။ တိတ္တိရဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၇)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းသည် အရွယ်ရောက်၍ပညာစုံသောအခါ ရဟန်းဝတ်ပြီး တပည့်ရသော(၅၀၀)နှင့်အတူ ဟိမဝန္တာတောတွင် နေလေ၏။ တစ်နေ့

သင့် ရသေ့တစ်ပါးသည် ပုဆိန်ဖြင့် ထင်းခွဲ၍နေ၏။ ထိုအခါနှုတ်ကြြမ်းသော ရသေ့တပါး သည် ထင်းခွဲနေသော ရသေ့အနီးသို့လာပြီး ဤ၌ထင်းကို ခွဲလော၊ ဤ၌ထင်းကိုခွဲလောဟု လာ၍ ဆရာလုပ်နေ၏။

ထိုအခါထင်းခွဲသောရသေ့သည် အမျက်ထွက်၍ နှုတ်ကြြမ်းသောရသေ့ကို ပုဆိန်ဖြင့်ပေါက်၍သေလေ၏။

ရသေ့ကျောင်းတို့အနီးတွင် ခါတစ်ကောင်နေ၏။ နံနက်တိုင်းဝေဘင်ပို့တိပ်သို့တက်ပြီး ကျယ်လောင်စွာတွန်၏။ မုဆိုးသည် ထိုခါကိုသတ်၍ ယူသွား၏။ ထိုအခါ ဘုရား လောင်းက အလွန်တွန်သည့် ခါကဲ့သို့ အလွန်ဆိုးသောသူသည် မိမိစကားဖြင့် ပျက်စီးလေ၏ဟု ရသေ့ တို့အား အဆုံးအမကို ပေးလေ၏။

ဤဇာတ်၌ နှုတ်ကြြမ်းသောရသေ့သည် ကောကာလိက၊ ရသေ့အပေါင်းသည် ဘုရားပရိတ်သတ်ဖြစ်ပြီး၊ ရသေ့အပေါင်း၏ဆရာသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၇။ တိတ္တိရဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် စကားကိုလိုအပ်သည်ထက်ပို၍ ပြောဆိုခြင်းသည် လူမုန်းများပြီး ဆင်းရဲနှင့်တွေ့ရတတ်ကြောင်း၊ ခါသည် အသံကြောင့် သေရ၏။ ထို့ကြောင့် အသံကျယ်လောင်စွာ ပြောဆိုခြင်းမှ ရှောင်ရှားသင့်ပါကြောင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းသည် မိမိကိုယ်ကို မိမိပြန်၍ ဒုက္ခပေးတတ်ကြောင်း၊ စကားကိုဆင်ခြင်၍ ပြောဆိုခြင်းသည် အရာရာကိုအောင်မြင်၍ ချမ်းသာမှုကို ဖြစ်စေနိုင်ကြောင်း သင်ခန်းစာများကို ရရှိပါသည်။

၈။ ဝဋ္ဋဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် ဥတ္တရသူဌေးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူ၏။ သူဌေးသည် ပစ္စည်းပေါရုပ်ချောဏ်။ ဗြဟ္မာအဆင်းနှင့်တူ၏။ ဗြဟ္မာပြည်၌ အချိန်ကြာစွာနေလာ၍ ကာမဂုဏ်တို့ကို အလိုမရှိ။

သာဝတ္ထိပြည်၌ နက္ခတ်ပွဲသဘင်ကျင်းပရာ အခြားသူဌေး

သားများကို ဇနီးများနှင့်တွဲ၍ နက္ခတ်ပွဲသို့သွားကြ၏။ ဥတ္တရသူဌေး သားကား ဇနီးမရှိသဖြင့် မိတ်ဆွေများကလုပသောပြည်တန်ဆာမ ကိုခေါ်၍ သူဌေးသားထံပို့ကြ၏။ သူဌေးသားသည် ပြည်တန်ဆာမ ၌နှစ်သက်မှုမရှိ၊ မကြည့်၊ စကားလည်းမပြောချေ။ သူမသည်ပြုံး၍ ရယ်၍ဖြားယောင်း၏။ အရိုးစုကဲ့သို့ စိတ်ထဲတွင်ထင်၏။ နောက်ဆုံး ပြည်တန်ဆာမကို ငွေပေးပြီးလွှတ်လိုက်၏။

ခုနှစ်ရက်လွန်သောအခါ ပြည့်တန်ဆာမကိုရှာမတွေ့သဖြင့် သူဌေးသား၏မိတ်ဆွေများက ဥတ္တရသူဌေးသားကို ချည်နှောင်၍ မင်းထံသို့ပို့ကြ၏။ မြို့သူမြို့သားတို့သည် ငိုကြ၏။ သူဌေး၏အဖ သည် သား၏နောက်မှ ငိုလျှက်လိုက်၏။

သူဌေးသားသည် ဤချည်နှောင်ခံရမှုမှလွတ်လျှင် ရှင်ရဟန်း ပြုမည်ဟုကြံနေ၏။ သူ့အတွက်နှင့် ဖမ်းဆီးချုပ်နှောင်မှုခံရကြောင်း သိသောအခါ မင်းချင်းယောကျ်ားတို့ကို မြင်လောက်အောင်ပြုသော အခါ မင်းချင်းတို့သည် ဥတ္တရသူဌေးသားကိုအနှောင်အဖွဲ့မှ လွှတ် လိုက်ကြ၏။ သူဌေးသားသည် ဘုရားထံရဟန်းပြုပြီးမကြာခင် ရဟန္တာဖြစ်သွားလေ၏။

ရှေးအခါက ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ငုံးအမျိုး၌ဖြစ်ခဲ့၏။ မုဆိုးသည် ဘုရားလောင်းနှင့်တကွငုံးများကို ဖမ်းပြီးအစာကျွေးကာ ဝယ်သူရှိသောအခါ ခြံမှထုတ်၍ရောင်းချ၏။ ဘုရားလောင်းငုံးသည် မုဆိုးကျွေးသောအစာကို မစားဘဲနေသော် အရိုးအရေမျှသာရှိ၏။ လူတို့သည် ဘုရားလောင်းမှတပါး ငုံအားလုံး ကိုဝယ်ယူသွားကြ၏။

မုဆိုးသည် တောင်းကိုထုတ်၍ တံခါး၌ထားပြီး ဘုရား လောင်းငုံးကို လက်ဝါးပြင်၌တင်၍ကြည့်၏။ ထိုခဏ၌ ဘုရား လောင်းငုံးသည် လျင်မြန်စွာ တောသို့ပျံသွားလေ၏။

ဤဇာတ်၌သေဘေးမှလွတ်သော ငုံးသည် ဘုရားရှင်ဖြစ်ခဲ့ ကြောင်း ဇာတ်ပေါင်းပါသည်။

၈။ ဝဋ္ဌဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ဥတ္တရသူဌေးသည် အမျိုးသမီးနှင့် တခဏမျှ နေထိုင်ရုံနှင့် မင်းပြစ်ဒဏ်ကို ခံရသည်ဖြစ်ရာ အမျိုးသမီးနှင့် ပေါင်းသင်းဆက်ဆံခြင်းသည် ဘေးဒုက္ခအမျိုးမျိုးကို ကျရောက်နိုင်ကြောင်း၊ ဘေးဒုက္ခနှင့်ကြုံတွေ့ရသောအခါ ဒုက္ခမှလွတ်မြောက်ရန် နည်းလမ်းကို ရှာဖွေကြံစည်သင့်ကြောင်း၊ ဘုရားသာသနာသည် ဘေးဒုက္ခနှင့် ကြုံတွေ့သူတို့အတွက် အားကိုးအားထားရာနေရာကောင်းဖြစ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၉။ အကာလရာဝိဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၁၉)

ရှေးအခါက ဗာရာဏသီပြည်ကြီး ဟူဒတ်မင်း လက်ထက်၌ ဒိသာပါမောက္ခဆရာသည် လုလင်ငါးရတို့အား အကတ်သင်ပေးနှင့်။ ထိုလုလင်တို့သည် အချိန်မှန်မှန်တွန်သည့် ကြက်တစ်ကောင်ကို ချိုင့်၌ထား၍ ထိုကြက်တွန်သံဖြင့် အတတ်ကို ရွတ်ဖတ်ကြ၏။ ထိုကြက်သည် သေ၍သွား၏။ သုသာန်မှထင်းခွေရင်းတွေ့လာသော ကြက်ဟစ်ကောင်ကို ဖမ်း၍ချိုင့်၌ မွေးထား၏။ ထိုကြက်သည် သုသာန်၌ကြီးပြင်းသည်ဖြစ်၍ ရံခါအစောကြီးထပြီးတွန်၏။ ရံခါမနက်မိုးလင်းမှတွန်၏။ အချိန်မမှန်တွန်သဖြင့် လုလင်များ စာပေကျက်မှတ်ရန် အချိန်မမှန်ဖြစ်ပြီး စိတ်ပျက်ကာ ထိုကြက်ကိုသတ်ပစ်လိုက်၏။

ထိုအခါဆရာသည် အဆုံးအမကို မယူဘဲ ကြီးပျင်းသောကြောင့်သေခြင်းသို့ရောက်ရ၏ဟု ဆိုလေ၏။

ဤဇာတ်၌ အချိန် မဟုတ်သည်၌ တွန်သောကြက်သည် အချိန်မဟုတ်သည်၌ အသံပြုသောရဟန်းဖြစ်ပြီး၊ တပည့်တို့သည် ဘုရားပရိတ်သတ်ဖြစ်ပြီး ဆရာသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၉။ အကာလရာဝိဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ရဟန်းမည်သည် ကျင့်ဝတ်

အတိုင်း သတ်မှတ်ထားသည့်အချိန် လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ အချိန်အခါကိုမသိဘဲ တွန်သောကြက်သည် အသက်ခံရသကဲ့သို့ အချိန်အခါမသိဘဲ ပြုလုပ်ပြောဆိုသောသူသည် ဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း၊ အချိန်အခါနှင့် အညီနေထိုင်ပြောဆိုတတ်အောင် မိဘဆရာသမားတို့၏ အဆုံးအမကို လိုက်နာရမည်ဖြစ်ကြောင်း၊ ဆုံးမတတ်သော မိဘဆရာသမားများနှင့် ကင်းကွာ၍ မနေသင့်ကြောင်းစသောသင်ခန်းစာများကို ရရှိပါသည်။

၁၀။ ဗဒ္ဓနမောက္ခဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၀)

ရှေးအခါက ဗာရာဏသီပြည်ဇြဟ္မဒတ်မင်း မင်းပြုစဉ်ဘုရားလောင်းသည် ထိုမင်း၏ပုရောဟိတ်ဖြစ်၏။ တစ်နေ့သောအခါ မင်းသည် (၃၂)ယူဇနာဝေးသော ပစ္စန္တရစ်ကို ငြိမ်းစေရန်သွား၏။ မင်းသည် မိဖုရား၏ တောင်းဆိုချက်အရ ဘစ်ယူဇနာရောက်တိုင်း မိဖုရား၏ ချမ်းသာဆင်းရဲကို သိစေရန် မင်းချင်းယောက်ျား တစ်ဦးတစ်ဦးကို လွှတ်ပြီး စုံစမ်း၏။ မိဖုရားသည် ရောက်လာတိုင်းသော လူအားလုံးနှင့် ဖောက်ပြား၏။ အားလုံး (၆၄)ယောက်တို့နှင့် ဖောက်ပြား၏။

မင်းကြီးစစ်နိုင်သဖြင့် မြို့ကိုတန်ဆာဆင်ရန် စာလွှာကို ဘုရားလောင်းထံပို့လိုက်၏။ ဘုရားလောင်းသည် မြို့ကိုတန်ဆာဆင်ပြီး မိဖုရားနေရာသို့ရောက်၏။ မိဖုရားကြီးက ဘုရားလောင်းကို သူနှင့်ဖောက်ပြန်ရန်လက်ကိုဆွဲခေါ်၏။ ဘုရားလောင်းကား ကာမေသုအမှုကိုရှောင်တော်မူ၏။ မိဖုရားကြီးသည် သူ့အလိုမပါသော ဘုရားလောင်းကို ခြိမ်းခြောက်ပြီးနောက်ဆုံးသူ့ကိုသူ လက်သည်းနှင့် ကုတ်ခြစ်၍ မင်းကြီးအား ဘုရားလောင်းက သူ့ကို အနိုင်ကျင့်ကြောင်း သံတော်ဦးတင်၏။

မင်းကြီးသည် စိတ်ဆိုးပြီး ဘုရားလောင်းကို လက်ပြန်တုတ်ကာ သုသာန်၌သတ်ရန် အမိန့်ပေးလိုက်၏။ ထိုအခါ ဘုရားလောင်းသည် မင်းကြီးအား ကျွန်ုပ်က မိဖုရားကိုမကျူးလွန်ကြောင်း မင်းကြီး

စေလွတ်သော လူ(ဖ၄)ယောက်တို့သာ မိဖုရားကိုကျူးလွန်ကြ၏။ ထိုသူတို့ကိုခေါ်မေးလျှင်ဟု ပြောဆို၏။ မင်းကြီးကခေါ်မေးသော် ကျွန်ပ်တို့က ကျူးလွန်မိကြောင်းဝန်ခံကြ၏။ မင်းကြီးက (ဖ၄) ယောက်သောလူတို့ကို သတ်ရန်အမိန့်ပေးပြန်၏။

ထိုအခါဘုရားလောင်းက ထိုသူတို့မှာ မိဖုရားအလိုကိုဖြည့်ပေးရ၍ အပြစ်မရှိပါ။ မိန်းမတို့မည်သည် မေထုန်အမှုဖြင့် မရောင်ရဲနိုင်ကြ၍ မိဖုရားမှာလည်း အပြစ်မရှိပါဟု မင်းကြီးအားလျှောက်၏။ မင်းကြီးသည် ထိုသူအားလုံးကိုခွင့်လွှတ်လိုက်၏။

ဘုရားလောင်းသည် ထိုသူများကို ကယ်တင်ပြီး မင်းကြီးအားတရားဟောရ၍ ရသေ့ရဟန်းဝတ်ကာ ဟိမဝန္တာဌ်ခဲ့နေလေ၏။

ဤဇာတ်ဌ် မိဖုရားပျက်သည် စိဠမာဏဝိကာ၊ မင်းသည် ရှင်အာနန္ဒာဖြစ်ပြီး၊ ပုရောဟိတ်ပုဏ္ဏားသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်းဇာတ်ပေါင်းပါသည်။

၁။ဗဒ္ဓနမောက္ခဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် မိန်းမများသည် မေထုန်မှုဌ်တင်းတိမ်ရှောင်ရဲခြင်းမရှိကြောင်း၊ မိန်းမ၏အလိုကို လိုက်လျောသော ယောကျ်ားသည် မိန်းမ၏လှည့်စားမှုကို ခံရတတ်ကြောင်း၊ ယောကျ်ားများသည် မိန်းမကိုထိလျှင် သူတပါးအသက်ကိုသတ်ရန်ဝန်မလေးကြောင်း၊ 'မိန်းမသစ္စာ မုသားသာတည်'ဆိုသည့်အတိုင်း မိန်းမတို့၏စကားကို သတိထား၍ လက်ခံယုံကြည်သင့်ကြောင်း၊ ပညာရှိသူတော်ကောင်းများသည် မိမိအပေါ်ဌ် ပြစ်မှားခဲ့သောသူကို သီးခံခွင့်လွှတ်၍ ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးတတ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၁။ ကုသနာဠိဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၁)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မင်း၏ဥယျာဉ်ဝယ် သမန်းမြက်ချုံဌ် ရက္ခစိုးနတ်ဖြစ်၏။ သူသည်ထိုဥယျာဉ်ရှိ မင်္ဂလာသစ်ပင်ဌ်နေသည့် ဘုန်း

ကြီးသော နတ်မင်းတဦးနှင့် အကျွမ်းဝင်၏။ ထိုအခါ မင်းကြီးသည် သူ၏တစ်ပင်တိုင်နန်းပြဿဒ်မှ နဲ့သောတိုင်ကို လဲလှယ်ရန် အနှစ်ရှိ၍ ကြီးသောသစ်ပင်ကို အရှာခိုင်း၏။ ဘိုလက်သမားတို့သည် မင်္ဂလာသစ်ပင်မှတပါးအခြားကိုမမြင်သဖြင့် မင်းကြီးထံခုတ်ခွင့်တောင်းပြီးလာ၍ နောက်တစ်နေ့ခုတ်လဲရန် သစ်ပင်အားပူဇော်ကြလေ၏။

ထိုသစ်ပင်၏ ရက္ခစိုးနတ်သည် ဘယ်သွားရမည်ကို မသိ၍ သားငယ်တို့ကိုဖက်၍ ငိုတော်။ မိမိထက်သာသောနတ် တန်းတူနတ်တို့နှင့် တိုင်ပင်သော်လည်းမရ သူတို့ပါဝမ်းနည်းစွာ ငိုကြ၏။ ဘုရားလောင်း သမန်းမြက်ချုံစောင့်နတ်ရောက်လာ၏။ အကြောင်းစုံကို ရက္ခစိုးနတ် ပြောပြ၍သိရ၏။ ကျွန်ုပ်သည် ထိုမင်္ဂလာသစ်ပင်ကို မခုတ်လဲရ အောင် ပြုလုပ်ပါမည်ဟု ပြော၏။

ထိုအခါ သမန်းချုံစောင့်နတ်သည် ပုတ်သင်ညိုဖန်ဆင်းပြီး မင်္ဂလာသစ်ပင်မှအမြစ်ကြားမှထွက်လာ၏။ သူသည် အထက်သို့ တက်ကာ သစ်ခွကြားဌ် သစ်ခေါင်းထဲက ဦးခေါင်းကိုလှုပ်လျက် ဝပ်၏။ လက်သမားဆရာကြီးသည် ဤသစ်ပင်သည် အခေါင်းရှိ၏။ နန်းတော်တိုင်လုပ်၍ မဖြစ်ဟုဆိုကာ မလဲဘဲအခြားနေရာသို့ထွက်သွား၏။

ထိုအခါ ရက္ခစိုးနတ်မင်းက မိတ်ဆွေနတ်နှစ်ဦးအား ငါတို့သည် တန်ခိုးကြီးသော်လည်း ပညာမရှိ၊ သမန်းချုံစောင့်နတ်သည် ပညာရှိပေ၏။ မိတ်ဆွေမည်သည် အယုတ်အလတ် အမြတ်မရွေး ဖွဲ့အပ်သည်သာဖြစ်၏ဟု ဘုရားလောင်းကို ချီးမွမ်းကြလေ၏။

ဤဇာတ်ဌ် ရစာမည်သော မင်္ဂလာသစ်ပင်စောင့်နတ်သည် ရှင်အနန္ဒာဖြစ်ပြီး၊ သမန်းမြက်ချုံစောင့်နတ်သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်းဇာတ်ပေါင်းပါသည်။

၁။ ကုသနာဠိဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မိတ်ဆွေဖွဲ့ရာဌ် အယုတ်အလတ်

အမြတ်မရှေး မိတ်ဆွေဖွဲ့.သင့်ပါ့ကြောင်း၊ မိတ်ဆွေကောင်းဟူသည် မိမိအတွက် ဒုက္ခကြုံလာပါက ကူညီစောင့်ရှောက်တတ်ပါကြောင်း မဂ်လာသစ်ပင်၌ နေသော ရက္ခစိုးနတ်သည် မိမိအောက် ဘုန်းကံနည်းသော သမန်းမြက်ချုံစောင့်နတ် အကူအညီကြောင့် ချမ်းသာမှုရသွားကြောင်း၊ ပညာရှိသူတော်ကောင်းနှင့် မိတ်ဖွဲ့.ရခြင်းသည် အကျိုးစီးပွားများစွာ ဖြစ်ထွန်းနိုင်ကြောင်း သင်ခန်းစာများကို ရရှိပါသည်။

၂။ ဒုမ္မေဓောတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၂)

ရှေးအခါက ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည် မာဂဓမင်း၏ ဆင်ဖြူတော်ဖြစ်၏။ မင်းသည်ပွဲသဘင်နေ့၌ မဂ်လာဆင်ကို စီးပြီး မြို့.ကိုလှည့်လည်၏။ လူများသည် စီးတော်ဆင်ဘုရားလောင်းကို လုပကြောင်းစကြာဝဠာတေးမင်းနှင့်သာ ထိုက်တန်ကြောင်း ချီးမွမ်းပြောကြ၏။

မင်းသည် ဆင်တော်ကိုမနာလိုမုန်း ဆင်ဆရာအား မဂ်လာဆင်ကို ဝေပုလ္လတောင်ထိပ်တက်ပြီး လေ့ကျင့်ခိုင်း၏။ လိမ့်ကျအောင် ရှေ့.ခြေနှစ်ဖက်ဖြင့် ရှပ်ခိုင်းခြင်း၊ နောက်ခြေနှစ်ဖက်ဖြင့် အရပ်ခိုင်းခြင်း၊ ခြေတဖက်ဖြင့်သာရပ်စေခြင်း၊ ဤသို့.အားဖြင့် ဝေပုလ္လတောင်ထိပ်မှ အမျိုးမျိုးဆင်ဆရာကို ညှဉ်းဆဲခိုင်း၏။

ဆင်ဆရာသည် မာဂဓမင်းကို မင်းကြီး ပညာမရှိသောသူသည် အခြံအရံစည်းစိမ်ကို မိမိ၏အကျိုးမဲ့ကိုကျင့်၏။ ပြုအပ် မပြုအပ်ဟု မသိသဖြင့် မိမိအားလည်းကောင်း၊ သူတပါးတို့.အားလည်းကောင်း ညှင်းဆဲခြင်းငှာ ကျင့်၏ဟု ဆုံးမလေ၏။ ထိုအခါဆင်ဆရာသည် မဂဓမင်း၏ ဆင်တော်ကို သေကြောင်းကြံခြင်းကို သိပြီး ဆင်တော်ကို စီးကာကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့.သွားလေ၏။

မင်းကြီးသည်တိုင်းပြည်ကို သုံးပုံပုံပြီး တစ်ပုံကို မဂ်လာစီးတော်ဆင်အားပေး၏။ တစ်ပုံကို ဆင်ဆရာ်အားပေး၏။ ကျန်တစ်ပုံ

ကို မင်းကြီးကယူ၏။ ဗာရာဏသီမင်းသည် ဆင်ဖြူတော်ရောက်သောကာလမှစ၍ ဇမ္ဗုဒီပ၌မြတ်သောမင်းအဖြစ်သို့ ရောက်တော်မူ၏။

ဤဇာတ်၌ မဂဓမင်းသည် ရှင်ဒေဝဒတ်၊ ဗာရာဏသီမင်းသည် ရှင်သာရိပုတ္တရာ၊ ဆင်ဆရာသည် ရှင်အာနန္ဒဖြစ်ပြီး၊ မဂ်လာဆင်တော်သည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၂။ ဒုမ္မေဓဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ကောင်းသောအခြံအရံသည် ပညာနည်းပါးဘုန်းကံမရှိသောသူအား မထိုက်ပါကြောင်း၊ လူယုတ်မာများသည် မကောင်းသောအကြံ မကောင်းသောစကား မကောင်းသောအလုပ်များကိုသာ ကြံစည်ပြောဆိုပြုလုပ်လေ့ရှိကြောင်း၊ ပညာမရှိသော မဂဓမင်းသည် မိမိထံရောက်လာသော မဂ်လာဆင်ဖြူတော်ကို မထိုက်တန်၍ သူတပါးအား ပေးလိုက်ရကြောင်း၊ ပညာရှိသော ဗာရာဏသီမင်းသည် အဖိုးမပြတ်နိုင်သော ဆင်ဖြူတော်နှင့် ဆင်ဆရာတို့ကို ထိုက်ထိုက်တန်တန် ချီးမြှောက်ထောက်ပံ့ခဲ့ကြောင်းစသောသင်ခန်းစာတို့ကို ရရှိပါသည်။

၃။ နဂ်သီသဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၃)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဒိသာပါမောက္ခဆရာသည် လုလင်ငါးရာတို့အား ပညာသင်ပေး၏။ ထိုတပည့်တို့တွင် လာဠုကမည်သောလုလင်သည် အလွန်ဉာဏ်ထိုင်း၏။ ဆရာကြီး၏ တာဝန်ကိုကျေပွန်သဖြင့် ဆရာကြီးကာ သူ့ကိုချစ်သည်။ ပညာတတ်အောင် ဘယ်လိုသင်ရမည်နည်းဟု ဆရာကြီးစဉ်းစားပြီး ဉာဏ်ထိုင်းသောလာဠုက တွေ့ရာကြုံရာကိုမှတ်ခဲ့ ငါ့အားပြောရမည်ဟု ဆို၏။

တစ်နေ့သောအခါ လာဠုကတောထဲ့သို့ ထင်းခွေသွား၏။ တောထဲ၌ မြွေကိုမြင်ခဲ့ကြောင်း ဆရာအားပြောကြား၏။ ဆရာက မြွေသည် ဘာနှင့်တူသနည်းဟုမေးသော် ထွန်တုံးထွန်သံနှင့်

တူကြောင်းပြော၏။ တစ်ဖန်သူသည် ဆင်ကိုမြင်ခဲ့ကြောင့်။ ထိုဆင်လည်းထွန်တုံးထွန်သန်နှင့် တူကြောင်းပြော၏။ နောက်တစ်ခါကြံစုပ်ခဲ့၏။ ထိုကြံလည်း ထွန်တုံးထွန်သန်နှင့်တူကြောင်းပြော၏။ တစ်ဖန်သူသည် နို့ဓမ်းနို့ရည်သောက်ခဲ့ရသည်။ ထိုအရာသည်လည်း ထွန်တုံးထွန်သန်နှင့်တူသည်ဟုပြောသောအခါ ငါသည် ဒီလောက်ညံ့ဖျင်းသောသူအား ပညာသင်ပေးရန်မဖြစ်၊ မိမိနေရာသို့သာပြန်လောဟု ရိုက်ခွာပေးပြီး ပြန်စေလေ၏။

ဤဇာတ်ခ္ခ လိဋ္ဌကလုလင်သည် လာဠုဒါယီထေရ်ဖြစ်ပြီး ဒိသာပါမောက္ခဆရာသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၃။ နဂ်သီသဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် တက္ကသိုလ်ဆရာကြီးများကိုယ်တိုင် ပညာသင်ကြားပေးသော်လည်း ပညာကိုရအောင် မသင်ယူနိုင်သောတပည့်များရှိခဲ့ကြောင်း၊ လူတစ်ယောက်မှာ အဓိကအားဖြင့် အပ်မအပ် သင့်မသင့်စသည်ကို ခွဲခြားသိနိုင်သော ပင်ကိုယ်ဉာဏ်ရှိဖို့ အရေးကြီးကြောင်း၊ ဆရာသမားများအား ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်ပေးပါက ပညာမတတ်သော်လည်း ချစ်ခင်ကြကြောင်း၊ ပညာရှိမှသာ သူ့နေရာသူ အဆင်ပြေချောမွေ့အောင် လုပ်ကိုင်နိုင်မှာဖြစ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၄။အမ္မဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၄)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ရသေ့ဝတ်ပြီး ရသေ့ငါးရာခြံရံလျက် ဟိမဝန္တာတွင် နေ၏။ ထိုအခါ ဟိမဝန္တာတွင်နွေရောက်လျှင် အင်းအိုင်စသော ထိုထိုအရပ်တို့တွင် သောက်ရေတို့ပြတ်ကုန်၏။ တိရစ္ဆာန်များသည် သောက်ရေအတွက် ပင်ပန်းကြ၏။

ထိုအခါ ရသေ့တစ်ပါးသည် သစ်ပင်ကိုခုတ်၍စ်ားကျင်းလုပ်ပြီးသောက်ရေကိုဖြည့်၍ထား၏။ တိရစ္ဆာန်များ ထိုစားကျင်း

ရေကို နေ့စဉ်လာသောက်ပြီးရေခတ်ပေးသောရသေ့ကို ကျေးဇူးတင်၍ ကျေးဇူးဆပ်သောအနေအားဖြင့် ဟိမဝန္တာရှိ သရက်သပြေပင်နဲ့ စသော သစ်သီးများကို စွမ်းအားရှိသမျှ သယ်ဆောင်လာကြ၏။ လှည်းအစီး (၁၂)စီးခွဲတိုက်ပမာဏရှိ၏။

ထိုအခါ ဘုရားလောင်းက ဝတ်နှင့်ပြည့်စုံသောရသေ့တစ်ပါးကိုမှီ၍ ရသေ့ငါးရာတို့အား သစ်သီးကြီးငယ်ဖူလုံပေ၏။ ပညာရှိမှန်လျှင် မပျင်းမရိကြိုးစားသင့်ကြောင်း ရသေ့တို့အား အဆုံးအမကိုပေးလေသည်။

ဤဇာတ်၌ ဝတ်နှင့်ပြည့်စုံသော ရသေ့သည် ဝတ်နှင့်ပြည့်စုံသောရဟန်းဖြစ်ပြီး ရသေ့အပေါင်း၏ ဆရာသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းသည်။

၄။ အမွှာဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် တံမြက်လှည်းခြင်းသောက်ရေဖြည့်ခြင်း ဆရာအားဝတ်ဖြည့်ခြင်း စသည့်ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသောရဟန်းသည် လူအများကြည်ညိုလေးစားခြင်းခံရ၍ လဘ်ပေါများတတ်ကြောင်း၊ စိတ်ကောင်းစေတနာကောင်းထား၍ အများအကျိုး သယ်ပိုးဆောင်ရွက်ခြင်းသည် မျက်မှောက်၌ပင် အကျိုးပေးတတ်ကြောင်း၊ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခြင်းသည် ပညာရှိသူတော်ကောင်းတို့၏ မြတ်နိုးခြင်းကို ခံရတတ်ကြောင်း၊ သစ်တပင်ကောင်းက ၄ုက်တစ်သောင်းနှားရသည်ဆိုသကဲ့သို့ ကြိုးစားသောသူတစ်ယောက်ကိုမှီပြီး လူပေါင်းများစွာ ချမ်းသာမှုကိုရရှိနိုင်ကြောင်း သင်ခန်းစာတို့ကိုရရှိပါသည်။

၅။ ကဋ္ဌာဟကဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၅)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သူဌေးတစ်ဦးဖြစ်ခဲ့၏။ သူ့သားနှင့်တပြိုင် နက်မွေးသောကဋ္ဌာဟကကို ဘဏ္ဍာစိုးဌ ခန့်ထားသည်။ တစ်နေ့သဌ္ဌ ကဋ္ဌာဟကသည် ရုပ်ချောမြ၍ အပြောကောင်းသည်။ ဆက်ဆံရေး

ပြေပြစ်မှု ရှိသည်။

ကဋ္ဌာဟကသည် သူ၌ရှိ၏ဘဏ္ဍာစိုးလုပ်ကိုင်နေရာမှ ပစ္စန္တရစ်သို့သွားပြီး သူ၌ရှိသားတစ်ယောက်ဖြစ်ကြောင်း သူ့ရှေ့သမီးနှင့် ပေးစားဖို့ ဖခင်ဗာရာဏသီသူ၌ရှိက စာပေးလိုက်၏။ ဤသို့ယုံကြည်အောင်ပြောဆိုပြီး ကျွန်မသား ကဋ္ဌဟကသည် ပစ္စန္တရစ်သူ၌ရှိသမီးကို အရယူခဲ့၏။ ကဋ္ဌာဟကသည် မျှားသော အခြံအရံဖြင့် နေလေ၏။

ထိုအခါဘုရားလောင်းသူ၌ရှိကြီးသည် ကဋ္ဌာဟက အကြောင်း ကိုကြားရ၍ တစ်နေ့တွင် ကဋ္ဌာဟကရှိရာ ပစ္စန္တရစ်သို့ ရောက်လာ၏။ ဘုရားလောင်းကို ဝတ္ထုရားကျေပွန်စွာ ပြုစုလုပ်ကျွေးသဖြင့် ဘုရားလောင်းသူ၌ရှိကြီးက သူ၏သားဖြစ်ကြောင်းရောပြီး ပစ္စန္တရစ်သူ၌ရှိကိုလိုမ့်ပြန်၏။

ကဋ္ဌာဟကသည် သူ၌ရှိသမီးနှင့်လက်ထပ်ပြီးသောအခါ ထမင်းဟင်းနှင့် ပတ်သက်ပြီး ချက်ထားသည်ကို အမြဲကဲ့ရဲ့ရှုတ်ချလေ့ရှိ၏။ ဘုရားလောင်းသူ၌ရှိကြီးက ကဲ့ရဲ့ရှုတ်ချမှုမပြုနိုင်ရန် ရည်ရွယ်၍ သူ၌ရှိသမီးအား ဂါထာသင်ပေးထားခဲ့၏။ ဘုရားလောင်းသည်မကြာခင် ဗာရာဏသီပြည်သို့ ပြန်သွား၏။ ထိုအခါမှစ၍ ကဋ္ဌာဟကသည် အစားအစာတို့ကို ကဲ့ရဲ့ရှုတ်ချမှု မပြုဘဲ ကျွေးသော ထမင်းကိုစား၍ ကံအားလျော်စွာ လားလေ၏။

ဤဇာတ်၌ ကဋ္ဌာဟကသည် ရှုတ်ချသောစကားကို ဆိုတတ်သောရဟန်းဖြစ်ပြီး ဗာရာဏသီသူ၌ရှိသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၅။ ကဋ္ဌာဟကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ဆင်းရဲချမ်းသာမဟူ လူတိုင်းသည် ငယ်ရွယ်စဉ်က၊ အတတ်ပညာကို ကျွမ်းကျင်စွာ တတ်အောင်သင်ယူသင့်ပါကြောင်း၊ လူတို့သည် ကြီးပွားချမ်းသာရေးကို ရှေ့ရှုပြီး စကားပြောရော၊ လုပ်ဆောင်မှုပါ လိမ္မာပါးနပ်စွာ ပြုစွမ်းနိုင်ဖို့

လိုအပ်ကြောင်း၊ ရရှိပြီးသော ဥစ္စာရာထူးမှ လျှောမကျအောင် မိမိထက်သာသူများကို ဝတ္တရားကျေပွန်ရန်နှင့် ပူဇော်တာဟ်ရန် အထူးလို အပ်ပါကြောင်း မည်မျှပင် မြင့်မားသည့် အဆင့်အတန်းသို့ ရောက်စေကာမူ မိမိ၏ဘဝကိုမမေ့သင့်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၆။ အသိလက္ခဏာစာတ်အစ်ပွါယ်အကျဉ်းချုပ် (၁၂၆)

ရှေးအခါက ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းတူဖြစ်၏။ ထိုမင်းမှာ သန်လျက်ကိုနမ်း၍ သန်လျက်လက္ခဏာကိုဖတ်တတ်သောပုဏ္ဏားတစ်ဦးရှိ၏။ လာဘ်ထိုးသော ပန်းပဲတို့၏ သန်လျက်ကား ကောင်း၏။ လာဘ်မထိုးသောပန်းပဲတို့၏ သန်လျက်ကားမကောင်းဟုဖတ်၏။ ပန်းပဲတစ်ဦးသည် သန်လျက်လုပ်ပြီး သန်လျက်အိမ်၌ ငရုတ်သီးမှုန့်ကိုထည့်၍ မင်းအားဆက်သ၏။

ပုဏ္ဏားသည် သန်လျက်နမ်းပြီး ကောင်းမကောင်း အကဲခတ်ရာ ငရုတ်သီးမှုန့်မွန်းပြီးချေလိုက်၏။ သန်လျက်သွားနှင့် ပုဏ္ဏားနှာခေါင်းဖျားထိမိရာ နှစ်ပိုင်းပြတ်၏။ မင်းသည် ပုဏ္ဏားအား ဆေးကုစေ၍ ချိပ်ဖြင့်နှာခေါင်းကို အတုတပ်ဆင်ပေး၏။ ဗာရာဏသီမင်း၌ သမီးတစ်ယောက်နှင့်တူတစ်ယောက်ရှိ၏။ သမီးနှင့်တူတို့ အရွယ်ရောက်လာသော် ချစ်ကြိုက်ကြောင်း မင်းကြီးသိသောအခါ တူကိုတစ်နေရာ သမီးကိုတစ်နေရာခွဲပြီး ထား၏။ တူဖြစ်သူ မင်းသားသည် နတ်ကတော်အား ငွေ(၁၀၀၀)ပေး၍ မင်းသမီးကို နန်းတော်မှ အပြင်ထုတ်ရန် အကြံတောင်း၏။ ထိုအခါနတ်ကတော်သည် မင်းကြီးထံချဉ်းကပ်၍ မင်းကြီး၏ အထက်၌တစ္ဆေသရဲ သူယုတ်မာရှိ၏။ အစောင့်အရှောက်နှင့်တကွ မင်းသမီးကို ရထားဖြင့် သုသာန်သို့ ပို့ကာ ညောင်စောင်းအောက်၌ သူသေကို အိပ်စေ၍ ညောင်စောင်းထက်၌ မင်းသမီးကိုထား၍ နံ့သာအိုး (၁၀၈)လုံးဝိုင်ဖြင့် ဇရခိုးစေ၍ သူယုတ်မာကို မျှောပစ်ရမည်။

ဤသို့လျှောက်တင်သောအခါ မင်းကြီးသည်သဘောတူလက်ခံလိုက်၏။ မင်းသားသည် နတ်ကတော်သင်ထားသည့်အတိုင်း မင်းသမီးအောက်သူသေ အသွင်မှောက်ပြီး အိပ်နေ၏။ အချိန်တန်လျှင် ငရုတ်မှုန့်ကို ရှုလိုက်သော်သူသေချေ၏ဟု နတ်ကတော်နှင့် အစောင့်အရှောက်တို့သည် မင်းသမီးကိုစွန့်ပြီးပြေးကြ၏။

မင်းသားသည် မင်းသမီးကို ဦးခေါင်းဆေးပြီး အိမ်သို့ခေါ်ဆောင်သွား၏။ မင်းကြီးသည် တူနှင့်သမီးကိုပေးစားပြီး မင်းနှင့်မိဖုရားအရာ ထားတော်မူ၏။ တစ်နေ့သ၌ သန်လျက်လက္ခဏာဖတ်ပုဏ္ဏား သည် ဘုရားလောင်းမင်းအား ခစားစဉ် ချိပ်သည်ကြေ၍ နှာခေါင်း တုပြုတ်ကျသဖြင့် ရှက်၍ မျက်နှာကို အောက်သို့ချကာနေ၏။ ထိုအခါမင်းက ပုဏ္ဏားကိုပြက်ရယ်ပြုလို၍ အိုပုဏ္ဏား ငါ့အားနှာချေ သဖြင့် မင်းသမီးနှင့် မင်းအဖြစ်ကိုရ၏။ သင်ကား နှာချေသဖြင့် နှာခေါင်းပြတ်ရလေ၏ဟု ဆိုလေ၏။

ဤဇာတ်၌ သန်လျက်လက္ခဏာဖတ်ပုဏ္ဏားသည် သန်လျက်လက္ခဏာဖတ်ပုဏ္ဏားဖြစ်ပြီး၊ တူဖြစ်သောမင်းကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၆။ အသိလက္ခဏာဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ဖတ်ရှုရသဖြင့် လာဘ်စားခြင်းသည် ဘုရားမပွင့်မီ ရှေးယခင်ကစ၍ ရှိခဲ့ဖူးကြောင်း၊လာဘ်စား၍ မမှန်မကန်ပြုလုပ်သူသည် အကုသိုလ်ကံအကျိုးမပေးသေးလျှင် ရွှင်ပြုံးနိုင်၏။ အကုသိုလ်ကံ အကျိုးပေးသောအခါ ဒုက္ခရောက်ရတ်တတ်ကြောင်း၊ ဂုဏ်သရေရှိသူများသည်လည်း အရေးကြုံလာလျှင် ဗေဒင်၊ယတြာ နတ်ကတော်၊ ဘိုးတော်တို့ကို အားကိုးပြု၍ ပြဿနာကို ဖြေရှင်းလေ့ရှိကြောင်း၊ အရာဝတ္ထုတစ်ခုသည် ကောင်းသည်လည်းရှိ၏။ မကောင်းသည်လည်းရှိ၏။ ထိုကောင်း မကောင်းနှစ်မျိုးလုံးသည် လောက၌ ဒွန်တွဲနေတတ်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၇။ ကလဏ္ဍုကဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၇)

ဤဇာတ်သည် ကဋ္ဌာဟကဇာတ်နှင့် တူ၏။ အထူးကား-

ဗာရာဏသီ သူဌေးအား ကလဏ္ဍုကမည်သော ကျွန်တစ်ယောက်ရှိ၏။ ထိုကျွန်သည် ပြေး၍ ပစ္စန္တရစ်သူဌေးသမီးကိုလည်း ပတ်ယူပြီး အခြံအရံများစွာနှင့်နေ၏။ ထိုအခါ ဗာရာဏသီသူဌေးသည် မိမိ၏ကျေးငှက်ကိုစေလွှတ်၍ ကလဏ္ဍုကကို အရှာခိုင်း၏။ ကျေးငှက်သည် ပစ္စန္တရစ်သို့ရောက်သော် မြစ်၌သူဌေးသမီးနှင့် ရေကစားနေသည့် ကလဏ္ဍုကကိုမြင်လေ၏။ ကလဏ္ဍုကသည် ကျေးငှက်ကိုမြင်သောအခါ ငါ့အကြောင်းကိုကျေးငှက်သိသွားပြီ ဟုကြောက်သဖြင့် "အရှင်လာလော့၊ ဘယ်တုန်းကလာသနည်း" ဟု ခေါ်သည်။

ကျေးငှက်သည် သူ့အကြံကိုသိ၍ ဗာရာဏသီသူဌေးထံသို့ ပျံသွားပြီး အလုံးစုံကို ပြောကြား၏။ သူဌေးသည် ပစ္စန္တရစ်သို့သွား၍ ကလဏ္ဍုကကို ပြန်ခေါ်ပြီး ကျွန်နေရာ ပြန်ထားလေ၏။

ဤဇာတ်၌ ကလဏ္ဍုကသည် ကဲ့ရဲ့တတ်သော်ရဟန်းဖြစ်ပြီး ဗာရာဏသီသူဌေးကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၇။ ကလဏ္ဍုကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် သူတပါးကိုမှီ၍ ချမ်းသာလာသောသူသည် ကလဏ္ဍုကကဲ့သို့ မိမိဘဝကိုမေ့၍ ကျေးဇူးရှင် ဇနီးအား ရိုင်းစိုင်းသောအမူအရာဖြင့် မဆက်ဆံသင့်ကြောင်း၊ ကျေးငှက်သော်မှ လူ့ကျင့်ဝတ်၌ လိမ္မာတတ်သိသေးလျှင် လူတို့သည်လည်း လူ့ကျင့်ဝတ်၌ ပို၍ တတ်သိလိမ္မာဖို့လိုအပ်ပါကြောင်း၊ သူတပါးကျေးဇူးကို မသိတတ်သောသူသည် ကြီးပွားချမ်းသာရာမှ ဆင်းရဲနွမ်းပါးသောဘဝသို့ ပြန်ရောက်ရတတ်ကြောင်းစသော သင်ခန်းစာများကို ရရှိပါသည်။

၈။ ဗိဋ္ဌာရဝံတဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၈)

ရှေးအခါက ဗာရာဏသီပြည့် ဗြဟ္မဒတ်မင်းလက်ထက်၌

ဘုရားလောင်းကြွက်မင်းသည် ကြွက်အပေါင်းခြံရုံလျက် တောခ္ခ
နေ၏။ ထိုအခါ ဓမ္မိကမည်သောမြေခွေးတစ်ကောင်သည် ထိုကြွက်
များကိုလှည့်ဖြားမ၍ စားလိုသဖြင့် အနီးခ္ခ နေကုကြည့်၍ ခံတွင်းဖြင့်
လေကိုခံလျက် ခြေတစ်ချောင်းဖြင့် ရပ်၍နေ၏။ ဘုရားလောင်းက
မေးသော် ခြေလေးချောင်းဖြင့်ရပ်လျှင် မြေကြီးပြိုမည်ကိုစိုး၍ ခြေ
တစ်ချောင်းဖြင့်သာရပ်၏။ အခြားအစာကိုမစားဘဲ ခံတွင်းကိုဖွင့်၍
လေကိုသာစား၏။ နေကိုရှိခိုး၏ဟုဆိုလေ၏။

ဘုရားလောင်းသည် အထင်ကြီးပြီး ထိုအခါမှစ၍ ကြွက်
အပေါင်းနှင့်တကွ မြေခွေးထံ မနက်ညဉ့်တိုင်းသွား၍ ခစား၏။ မြေ
ခွေးသည် ခစားပြီး ပြန်ကြသည့်ကြွက်တို့၏ နောက်ဆုံးကြွက်ကို
ဖမ်းစား၏။ ကြွက်တို့သည် တစ်စတစ်စနှင့် လျော့နည်းလာ၏။
ဘုရားလောင်းသည် မြေခွေးကို မသက်သာသဖြင့် ခစားပြီးပြန်သည့်
အခါ နောက်ဆုံးမှသွား၏။ ဘုရားလောင်းကိုဖမ်းရန်ပြေးလာသော
မြေခွေးအား အိုမြေခွေးသူတော်ကောင်းယောင်ဆောင်ပြီး ဤကဲ့သို့
အကျင့်ယုတ်ခြင်းသည် မကောင်းဟုဆိုပြီး မြေခွေး၏လည်မျိုကို
ကိုက်သတ်လိုက်၏။

ကြွက်တို့သည် မြေခွေးကို တစပ်စပ်မြည်အောင် ကိုက်စား
ကြလေ၏။ ဤဇာတ်ခ္ခ မြေခွေးသည် အုံဖွယ်သရဲကို ဖြစ်စေတတ်
သော ရဟန်းဖြစ်ပြီး ကြွက်မင်းသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်
ပေါင်းပါသည်။

၅။ ဗိဠာရဝတဇာတ်မှရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် လှည့်စားတတ်သောသူသည်
လူအများအထင်ကြီးလာအောင် နည်းအမျိုးမျိုးသုံး၍ လုပ်ပြတတ်
ကြောင်း၊ တရားကို တကယ်မကျင့်ဘဲ လူတကာအထင်ကြီးအောင်
လုပ်ပြတတ်သောသူသည် တစ်နေ့အလိမ်ပေါ်၍ ဘေးဒုက္ခနှင့် တွေ့ရ
တတ်ကြောင်း၊ ခေါင်းဆောင်များသည် စဉ်းစားပြီး တဖက်သားကို
ယုံကြည်လောက်သောအချက်အလက်များကို တွေ့မှသာ ပေါင်းသင်း

ဆကဆသင့်ပါကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၉။ အဂ္ဂိကဘာရဒ္ဒါ၀ ဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၂၉)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရား လောင်းကြွက်မင်းသည်ကြွက်အပေါင်းခြံရံလျက် တော၌နေ၏။ မြေခွေးတစ်ကောင်သည် တောမီးလောင်ရာ ခန္ဓာကိုယ်မီးလောင်ကျွမ်းသဖြင့် ဦးခေါင်းထပ်ကွက်ကလေးသာကျန်တော့၏။ မြေခွေးသည် ရေသောက်စဉ်မိမိဦးခေါင်းမှ ထိပ်ကွက်ကိုမြင်ပြီး သတ္တဝါများကိုလှည့်ပတ်ပြီးစားသောက်ရန် ကြံလေ၏။ မြေခွေးအနီးတွင် ကြွက်မင်းလည်းရပ်နေ၏။

ဘုရားလောင်းကမြင်၍မေးသော် မြေခွေးက "ငါသည် အဂ္ဂိကဘာရဒ္ဒါ၀မည်၏။ သင်တို့ကိုစောင့်ရှောက်ရန်လာ၏။ သင်တို့ကို အစာရှာထွက်ချိန်၊ ပြန်လာချိန်တို့၌ ရေတွက်၍စောင့်ရှောက်မည်" ဟု ဆိုလေ၏။ ကြွက်မင်းက စောင့်ရှောက်ပါဟုဆို၏။ မြေခွေးသည် ကြွက်များကို တစ်ကောင်နှစ်စသည်ဖြင့် ရေတွက်၍ နောက်ဆုံးကြွက်ကိုဖမ်းစား၏။ ဤသို့စား၍ ကြွက်တို့ တဖြည်းဖြည်းနည်းပါလာ၏။

ကြွက်မင်းသည် မြေခွေး၌ သံသယဖြစ်၍ ပြန်လာသည့်အချိန်၌ နောက်ဆုံးမှနေ၏။ ကြွက်မင်းကို ဖမ်းရန် ပြေးလာသည့် မြေခွေး၏ လည်မျိုကိုခုန်ပြီးကိုက်သတ်လေ၏။

ဤဇာတ်၌ မြေခွေးသည် အုံ့ဖွယ်ကိုပြုတတ်သောရဟန်း၊ ကြွက်မင်းကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

သင်ခန်းစာသည် ဗိဠာရ၀တဇာတ်နှင့်တူသည်။

၁၀။ ကောသိယဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၃၀)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဒိသာပါမောက္ခဆရာသည် မင်းသားပုဏ္ဏားတို့အား အတတ်သင်ပေး၏။ ထိုအခါဘုရားလောင်းထံ အလည်လာလေ့ရှိသော ပု ဏ္ဏား၏ ပုဏ္ဏားမသည် အကျင့်ဖောက်ပြန်ပြီး လေတိုး

ရောဂါရှိသည်ဟုဆိုကာ ပြုစုနေရ၏။ ပုဏ္ဏားမသည် ညဉ့်ဦး တယောက် လင် နှင့်ဖောက်ပြားပြီး နေ့အခါ ရောဂါရှိသည်ဟုဆိုကာ ထောပတ် ဆီ ထမင်းစသည်တို့ကို စားပြီးအိပ်၍သာနေ၏။

တစ်နေ့သဒ္ဓိပုဏ္ဏားသည် ဘုရားလောင်းထံလာ၍ မိန်းမ၏ ဖောက်ပြားပုံကို ဆရာကြီးသိပြီးအောက်ပါအတိုင်းဆေးတို့ကို ကျွေး စေ၏။ နွားကျင်ငယ်ဒ္ဒအရွက်ငါးမျိုး သစ်သီးစိုအစရှိသည်တို့ကို ထုထောင်းပြီး ကြေးနီခွက်ဒ္ဒ ထည့်၍ ပုဏ္ဏားမကိုတိုက်လော၊ မသောက်လျှင် ဆံပင် ကိုဆွဲ၍ တကောင်ဖြင့် ထောင်းပစ်ရန် မှာထား၏။

ပုဏ္ဏားသည် ဆရာကြီးသည့်အတိုင်းပြုသော် ပုဏ္ဏားမ သည် ငါသီလမရှိသည်ကို ဆရာတောင် သိနေပါလားဟု ဆိုပြီး ထိုအခါမှ စ၍ မဖောက်ပြားဘဲ အလုပ်များကို လုပ်ကိုင်လာတော့ သည်။

ဤဇာတ်ဒ္ဒ လင်မယားသည် လင်မယားဖြစ်ပြီး ဒီသာပါ မောက္ခဆရာသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၁၀။ ကောသိကယဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် မိန်းမကိုချစ်သောယောကျ်ားသည် မိန်းမခိုင်းသမျှကို ကျွန်ကဲ့သို့ ပြုလုပ်ရတတ်ကြောင်း၊ လင်ငယ် နေသော မိန်းမများသည် မှုယာမာယာများပြီး ရောဂါမရှိဘဲ ရှိသကဲ့သို့ လိမ်လည်ကာ နောက်ပိုင်းမှာ ဖောက်ပြားလေ့ရှိကြောင်း၊ စိန်ကဲရွှေကဲ၊ ဤနှစ်ကဲထက်၊ မိန်းမကဲခတ်၊ လွန်ခဲကပ်၏ဟုဆို သကဲ့သို့ မိန်းမတို့၏ အတွင်းသဘောကို အကဲခတ်သိမြင်နိုင်ရန် အလွန်ခဲယဉ်းကြောင်း၊ မိန်းမကိုနှုတ်ချိုသာစွာ ဆုံးမ၍ မရလျှင် ဒုတ် စသည်ဖြင့် ရိုက်နှက်၍လည်း ဆုံးမသင့်ပါကြောင်း သင်ခန်းစာ တို့ကိုရရှိပါသည်။

၁။ အသမ္ဘဝါနဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၃၁)

ရှေးအခါက ရာဇဂြိုဟ်ပြည် မဂဓမင်းလက်ထက် ဘုရား လောင်းသခင်သူဌေးသည် ဗာရာဏသီပြည်ရှိ ပဋိယသူဌေးနှင့်

မိတ်ဆွေဖြစ်၏။ တစ်နေ့သ၌ ပီဋိယသူဌေးသည် ဥစ္စာအားလုံးပျက်စီးသဖြင့် မယားနှင့် အတူသခင်သူဌေးသားထံလာ၏။ သခင်သူဌေးသည်မိမိ၏ဥစ္စာကိုပီဋိယအားပေး၏။ ပီဋိယသည် ထိုဥစ္စာကိုယူ၍ ဗာရာဏသီမြို့သို့ပြန်၏။ နှစ်အတော်ကြာသောသခင်သူဌေးသည် အလားတူဥစ္စာအားလုံး ပျက်စီးသဖြင့် မယားနှင့်အတူ ဗာရာဏသီမြို့သို့သွား၍ မယားကိုမြို့အနီးဧရပ်တစ်ခု၌ ထားခဲ့ပြီး ပီဋိယအိမ်သို့သွား၏။

ပီဋိယသည် နေရာမှမထဘဲ သခင်သူဌေးအား ဤအိမ်၌သင့်အတွက်နေရာမရှိ၊ တစ်တုမ္မမျှသောဖွဲကိုယူသွားလော၊ နောက်ဝါအိမ်သို့မလာနှင့်ဟုဆို၏။ သခင်သူဌေးသည် သူပေးသည့်ဖွဲကို လက်မခံလျှင် မိတ်ဆွေပျက်မည်စိုး၍ ဖွဲကိုဧရပ်သို့ယူသွား၏။

ထိုအခါ ပီဋိယသူဌေးအား ပေးလိုက်သောသခင်သူဌေး၏ ကျွန်တစ်ယောက်သည် ထိုဧရပ်သို့ရောက်လာ၏။ ကျွန်သည် သူဌေးထံ မှအကြောင်းစုံကို ကြားသော် သူဌေးလင်မယားကို မိမိအိမ်သို့ခေါ်ဆောင်၍ ကျွေးမွေး၏။ သခင်သူဌေးမှ ပေးလိုက်သော ကျွန်များသည် စုဝေးပြီး ဗာရာဏသီမင်းထံ ဆန္ဒပြကြ၏။

ထိုအခါမင်းကြီးသည် သူဌေးနှစ်ဦးကို ခေါ်ပြီး မေးမြန်း၍ အကြောင်းစုံကို ကြားသိလျှင် ပီဋိယသူဌေးပိုင်ဆိုင်သော ပစ္စည်းအားလုံးကို သခင်သူဌေးအား ပေးရမည်ဟု ဆုံးဖြတ်တော်မူ၏။ သခင်သူဌေးသည် မိမိပေးထားသော ကုဋေ(၄၀)သောဥစ္စာကိုသာပေးပါဟု တောင်းပြီး ကျွန်အပေါင်းခြံရုံလျက် ရာဇဂြိုဟ်ပြည်သို့ပြန်သွားလေ၏။

ဤဇာတ်၌ ပီဋိယသူဌေးသည် ဒေဝဒတ်လောင်းဖြစ်ပြီး၊ သခင်သူဌေးကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၁။ အသမ္ဘဝါနေ ဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီး၍ ထိုပစ္စည်းဥစ္စာတို့၌

မာန်တက်၍ မဝါကြွားသင့်ကြောင်း၊ မိတ်ကောင်းဆွေကောင်းသည် ဆင်းရဲရောက်ကြသော မိတ်ဆွေတို့အား ကူညီအားပေး စောင့်ရှောက်တတ်ကြောင်း၊ စိတ်ထားယုတ်ညံ့သော မိတ်ဆွေသည် သူတပါး ကျေးဇူးကို မသိတတ်ကြောင်း၊ လူတိုင်းသည် စိတ်ကောင်း စေတနာကောင်းထား၍ မိမိအကျိုး သူတပါးအကျိုးကို သယ်ပိုး ဆောင်ရွက်တတ်ဖို့ လိုအပ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၂။ ဘီရုကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်(၁၃၂)

ရှေးအခါက ဘုရားလောင်းသည် ဗာရာဏသီပြည်ဇြဟ္မဒတ်မင်း၏အစ်ကို တစ်ယောင်တို့၏ ညီအငယ်ဆုံးဖြစ်၏။ (တေလပတ္တဇာတ်၊ ဇာ၊ ၉၆ နှင့်တူ၏။)

ဘုရားလောင်းသည် ဘီလူးမတို့၏ ကိုလေသာကျော့ကွင်းမှ လွတ်ခဲ့သဖြင့် တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကိုရခဲ့၏။ တက္ကသိုလ်၌ နေကုန်သောလူတို့သည် မြို့ကိုလည်း နတ်ပြည်ကဲ့သို့ မင်း၏ နန်းတော်ကိုလည်း သိကြားမင်း၏ နန်းတော်ကဲ့သို့ တန်ဆာဆင်၍ ထားကုန်၏။

နတ်သမီးနှင့်တူကုန်သော ကချေသည် (၁۶၀၀၀)တို့၏ ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့် မင်းကြီး၏ နန်းတော်သည် တပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်၏။ ဘုရားလောင်းသည် မိမိ၏ တင့်တယ်မှုကို ကြည့်ပြီး ငါသည်ဘီလူးမတို့ဖန်ဆင်းအပ်သောအဆင်းကို အကယ်၍ ကြည့်ခဲ့လျှင် မင်းအဖြစ်သို့မရနိုင်ရာ။ ပမစ္စကဗုဒ္ဓါအရှင်မြတ်တို့၏ အဆုံးအမ၌တည်သဖြင့် ဤမင်းစည်းစိမ်ကို ရရှိပေ၏ဟု ဥဒါန်းကျူးရင့်လေ၏။

ဤဇာတ်၌ တက္ကသိုလ်ပြည်သို့သွား၍ မင်းအဖြစ်သို့ ရောက်သောမင်းသားသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၂။ ဘီရုကဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ကာမဂုဏ်ငါးပါးကို လိုက်စား

သောသူသည် အသက်ကို၍ လိုရာခရီးသို့ မရောက်နိုင်၊ ရရှိပြီးသော စည်းစိမ်မှလည်း ပျက်စီးဆုံးရှုံးတတ်ပါကြောင်း၊ ဘုရားလောင်းသည်ကာမဂုဏ်နောက်သို့ မလိုက်ပါသဖြင့် မင်းစည်းစိမ်ကိုခံစားရကြောင်း၊ ဘုရားအစရှိသောသူတော်ကောင်းတို့၏ ဆိုဆုံးမစကားကို လိုက်နာကျင့်သုံးပါက ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ ရောက်နိုင်ကြောင်း စသောသင်ခန်းစာများကိုရရှိပါသည်။

၃။ ယတာသနဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၃၃)

ရှေးအခါက ဘုရားလောင်းသည် ၄ကိမ်မျိုးခ်ဉ် ဖြစ်၏။ ဘုရားလောင်းဌက်မင်းသည် ၄ကိမ်အပေါင်းခြံရုံလျက် ဇာတသရအိုင်နားရှိသစ်ပင်ကြီးတစ်ခုခ်ဉ် နေ၏။ ဇာတသရအိုင်အတွင်းခ်ဉ်လည်း ကြမ်းတမ်းသော နဂါးမင်းသည်နေ၏။ ၄ကိမ်များစွာတို့သည် ညခ်ိုအခါ အဝေးမှ ပြန်လာပြီး ထိုသစ်ပင်ကြီးခ်ဉ် စုပေါင်း၍ အိပ်ကြ၏။ ၄ကိမ်တို့စွန့်ချလိုက်သော အညစ်အကြေးများသည် ဇာတသရအိုင်ထဲသို့ ကျလေ၏။

အိုင်ခ်ဉ်နေသော နဂါးမင်းသည် အမျက်ထွက်၍ ညအခါ ၄ကိမ်တို့အိပ်ချိန်ခ်ဉ် ရေမှမီးလျှံကို ထစေ၍ ထိုသစ်ပင်ကြီးကို လောင်စေ၏။ ဘုရားလောင်းသည် ထိုမီးလျှံကိုမြင်၍ ၄ကိမ်တို့အား အခြားသစ်ပင်သို့ပြောင်းရန်ပြော၏။ ဘုရားလောင်းနှင့် သူ၏စကားကို နားထောင်သော၄ကိမ်များသည် ဝေးရာသို့သွားကြ၏။ ဘုရားလောင်းစကားကို နားမထောင်ဘဲ နေခဲ့သော၄ကိမ်တို့ကား သေကြလေ၏။

ဤဇာတ်ခ်ဉ် ဘုရားလောင်း၏စကားကို လိုက်နာကုန်သော ၄ကိမ်တို့သည် ဘုရားပရိသတ်ဖြစ်ပြီး ၄ကိမ်မင်းသည်ကားဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၃။ ယတာသနဇာတ်မှရရှိသည့်သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် လျှောက်ပတ်သောနေရာကို နေရမှသာလျှင် ကုသိုလ်ရေး စီးပွားရေး ပညာရေး ရနိုင်ကြောင်း၊ လျှောက်ပတ်သောနေရာမရလျှင် ကုသိုလ်ရေး စီးပွားရေးစသည်

မဖြစ်ထွန်းနိုင်ကြောင်း၊ အမျှော်အမြင်ရှိသူ၏ ဆုံးမညွှန်ကြားမှုများကို လိုက်နာလျှင် ကောင်းကျိုးသုခရရှိခံစားရကြောင်း၊ မလိုက်နာလျှင် ဒုက္ခရောက်ရတတ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၄။ ဗျာနသောဓနဇာတ် (၁၃၄)

ဤဇာတ်၌ အကျဉ်းချုပ်နှင့် သင်ခန်းစာများကို ပရောသဟသ ဇာတ်ဇာ-၉၉-၌ ရေးခဲ့ပြီး၊ နေဝသည်နာသည်နှင့် နေဝသည်နာသည်-သာထူးသည်။

၅။ စန္ဒာဘဇာတ် (၁၃၅)အဓိပ္ပါယ်လွယ်ပြီ။

၅။ စန္ဒာဘဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် အသိဉာဏ်နည်းသောတပည့်သည် ဆရာဆိုလိုသောအဓိပ္ပါယ်ကိုနားမလည်နိုင်ကြောင်း၊ လရောင်နှင့်တူသော သြဒါတကသိုဏ်းနှင့် နေရောင်နှင့်တူသော ပီတကသိုဏ်း တို့ကို အဝါးဝစွာ လေ့လာအားထုတ်သောသူသည် ဒုတိယစျာန်ကိုရရှိ၍ အာဘာသရဘုံသို့ ရောက်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၆။ သုဝဏ္ဏဟံသဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၃၆)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းပုဏ္ဏားသည် အိမ်ထောင်ပြု၍ သမီးသုံးဦးရပြီး ၄င်းတို့၏အိမ်ထောင်မကျမီ သေဆုံး၍ ရွှေဟသ်ဘုံ၌ဖြစ်၏။ ရွှေဟသ်မင်းသည် ဇာတိသရဉာဏ်ဖြင့် ရှေးဘဝကို ဆင်ခြင်၍ မိမိမယားနှင့် သမီးသုံးဦးတို့ အလွန်ဆင်းရဲနေသည်ကိုမြင်၏။ ရွှေဟသ်မင်းသည် သူတို့ထံသွားခဲ့ပြီ ငါသည် ရှေးဘဝသင်တို့၏ဘခင် ဖခင်ဖြစ်ခဲ့၏။ သင်တို့ဆင်းရဲနေသဖြင့် ငါ၏ကိုယ်မှရွှေဘင်တစ်ခုစီနှုတ်ပြီး ရင်းနှီးစားကြပါဟု ပြော၏။

ရွှေဟသ်မင်းသည်အတော်ကြာသောအခါ တစ်ခါလာပြီး တောင်ပေးပြန်၏။ ပုဏ္ဏားမနှင့် သမီးသုံးယောက်တို့သည်

ချမ်းသာခြင်းသို့ရောက်ကြ၏။

တစ်နေ့သ၌ လောဘကြီးသော ပုဏ္ဏားမသည် နောင်တစ်ခါ လာသောရွှေဟသ်ံကို လက်နှစ်ဖက်ဖြင့်ကိုင်၍ အဟောင်အားလုံးကို နုတ်၏။ ဘုရားလောင်းအလိုမတူဘဲ နိုင်ထက်ပြု၍ ယူသောကြောင့် အတောင်အားလုံးတို့သည် ဗျိုင်းတောင်ကဲ့သို့ ဖြူကုန်၏။ ပုဏ္ဏားမသည် မပျံနိုင်သော ရွှေဟသ်ံကို အိုးစရည်း၌ ထည့်၍မွေး၏။ တစ်ဖန်ပေါက်သောအတောင်တို့သည်လည်း ဖြူကုန်၏။ ဘုရားလောင်းသည် အတောင်ပေါက်သောအခါ မိမိနေရာသို့ သွား၍ တစ်ဖန်မလာတော့ပြီ။

ဤဇာတ်၌ ပုဏ္ဏားမသည် ထုလ္လနန္ဒာ၊ သမီးသုံးယောက်တို့သည် ညီအစ်မသုံးယောက်တို့ဖြစ်ပြီး ‘ရွှေဟသ်ံမင်းသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၆။ သုဝဏ္ဏဟံသဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် လောဘကြီးသောသူသည် ရရှိပြီးသောစည်းစိမ်ဥစ္စာမှ ဆုံးရှုံးရတတ်ကြောင်း၊ ပုံမှန်ရရှိသောစည်းစိမ်ဥစ္စာဖြင့်သာ တင်းတိမ်သင့်ကြောင်း၊ လောဘကြီးသောသူသည် မိဘအရင်းသော်မှ မချစ်မနှစ်သက်၊ လူအများတို့၏ လေးစားကြည်ညိုခြင်းကိုလည်း မရရှိနိုင်ကြောင်း၊ လောဘနည်းသောသူသည် လေးစားကြည်ညိုမှုကို ခံရ၍ လာဘ်ပေါများခြင်းကိုလည်း ရရှိနိုင်ကြောင်း၊ မိဘလင်သားတို့၏ မေတ္တာသည် ယခုဘဝသာမဟုတ်၊ သေဆုံးပြီးဘဝများသော်မှ သတိရမည်ဆိုပါက ပေးလိုကျေးလိုကြကြောင်း သင်ခန်းစာများကို ရရှိပါသည်။

၇။ ဗဗ္ဗုဇာတ်အဓိပ္ပါယ် အကျဉ်းချုပ် (၁၃၇)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းသည် ကျောက်သွေးသမားဖြစ်၏။ ကာသိတိုင်းနိုဂုံးတစ်ခု၌ သူဌေးကတော်သည် ‘မြေမြုပ်ထားသော ကုဋေ(၄၀) ရွှေတို့ကို စွဲလန်းပြီးသေ၍ကြွက်မဖြစ်၏။ အချိန်ကြာသောအခါ

ရွာသည်လည်းပျက်စီးသွား၏ ဘုရားလောင်းသည် ထိုရွာဟောင်းခ္ခ ကျောက်တို့ကိုရှာဖွေပြီး သွေးနေ၏။ ကြွက်မတစ်ကောင်သည် ဘုရားလောင်းကိုမြင် လျှင်မျှားစွာချစ်ခင်လာ၏။

ဘုရားလောင်းကို တစ်နေ့လျှင် ငွေအသပြာပေးပြီး သူ့ဖို့ လည်းအသားဝယ်ပေးရန်နှင့် ကျန်တာကိုသုံးရန် နေ့တိုင်းပေးနေ၏။ တစ်နေ့သ၌ ကြောင်းတစ်ကောင်သည် ထိုကြွက်မကိုဖမ်းမိ၏။ သူ့ကိုမစားရန် နေ့တိုင်းအမဲသားကို ပေးပါမည်ဟုပြော၏။ ထိုအခါမှစ၍ကြွက်မသည် အသားကို နှစ်ခုပြု၍ တစ်ခုကို ကြောင်အားပေး၏။ ဤနည်းဖြင့် အမြီး သုံးကောင်တို့ကဖမ်းသဖြင့် ကြွက်မသည် ရှေးနည်းအတိုင်း ပြော၍လွှတ်စေကာ အသားကို ငါးပုံ့ စုပြီး တစ်စုစီပေး၏။ ကြွက်မသည် အသားကိုငါးပုံ့တစ်ပုံ့ စားရ၍ ပိန်ချုံးလာ၏။

ထိုအကြောင်းကို ဘုရားလောင်းသိသောအခါ ကြွက်မ ကိုဖန်ဂူထဲ၌ထား၏။ ဖန်ဂူအတွင်းမှ မိမိထံလာသောကြောင် များကိုမခံချင်အောင်ပြောရန် ကြောင်များကကြွက်မကို စိတ်ဆိုးပြီး ခုတ်သောအခါ ဖန်ဂူနှင့်တိုက်မိကာ သေဆုံးသွား ကြ၏။

ထိုအခါ ကြွက်မသည် ဘုရားလောင်းအား ပစ္စည်းအားလုံး ဝေပး၏။ သူတို့နှစ်ဦးသည် အသက်ထက်ဆုံးချစ်ခင်စွာနေထိုင်ကြ လေ၏။

ဤဇာတ်၌ ကြောင်လေးကောင်သည် ရဟန်းလေးပါး ဖြစ်၍၊ ကြွက်မသည် ကာဏမာတာဖြစ်ပြီး ကျောက်သွေးသမားသည် ဘုရားရှင်ဖြစ်ကြောင်းဇာတ်ပေါင်းပါသည်။

၇။ ဗဗ္ဗုဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အလှူခံပုဂ္ဂိုလ်သည် အလှူရှင် တို့၏ အကျိုးစီးပွားပျက်အောင် အလှူမခံသင့် ကြောင်း၊ ပစ္စည်း စွာ၌စွဲလမ်းသောသူသည် သေဆုံးသောအခါ တိရိစ္ဆာန်ဘုံ၌ ဖြစ်ရ ကြောင်း၊ အများ၏အကျိုးကို စေတနာမှန်ဖြင့် ဆောင်ရွက် ပေးသော

သူသည် တစ်နေ့သောအခါ အကျိုးကျေးဇူးမျှားစွာကို ရရှိနိုင်ကြောင်း၊ သူတစ်ပါး ပေးသောအစာကိုစား၍ ထိုပေးသောသူအား စိတ်ဆင်းရဲ အောင်မပြုသင့်ပါကြောင်း သင်ခန်းစာရရှိပါသည်။

၈။ ဂေါဓာဇာတ် အဓိပ္ပါယ်ကျဉ်းချုပ် (၁၃၈)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဖွတ်မျိုးဌာပြစ်၏။ အဘိဉာဉ်ရ ရသေ့တစ်ပါးသည် ပစ္စန္တရစ်ရွာတစ်ရွာကိုမှီ၍ သစ်ရွက်မိုး တောကျောင်းဌာနေ၏။ ဘုရားလောင်းသည် ရသေ့ထံလာ၍ တရားနာလေ့ရှိ၏။ ထိုရသေ့သည်အခြားအရပ်သို့ကြွသွား၏။ ကောက်ကျစ်သောရသေ့တစ်ပါး ရောက်လာရာ ထိုကျောင်းဌာ နေ၏။ ဘုရားလောင်းဖွတ်သည် ထိုရသေ့ကို သီလရှိ၏ဟု မှတ်ထင်ကာ ရှေးနည်းအတိုင်း ဆည်းကပ်၍သွား၏။

ရွာသားများသည် ရသေ့အားဖွတ်သားကို ချက်၍လှူ၏။ ရသေ့သည်ဖွတ်သားကို စားရ၍ ရသတဏှာဖြစ်ပေါ်လာ၏။ မိမိထံလာသောဖွတ်ကို သတ်ပြီးချက်စားမည်ဟုကြံ တင်းပုတ်ကို သက်နှံးဖြင့်ဖုံးထား ကျောင်းတံခါးဌာ ဖွတ်အလာကို မျှော်ကြည့်နေ၏။ ဘုရားလောင်းသည် ညနေချိန်ဌာလာ၍ ရဲသေ့၏ဖောက်ပြန်နေသောအမူအရာကိုမြင်၍ စုံစမ်းသည့် အနေဖြင့် လေအောက်မှ အနံ့ခံကြည့်၏။ ရသေ့ထံမှ ဖွတ်သား စားထားသော အနံ့ထွက်ပေါ်လာ၏။ ကောက်ကျစ်သောရသေ့ ထံသို့ မလာဘဲ အဝေးမှ ပြန်လှည့်ထွက်သွား၏။

ထိုရသေ့သည် တင်းပုတ်ကိုထုတ်၍ပစ်လိုက်ရာ ဖွတ်၏အမှီးကို သာထိမှန်သွား၏။ ဘုရားလောင်းသည် လျှင်မြန်စွာ တောင်ပို့သို့သွားရာ ရသေ့အား သင်သည်ဤ အရပ်မှ ပြေးလေလော့။ မပြေးလျှင် ရွာသားတို့အား သင့်အကြောင်းကိုပြောပြမည်ဟု ခြိမ်းခြောက်၍တောင်ပို့ ထဲသို့ဝင်လေ၏။ ကောက်ကျစ်သော ရသေ့သည် ကြောက်၍ ဝေးရာသို့ ပြေးလေ၏။

ဤစာတော်၌ ကောက်ကျစ်သောရသေ့သည် အုံ့ညြဖွယ်ကိုပြုတတ်သောရဟန်းဖြစ်ပြီး သီလရှိသော ပထမရသေ့ သည်ရှင်သာရိပုတ္တရာဖြစ်ပြီး ဖွတ်သည်ဘုရားရှင်ဖြစ် ခဲ့ကြောင်း စာတော်ပေါင်းပါသည်။

၈။ ဂေါဓာတ်စာတော်၌ ရရှိသော သင်ခန်းစာများ

ဤစာတော်ကိုဖတ်ရှုရသဖြင့် အပြင်ဟိတ်ဟန်ကောင်းပြီး အတွင်းစိတ်မကောင်းသူများကို ပေါင်းသင်းဆက်ဆံရာမှ ရှောင်ကြဉ်သင့်ပါကြောင်း၊ အပြင်ပန်းထည်ဝါခန့်ငြားမှုမရှိ သော်လည်း အတွင်းစိတ်ဓာတ်ကောင်းလျှင် ပေါင်းသင်းဆက် ဆံသင့်ပါကြောင်း၊ အတွင်းအပြင်ဖြူစင်သန့်ရှင်းသော သူများကို ကိုးကွယ်ဆည်းကပ်သင့်ပါ ကြောင်း စသောသင်ခန်းစာ တို့ကိုရရှိပါသည်။

၉။ဥဒၢနတာဘဏ္ဍာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၁၃၉)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်ဘုရားလောင်းသည် ရက္ခစိုးနတ်ဖြစ်၏။ ဒေဝဒတ်လောင်းသည် တံငါဖြစ်၏။ သားငယ်နှင့်အတူ အိုင်တစ်အိုင်၌ ငါးများကြရာ ငါးများချိတ်သည်ရေထဲရှိသစ်ငုတ် တစ်ခု၌ငြိ၏။ ထိုအခါ တံငါသည်အလွန်ကြီးသောငါးကို ချိတ်မိနေ၍သာ ဆွဲယူ၍ မရခြင်းဖြစ်မည်ဟု စဉ်းစားပြီး သားလုပ်သူကို အိမ်သို့ပြန်သွားချေ။ သင့်အမေကို အိမ်နီး ချင်းများနှင့်ရန်ဖြစ်၍ထားလေ။ ငါးရလာသော အခါ ဝေငှပေးလျှင် ကုန်လိမ့်မည်ဟုသင်ကြား၍ သားကိုမယားထံ လွှတ်လိုက်၏။

ထိုအခါ တံငါသည်ရေထဲဆင်း၍ ငါးကိုစမ်းသော် သစ်ငုတ်နှင့်တိုက်မိ၍ မျက်စိနှစ်လုံးပေါက်သွား၏။ ထိုတံငါ သည် မျက်စိများကို လက်ဖြင့်ပိတ်၍ရေမှတက်၏။ အိမ်နီးချင်းတို့နှင့် ခိုက်ရန်ဖြစ်သော မယားကိုလည်း ရွာစားက နှောင်ဖွဲ့၍ လျှော်ဒဏ်ဒဏ်ပေးစေ၏။

ဘုရားလောင်းရက္ခစိုးနတ်သည် ထိုအကြောင်းကိုသိ၍

သစ်ပင်ခွကြားခ်ိန်ရပ်၍ အိုတံငါယောကျ်ား သင်၏မျက်စိလည်း ပျက်ပြီး၊ ပုဆိုး လည်းပျောက်ပြီ၊ ရေခ်ိန်လည်းပျက်စီး၊ ကုန်းခ်ိန်လည်း ပျက်စီး၏။ ဤသို့နှစ်ဖက်လုံးခ်ိန် ဆုံးရှုံးရ၏ဟု ဓပြာလေ၏။

ဤဇာတ်ခ်ိန် တံငါသည် ရှင်ဒေဝဒတ်ဖြစ်ပြီး ရက္ခစိုးနတ်သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၉။ ဥဒ္ဒေတာဘဏ္ဍဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ရဟန်းရှင်လူ ဟူသမျှ တို့သည် မိမိရရှိထားသောစည်းစိမ်ချမ်းသာအကျိုး တရားများမှ မဆုံးရှုံးရလေအောင် ကျင့်ကြံကြိုးကုတ်အားထုတ်သင့် ပါကြောင်း၊ လောဘကြီးမားဝန်တိုစိတ်လွန်ကဲလျှင် မပြုသင့် သောကိစ္စတို့ကို ပြုမိသဖြင့် ပစ္စုပ္ပန်တမလွန်အကျိုးတရားတို့မှ ဆုံးရှုံးရတတ်ကြောင်း၊ လူတိုင်းသည် စိတ်ကောင်းရှိရန် လိုအပ်ကြောင်းစသော သင်ခန်းစာတို့ကိုရရှိပါသည်။

၁၀။ကာကဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၀)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားလောင်;ကျီးမင်းသည် ကျီးရှစ်သောင်း ခြံရံလျှက် သုသာန်ခ်ိန်နေ၏။ မင်း၏ပုရောဟိတ်သည် မြစ်ထဲရေချိုးပြီး နံ့သာလိမ်းရ်ိန် အဝတ်ကောင်းဝတ်လျှက် မြို့ထဲသို့ဝင်၏။ မြို့တခါးတိုင်ဖျားခ်ိန် ကျီးနှစ်ကောင်နားနေကြ၏။ ကျီးတစ်ကောင်က ပုရောဟိတ်၏ ဦးခေါင်း ပေါ်သို့ချီးပါချ၏။ ပုရောဟိတ်သည်အမျက်ထွက်၍ ကျီးတို့ကို ရုန်ပြုံး ထားလေ၏။

တစ်နေ့သောအခါ ရှင်ဘုရင်၏စီးတော်ဆင်များ ဆင်တင်းကုပ် မီးလောင်ပြီး မီးလောင်နာများစွဲကပ်လာ၏။ ထိုရောဂါကို မည်သည့်ဆေးဖြင့်ကုသရမည်နည်းဟု ရှင်ဘုရင်က ပုရောဟိတ်အား မေး၏။ ကျီးအဆီနှင့် ကုသရမည်ဟုပြော၏။ ကျီးအဆီရရန် ကျီးများကိုသတ်၍ အဆီရှာရာဘယ်ကျီးမှ အဆီရှာမရဖြစ်ရ၏။ ကျီးပေါင်းများ ဖွာသေကြ၏။

ဘုရားလောင်းကျီးမင်းသည် ထိုအကြောင်းကိုကြားသော် ဆွေမျိုးတို့၏အကျိုးငှာ မေတ္တာပါရမီတော်ကိုဆင်ခြင်ပြီး မင်းကြီးထံ ပျံသွားတော်၏။ ရန်သူကိုအမြဲကြောက်လန့်နေရသဖြင့် ကျီးများမှာ အဆီမရှိပါ။ ပုရောဟိတ်သည် ကျီးတို့ အပေါ်ရန်ငြိုးထား၍ မုသားဆိုခြင်းသာဖြစ်၏။ ဤသို့စသည် ဖြင့်ဆို၍ မင်းအားတရား ဟောရန် ဆုံးမလေ၏။ မင်းကြီးသည် ဘုရားလောင်းကြီးမင်းအား ကြည်ညိုပြီး ကောင်းသော အစာများကိုကျွေးမွေးကာ သတ္တဝါများကို ဘေးမဲ့ပေးတော်မူပါသည်။

ဤဇာတ်၌ ဗာရာဏသီမင်းသည်–ရှင်အာနန္ဒာဖြစ်ပြီး၊ ကျီးမင်းသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်းဇာတ်ပေါင်းပါသည်။

၁၀။ ကာကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ကျီးတစ်ကောင်ကြောင့် ကျီးများပျက်စီးရသကဲ့သို့ မိမိကြောင့် အမျိုးဘာသာ သာသနာ၏ ဂုဏ်သိက္ခာမကျဆင်းအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ဘုရားလောင်းကဲ့သို့အမျိုးသားအကျိုးကို–တိုး တက်ပြန့်ပွားရန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ကျီးမိုက်ကဲ့ သို့ သူတစ်ပါးအပေါ်၌ မကောင်းသောစေတနာဖြင့် မပြုလုပ် သင့်ပါကြောင်း သင်ခန်းစာကို့ကို ရရှိပါသည်။

၁။ ဂေါဓာဇာတ် အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၁)

ရှေးအခါက ဗာရာဏသီပြည်ဇုဟ္မဒတ်မင်း လက်ထက်၌ ဘုရားလောင်းဖွတ်မင်းသည် ဖွတ်အပေါင်းခြံရုံလျှက် မြစ်နားရိုတွင်းကြီးတစ်ခု၌နေ၏။ ထိုဖွတ်မင်းအား သားငယ် ဖွတ်တစ်ကောင်ရှိ၏။ ထိုဖွတ်ငယ်သည် ပုတ်သင်တစ်ကောင်နှင့် မိတ်ဖွဲ့နေ၏။ ဖခင်ဖွတ်မင်းက ပုတ်သင်ဟူသည် အမျိုးနိမ့်၏။ မပေါင်းဖော်လင့်ဟု အကြိမ်ကြိမ်တားမြစ်သော်လည်းမရ။ ပေါင်းသင်းမြဲ ပေါင်းသင်းနေထိုင်၏။

ထိုအခါ ဘုရားလောင်းသည် ပုတ်သင်ကိုမှီပြီးဘေး ဖြစ်လျှင်

ပြေးရာခရီးကိုရရန်နံပါးတစ်ဖက်၌ ကယ်ပေါက်ကို ပြုလုပ်ထား၏။ ဖွတ်ငယ်သည် တစ်နေ့သ၌မိတ်ဆွေ ပုတ်သင်ကိုဖိပြီးဖက်လိုက်ရာ ငယ်၍သေမလောက် ကြောက်လန့်သွား၏။ ထိုအချိန်မှစ၍ ပုတ်သင်သည် ဖွတ်များကို သတ်ရန်နိုင်မည့်သူကို ရှာနေ၏။ ပုတ်သင်သည် ဖွတ်များ၏ သည့်နေရာကို မှတ်ထား၏သည်။

ပုတ်သင်သည် ဖွတ်မုဆိုးအား ဖွတ်များကို လိုချင်ပါက ဤတောင်ပို့၌ရှိသော တွင်းများ၌ ကောက်ရိုးမီးခိုးနှင့် တိုက် လောဟုဆို၏။ မုဆိုးသည် ထိုပုတ်သင်ဆိုတိုင်း ပြုလုပ်၍ ထွက်လာတိုင်းသော ဖွတ်တို့ကို ရိုက်သတ်ပြီး သူ့လက်မှ လွတ်သောဖွတ်ဟို့ကို ခွေးတို့က ဖမ်းယူကြ၏။ ဘုရားလောင်းသည်ကား ကယ်ပေါက်ဖြင့် ထွက်ပြေးလေ၏။

ဤဇာတ်၌ပုတ်သင်သည် ရှင်ဒေဝဒတ်၊ ဖွတ်ငယ်သည် ဆန့်ကျင်ဘက်အဆွေခင်ပွန်းကို ပေါင်းဖော်သောရဟန်း ဖြစ်ပြီး ဖွတ်မင်းသည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၁။ ဂေါဓာဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် အမျိုးဇာတ်မကူသော ပုဂ္ဂိုလ်နှင့် ပေါင်းဖော်ခြင်းသည် တစ်နေ့တွင် ပျက်စီးရတတ်ကြောင်း၊ အဆင့်အတန်းအကျင့်စာရိတ္တအမျိုးဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးစံတူသောသူတို့နှင့်သာ ပေါင်းသင်းနေ ထိုင်သင့်ပါကြောင်း မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်သောသူတို့သည် ပျက်စီ ခုံးရုံးရတတ်ကြောင်း၊ သူယုတ်မာတို့နှင့် ပေါင်းဖော်မိလျှင် ဒုက္ခတွေ့ရတတ်ကြောင်း စသောသင်ခန်းစာတို့ကို ရရှိပါသည်။

၂။ သိဂ်ါလဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၂)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မြေခွေးမင်းဖြစ်၏။ သုသာန်တော၌ မြေခွေးအပေါင်းခြံရုံလျက်နေ၏။ ရာဇဂြိုလ်ပြည်၌ သေသောက်ပွဲကျင်းပနေ၏။ အရက်သမားများသည် သေကိုလည်း သောက်ကြ၏။

အမဲကိုလည်းစားကြ၏။ ညဦးယံ၌ပင် အမဲသည်ကုန်သွား၏။ သေများသာကျန်တော့၏။ အရက်သမားတို့သည် မြေခွေးကိုသတ်၍ အသားကို ယူဆောင်မည်ဟုဆိုကာ သုသာန်သို့သွားပြီးလျှင် တင်းပုတ်ကို ကိုင်လျက် သူသေကဲ့သို့ ပက်လက်အိပ်နေ၏။

မြေခွေးအပေါင်းခြံ ရုံ၍လာသော ဘုရားလောင်းသည် ထိုအရက်သမားကိုမြင်လျှင် သေဟန်ဆောင်၍ အိပ်နေသော အရက်သမားလက်၌ တင်းပုတ်အစွန်းကို ကိုက်၍ဆွဲ၏။ အရက်သမားသည် ကိုင်ထားသောတင်းပုတ်ကိုမလွှတ်ဘဲ မြေခွေးကိုသာ ကြည့်နေ၏။ ဘုရားလောင်းသည် အရက်သမားအနားမှ ဖဲ၍ အိုယောကျ်ား သင်သည် တင်းပုတ်ကို မြဲစွာကိုင်ထားသဖြင့် သေသည် မသေသည်ကို သိနိုင်ခဲ၏။ အရက်သမားသည် ထ၍ တင်းပုတ်ဖြင့် ပစ်သော် လွဲချော်သွား၏။ သူသည် ဘာကိုမျှမရဘဲ မြို့သို့ ပြန်ဝင်လေ၏။

ဤဇာတ်၌ အရက်သမားသည် ရှင်ဒေဝဒတ်ဖြစ်ပြီး မြေခွေးမင်းသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၂။ သိဂါလဇာတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အရက်သေစာသောက်စားသူသည် အသားစားကျူးသဖြင့် သူတပါး၏အသက်ကို သတ်ခြင်းဌာဝန်မလေးတတ်ကြောင်း၊ ခါးကိုဖျက်ဝါးမျက်၊ လူကိုဖျက် အရက်ဆိုသည့်အတိုင်း သေရည်သေရက်သည် လူတို့အား ကောင်းကျိုးကို မပေးနိုင်ကြောင်း၊ ဘေးအန္တရာယ်ဟူသည် အချိန်အခါမရွေး ကျရောက်နိုင်သကဲ့သို့ သတိပညာရှေ့ထား၍သွားလာလုပ်ရှားသင့်ပါကြောင်း၊ လူတို့နှင့် ပေါင်းသင်းဆက်ဆံရာ၌ သတိပညာရှေ့ထား၍ လိမ္မာပါးနပ်စွာ ဆက်ဆံသင့်ပါကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၃။ ဝိရောစဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၃)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်

ဘုရားလောင်းသည် ခြသေ့မင်းဖြစ်၍ ဟိမဝန္တာတောရွေ့ဂုဇ္ဇနေ၏။ တစ်နေ့သောအခါ ခြသေ့မင်းသည် ကျွဲတစ်ကောင်ကို သတ်စားပြီး ပြန်လာ၏။ မြေခွေးတစ်ကောင်သည် ခြသေ့မင်းကိုမြင်လျှင် ပြေးရန် မတတ်နိုင်သဖြင့် ရှိခိုးပြီး ခြသေ့မင်း၏ခြေရင်းခံ လုပ်ကျွေးခွင့် ပြုပါရန် ခွင့်တောင်း၏။ ခြသေ့မင်းကလည်း ခွင့်ပြုလိုက်၏။ မြေခွေးသည် ခြသေ့မင်း၏ စားကြွင်းများကို စားရ၍ မကြာမီ ဝဖြိုးလာ၏။

မြေခွေးသည် အမှုန်ယစ်သောဆင်သားကို စားလိုပါ၏။ ထွန်းပပါလောဟုဆို၏။ ခြသေ့မင်းသည် ထိုမှုန်ယစ်သောဆင်ကို သတ်စားပြီး မြေခွေးအား ဆင်သားကိုပေး၏။ ထိုအခါ မြေခွေးသည် ခြသေ့မင်းကို ကုပြုင်လိုသဖြင့် ငါသည်လည်း ဆင်ကိုသတ်၍ သင်အား ဆင်သားကိုပေးမည်ဟု ဆို၏။ ခြသေ့မင်းက အတန်တန် တားမြစ်သော်လည်း မြေခွေးသည် ရွှေဂုမှ ထွက်၍ သုံးကြိမ်ဟောက်လျက် ပြေးပြီးဆင်၏ဦးခေါင်းပေါ်သို့ ခုန်ချ၏။ ဆင်၏ ခြေရင်းခံကျ၏။ ဆင်သည် မြေခွေးကို နင်းချေပြီး မြည်ဟီး လျှက် ဒေါသို့ ဝင်လေ၏။

ဤဇာတ်ခံ မြေခွေးသည် ရှင်ဒေဝဒတ်ဖြစ်ပြီး ခြသေ့မင်းသည် ဘုရားရှင်ဖြစ်ကြောင်း ဇာတ်ပေါင်းပါသည်။

၃။ ဝိရောစဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် မိမိနှင့်အဆင့်အတန်း အရည်အချင်းလုံးဝမတူသောသူကို ယုံကြည်ပြင်မိလျှင် ပျက်စီးဆုံးရှုံးရတတ်ကြောင်း အသိဉာဏ်နည်းပါးသောသူသည် ပညာရှိကို အမှီပြုပြီး ကြီးပွားသောအခါ ဘဝမေ့ပြီး မိမိကိုယ်ကို စိတ်ကြီးဝင်ကာ မာန်တက်လာတတ်ကြောင်း၊ ထိုသူသည် ကျေးဇူးရှင်ပညာရှိနှင့်လည်း ဂုဏ်ဟုဂုဏ်ပြင်နိုင်းယှဉ်၍ ပြုလုပ်လာတတ်ကြောင်း၊ မြေခွေးတပည့်ခံသကဲ့သို့ အကျည်းအကြပ်ရန်သူနှင့် တွေ့လျှင် လျင်မြန်သောဉာဏ်အသုံးချ၍ ဘဝလွတ်မြောက်အောင် ရှောင်ရှား

သင့်ပါကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၄။ နဂုံဌဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၄)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဥဒ္ဒီစ္စပုဏ္ဏားမျိုးဌာပြစ်၏။ အရွယ်သို့ရောက်လျှင် မီးကိုယူ၍တောသို့ဝင်ပြီး ကျောင်းဆောက်၍ မီးကိုလုပ်ကျွေးလျက်နေ၏။ တစ်နေ့သဘ္ဘ သူသည် ရွာမှနွားအလှူကို ရ၍ကျောင်းသို့ဆောင်ပြီး မွေးဖွားစဉ်က ယူထားသော ဘုန်းရှိသော မီးကို နွားသားကိုစားစေအံ့ဟု ကြံ၏။

ဘုရားလောင်းသည် နွားကိုကျောင်းဌ ချည်ထားပြီး ဆားအတွက် ရွာသို့သွား၏။ ယိုအခါ မုဆိုးများသည် ကျောင်းသို့ လာပြီး နွားကိုသတ်၍ချက်စားပြီးလျှင် အမြီး အရိုးအရေတို့ကို စွန့်ထားခဲ့၍ အသားများကို ယူသွားကြ၏။ ဘုရားလောင်းသည် ရွာထဲမှ ပြန်လာပြီး အမြီးစသည်တို့ကိုမြင်၍ ဤမီးသည်စောင့် ရှောက်ခြင်းမတတ်နိုင်၊ ဤမီးကိုလုပ်ကျွေးနေခြင်းဖြင့် အကျိုးမရှိ၊ ကုသိုလ်မရနိုင်။ အိုမီး သင်သည် မိမိဥစ္စာကိုစောင့်ရှောက်ခြင်း ၄ါမတတ်နိုင်၊ ငါကိုကားအဘယ်ကဲ့သို့ စောင့်နိုင်ပါအံ့နည်းဟု ကြံပြီး နွားမြီးစသည်တို့ကို မီးထဲထည့်၍ ရေဖြင့် ငြိမ်းစေ၏။

ဘုရားလောင်းသည် ရသေ့ရဟန်းပြုပြီး အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဤဇာတ်ဌ မီးကိုငြိမ်းစေသောရသေ့သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၄။ နဂုံဌဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် မှားယွင်းသောအကျင့်သည် ကောင်းကျိုးကိုမပေးနိုင်ပါကြောင်း၊ ဘုရားလောင်းကဲ့သို့ အမှားလမ်းစဉ်ကိုစွန့်၍ အမှန်လမ်းစဉ်သို့ လိုက်နာကျင့်ကြံသင့်ပါကြောင်း၊ မိစ္ဆာအကျင့်ကို ကျင့်သဖြင့် ကုသိုလ်လည်းမရ၊ ကြီးပွားတိုးတက်မှုလည်းမရှိပါကြောင်း၊ မီးမှစ၍ ရေမြေ ဝေဟာဝေါင်

စေတီနတ်ကွန်းများသည်ကိုးကွယ်ရာအစစ်မဟုတ်၊ ရတနာသုံးပါးမဂ္ဂင်ရှစ်ပါးတို့သည်သာ ကိုးကွယ်ကျင့်ကြံရာ အမှန် ဖြစ်ပါကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၅။ ရာဓောတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၅)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ပုဏ္ဏားတစ်ဦးသည်ဘုရားလောင်းပေါဒ္ဓပါဒကျေးနှင့် ညီရာဓကျေးငှက်တို့ ကို သားအရာ၌ထား၍ မွေးမြူ၏။ ထိုပုဏ္ဏား၏ မယားသည် သီလမရှိ၊ ဖောက်ပြန်သောအကျင့် ရှိ၏။ တစ်နေ့သ၌ ပုဏ္ဏားသည် ကျေးသားတို့အားသင်တို့၏ အမိပုဏ္ဏားမ ဖောက်ပြန်သောအကျင့် ကိုကျင့်လျှင် တားမြစ်ကြလောဟု မှာထားပြီး ကုန်သွယ်ရန်သွား၏။

ထိုပုဏ္ဏားသွားသည့်နေ့မှစ၍ ပုဏ္ဏားမသည် လူများစွာနှင့် ဖောက်ပြန်သောအကျင့်ကိုကျင့်၏။ ညီရာဓက ပုဏ္ဏားမကို တားမြစ်ရန် ဖခင်ကမှာထားကြောင်းပြော၏။ ထိုအခါ ဘုရားလောင်းကကျေးက ငါ့ညီ မိန်းမမည်သည် ချီ၍ရွက်၍သွားသောသူတို့သည်လည်း စောင့်ရှောက်ရန်ခဲယဉ်း၏။ ပုဏ္ဏားပြန်လာသောအခါ မေးသော် ဘုရားလောင်းကျေးက ပုဏ္ဏားမအကြောင်းအလုံးစုံပြောပြပြီး အိုဖခင် ကျွန်ပ်တို့သည် ဤအိမ်၌ မနေလိုတော့ပါဟု ပြောဆိုရှိခိုးကာ ညီငယ်ရာဓနှင့်အတူ တောထဲသို့ ပျံသွားလေ၏။

ဤဇာတ်၌ ပုဏ္ဏားနှင့် ပုဏ္ဏားမတို့သည် လင်မယားနှစ်ယောက်တို့ဖြစ်ပြီး ရာဓကားရှင်အာနန္ဒာ၊ ပေါဒ္ဓပါဒကားဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

ရာဓောတ်မှ ရရှိသော သင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ရွှေကြုတ်မယ်ကဲ့သို့ မိန်းမများသည် သူတပါးနှင့်ဖောက်ပြန်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် ခဲယဉ်းကြောင်း၊ ကိုယ်ကျင့်တရားဖောက်ပြန်သူကို အဝေးမှရှောင်ကြဉ်သင့်ကြောင်း၊ ပြောဆိုဆုံးမ၍ မရနိုင်သူကို မပြောဘဲနေ

ခြင်းက ပိုရ်ကောင်းကြောင်း၊ တစ်ဖက်သားအပြစ်ကို ပြောပြီးလျှင် ထိုနေရာ၌ ဆက်လက်နေခြင်းသည် အန္တရာယ်များ၍ ဝေးရာ သို့ ရောင်ရှားနေခြင်းက အကောင်းဆုံးဖြစ်ကြောင်း၊ သင်ခန်းစာတို့ကို ရရှိပါသည်။

၆။ သမုဒ္ဒကာကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် အသက်ကြီးကုန်သောရဟန်းတို့ကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။ ထိုရဟန်းကြီးတို့သည် လူ့ဘဝတုံးက ချမ်းသာကြွယ်ဝသော သူဌေးများဖြစ်ကြ၏။ များသောဥစ္စာ အဆွေခင်ပွန်းရှိကုန်၏။ အတူကုသိုလ်ပြုလေ့ရှိကုန်၏။ အခါတစ်ပါး၌ သူဌေးကြီးတို့သည် ဘုရားရှင်တရားတော်ကို နာကြားရသဖြင့် ပစ္စည်းများကို သားသမီးတို့အား ပေးပြီး ရဟန်းပြုလာကြ၏။ ရဟန်းပြုကြသော်လည်း ပရိယတ်ပဋိပတ်အလုပ်တို့ကို အားမထုတ်ကြချေ။ရဟန်းကြီးများသည် သစ်ရွက်မိုးကျောင်း၌ အတူနေကြ၍ ဆွမ်းခံသောအခါ ဗိမိတို့၏ သားမယားအိမ်၌သာ သွား၍ဆွမ်းခံကြ၏။

ထိုရဟန်းကြီးတို့တွင် ရဟန်းကြီးတစ်ပါး၏ မယားဟောင်းသည် ရဟန်းကြီးအားလုံးတို့အတွက် ချက်ပြုတ်ပြီး ဆွမ်းကပ်လေ့ရှိ၏။ ဟင်းချက်ကောင်းသဖြင့် ရဟန်းကြီးများက သဘောကျနေကြ၏။ ထိုဆွမ်းအမကြီးသည် ရောဂါဖြစ်ပြီးသေဆုံးလေ၏။ ထိုရဟန်းကြီးများက ဆွမ်းအမကြီးသေဆုံးသဖြင့် အချင်းချင်းလည်ဖက်ပြီး ငိုကြွေးကြလေ၏။

ထိုဆွမ်းအမကြီးကိုအကြောင်းပြုပြီး ရဟန်းကြီးများငိုကြွေးပုံကို ဘုရားရှင်ကြားသိတော်မူ၏။ ဘုရားရှင်သည် ရဟန်းတို့ ဤရဟန်းကြီးများသည် ယခုဘဝ၌သာ ဆွမ်းအမသေဆုံး၍ ငိုသည်မဟုတ်၊ အတိတ်ဘဝကလည်း ငိုကြွေးခဲ့ကြပုံ အတိတ်ဇာတ် ကို ဟောတော် မူသည်။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်

ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နက်ဖြစ်၏။ ထိုအခါ အစာရှာ ထွက်သော ကျီးလင်မယားနှစ်ကောင်တို့သည် သမုဒ္ဒရာအနီးခြေ လှူတို့က နဂါးအားပူဇော်ထားသော ငါးအမဲအရက်တို့ကို တွေ့၍ စားသောက်ကြပြီး သမုဒ္ဒရာခြေ ရေကစားကြ၏။

ကျီးမသည် လိုင်းတံပိုးပုတ်ခတ်မှုဖြင့် သေခဲ့သောအခါ ကျီးဖိုသည် အကြိမ်ကြိမ်ငိုမ၏။ ထိုငိုသံကိုကြားကြသော ကျီးဟို့ သည် အကြောင်းစုံကိုသိသောအခါ ပိုင်းရှိအော်ငိုကြ၏။ ကျီးတို့ သည် သမုဒ္ဒရာရေကို အကုန်ခပ်ထုတ်ပြီး ကျီးမကိုထုတ်ယူမည်ဟု ခံတွင်းဖြင့် ရေကိုယူပြီး စွန့်ပစ်ကြ၏။ သမုဒ္ဒရာရေကို အကုန်ခတ် ထုတ်ရန် မတတ်နိုင်သဖြင့် ကျီးတို့သည် ထိုကျီးမ၏အဆင်း၊ အသံ ကိုကို ချီးကျူး၍ ဝမ်းနည်းစွာ ငိုကြွေးကြ၏။ ထိုအခါ သမုဒ္ဒ ရာစောင့်နတ်သည် ကြောက်မက်ဖွယ်ရပ်အဆင်းကိုပြ၍ ကျီးတို့ကို ပြေးစေကုန်၏။

ဤဇာတ်၌ ကျီးမသည် မယားဟောင်း၊ ကျီးဖိုသည် သက်ကြီးရွယ်အိုရဟန်း၊ ကြွင်းသောကျီးများသည် ကြွင်းသော သက်ကြီးရွယ်အိုရဟန်းဖြစ်ကြပြီး သမုဒ္ဒရာစောင့်နတ်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၆။ သမုဒ္ဒကာကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် သာသနာ့ဝန်ထမ်းရှင်ရဟန်း ဖြစ်လျှင် ဓူရနှစ်ပါးတို့တွင် တစ်ပါးပါးကိုထမ်းဆောင်၍ နေထိုင် သင့်ပါကြောင်း၊ ကမ္မဋ္ဌာန်းနှင့်ကင်းရှိပြင်းနေသောရဟန်းများ သည် အိုနာသေဒုက္ခနှင့်တွေ့ကြုံလာလျှင် အကြီးအကျယ်ဆင်းရဲ နှင့် ရင်ဆိုင်ရတတ်ကြောင်း၊ ရဟန်းတို့သည်သံယောဇဉ်ကင်းရှိ အစာအာဟာရခြွင်းလည်း တပ်မက်မှု မထားသင့်ပါကြောင်း၊ ကျီးများ ကဲ့သို့ အာဟိဂ္ဂတ်အဆင်ခြင်နည်းပါးသူများသည် အရာဟုတ်သည် မ သည်ကို မစဉ်းစားဘဲ ဆောင်ရွက်ပြုမှု တတ်ကြကြောင်း၊ ပညာရှိဘုရားလောင်းသမုဒ္ဒရာ**စောင့်နတ်**၏ ခြေ[illegible]လှန်မှုကြောင့်

ကျီးအပေါင်းအသက်ဘေးမှ လွတ်မြောက်၍ ချမ်းသာမှု ရသွားကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၇။ပုပ္ပရတ္တာဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၇)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် အာကာသစိုးနတ်ဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်၌ လူတို့သည် တန်ဆောင်မုန်းလ ညအခါ နက္ခတ် ပွဲသဘင်ကစားရန် ပြင်ဆင်ကြ၏။ ဆင်းရဲသား၏ဇနီးသည် နက္ခတ်ပွဲသဘင်သို့ ဝတ်ပန်းထည်အဝတ်ကို ဝတ်ဆင်လို၏။ ရှင်ဘုရင်၏ဝတ်ပန်းခင်းသို့ညအခါ သွား၍ ဝတ်ပန်းကို ခိုးလော ဟု အကြိမ်ကြိမ်ပြောဆို၏။

ဆင်းရဲသားယောကျ်ားသည် သွား၍ ရှင်ဘုရင်၏ ဝတ်ပန်းခင်းသို့ဝင်သောအခါ အစောင့်များက သူ့ကိုဖမ်း၍ မင်းအားပြကြ၏။ ရှင်ဘုရင်က သူခိုးကို တံကျင်လျှိုကာ သတ်ကြစေဟု အမိန့်ပေးသဖြင့် မြို့ပြင်ထုတ်ကာ ကားစင်ပေါ်တင်ပြီး တံကျင်လျှိုသတ်ကြ၏။

ကျီးတို့သည် လာ၍သူ၏မျက်စိတို့ကိုထိုးဖောက်ကြ၏။ ဆင်းရဲသားသည် ထိုသို့သော ဝေဒနာကို နလုံးမသွင်းဘဲ ငါ၏ဇနီးသည် ဝတ်ပန်းထည်အဝတ်ကို ဝတ်ဆင်၍ ညအခါ တန်ဆောင်မုန်းလ နက္ခတ်သဘင်ကို လှည့်လည်မသွားရတော့ပြီဟု ဇနီးကိုသာ အောက်မေ့၍ မြည်တမ်းလျက်သေလေ၏။

ဤဇာတ်၌ လင်မယားသည် လင်မယားဖြစ်ပြီး အာကာသဗိုးနတ်သည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၇။ ပုပ္ပရတ္တာဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ရဟန်းဘဝကိုဦးဦ့ေအောင် ပြုလုပ်ခြင်းသည် ဆင်းရဲခြင်း၏အကြောင်းကို ရှာနေခြင်းသာ ဖြစ်ကြောင်း၊ မိန်းမတို့သည် အဝတ်အစားအတွက်နှင့် မိမိလင်သားဆင်းရဲသို့ရောက်အောင် ဇွတ်အတင်းခိုင်း၍ မပြုလုပ်သင့်ပါ

ကြောင်း၊ မိန်းမ၏အလိုဆန္ဒကို အလွန်လိုက်လျောသောယောကျ်ား သည် ယခုဘဝ၌လည်းဆင်းရဲခံရ၊ နောင်ဘဝမှာလည်း ငရဲကျ၍ ဆင်းရဲကြီးစွာ ခံရတတ်ကြောင်း၊ ဘဝရေစက်ဆုံစည်း၍ တွေ့ကြုံ လာသော မိသားစုအဝေါ်၌ တရားသဖြင့် ရှာကြံကျွေးမွေးခြင်းသည် သာ အကောင်းဆုံးဖြစ်ပါကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

၈။ သိဂ်ါလဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌နေစဉ် ကိုလေသာ နိမ်နင်းခြင်းကို အကြောင်းပြု၍ ဤဇာတ်ကိုဟောတော်မူ၏။ သာဝတ္ထိပြည်သားသူဌေးသား၊ငါးရာတို့သည် ကိုလေသာဖြစ်ကာ ငြီးငွေ့သောစိတ်ရှိကုန်၏။ ထိုအခါ ဘုရားရှင်သည် ငြီးငွေ့သော ရဟန်း၊ငါးရာတို့ကို ဆုံးမလိုသဖြင့် ရှင်အာနန္ဒာအား ရဟန်းတို့ကို ခေါ်စေပြီး ရဟန်းတို့ ကာမဝိတက် ဗျာပါဒဝိတက်, ဝိဟိံသဝိတက် တို့ကို ကြည့်ခြင်းငှာမသင့်ချေ။ အတွင်း၌ဖြစ်သောကိုလေသာကို အနည်းပဲဟု မထီမဲ့မြင် မအောက်မေ့ရာ၊ ရန်သူသည် ကြီးသည် ငယ်သည်မဟု ဆင်းရဲကိုဖြစ်စေသကဲ့သို့ ကိုလေသာဟူသည် လည်း ဆင်းရဲကိုသာဖြစ်စေတတ်၏။

ရဟန်းတို့ကိုလေသာသည် လတ်တလောသေစေတတ်သော အဆိပ်နှင့်တူ၏။ အသားအရေ၌ ကိုင်းအမာနှင့်တူ၏။ လျှင်သော အဆိပ်ရှိသော မြွေနှင့်တူ၏။ မိုးကြိုးမီးနှင့်တူ၏။ ကပ်ခြင်းငှာ မသင့်။ ရွံရှာအပ်၏။ ဖြစ်တိုင်းဖြစ်တိုင်းသောဓဏ၌ပင် ပညာ, ဘာဝနာတို့၏အစွမ်းအားဖြင့် ကိုလေသာတို့ကို ပယ်အပ်၏။ ရှေးပညာရှိတို့ကလည်း အနည်းငယ်သောကိုလေသာတို့ကို ကဲ့ရဲ့ပြီး နောက်ထပ်အဖြစ်မခံခဲ့ဟု မိန့်တော်မူ၍ အတိဟ်ဇာတ်ကို ဟောတော် မူ၏။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် မြေခွေးဖြစ်၏။ ထိုမြေခွေးသည် အစာရှာထွက် သော် ဂင်္ဂါမြစ်နား၌ ဆင်သေကောင်တစ်ခုကိုမြင်၍ ဆင်၏

စအိုဝကိုကိုက်ကြည့်ရာ နှုးညံ့လွယ်ကူစွာ ကိုက်၍ရလေ၏။ မြေခွေးသည် ဆင်၏စအိုဝမှစ၍ စားပြီးဝမ်းတွင်းသို့ ဂင်လျက် အညှိုရ နှလုံးအသားစသည်တို့ကို စားလိုက်၊ ရေဆာသော် သွေးကို သောက်၏။

မြေခွေးသည် အရပ်တစ်ပါးသို့ မသွားတော့ဘဲ ထိုဆင်သေ၏ဝမ်းထဲ၌သာ စား၍နေ၏။ ရက်လကြာမြင့်သောအခါ ဆင်သေသည် နေပူကြောင့် ခြောက်ပြီး တွန့်လိမ်ကာ စအိုဝပိတ်သွားသဖြင့် မှောင်အတိဖြစ်၏။ မြေခွေးသည် ဟိုဟိုဒီဒီ တိုးဝေ့လျက် ထွက်ရာပေါက်ကိုရှာမတွေ့၍ သေဘေးနှင့် ရင်ဆိုင်နေရ၏။

နှစ်ရက်သုံးရက်ကြာသောအခါ မိုးရွာ၍ဆင်သေကောင်သည်ပွလာသဖြင့် စအိုဝပွင့်လာ၏။ မြေခွေးသည် ထိုစအိုဝမှ အရိုန်အဟုန်ဖြင့်ပြေးထွက်သော် တစ်ကိုယ်လုံးမှ အမွေးတို့သည် စအိုဝမှ ကပ်၍ ကျန်ရစ်၏။ ထိုအခါ ငါသည် လောဘကြောင့် ဤကဲ့သို့ သေလုမတတ် ဆင်းရဲရောက်ရ၏။ နောက်ထပ် လောဘအလိုသို့မလိုက်တော့ဟု ဆင်ခြင်ကာ ထိုဆင်သေကောင်ကို နောက်သို့ ပြန်၍မကြည့်ဘဲ ဝေးရာသို့ပြေးလေ၏။

ရဟန်းတော်များသည် ဤတရားတော်ကိုနာရ၍ ကိုလေသာဖြစ်သော ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်ကြပြီး ကျန်ရဟန်းများလည်း သောတာပန်သကဒါဂါမ်အနာဂါမ်များ ဖြစ်ကြ၏။

ဤဇာတ်၌မြေခွေးသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၈။ သိဂၢါလဇာတ်မှ ရရှိသောသင်ခန်းစာများ

ဤဇာတ်ကိုဖတ်ရှုရသဖြင့် ဘုရားလောင်းမြေခွေးကဲ့သို့ အစားအသောက်နှင့်ပတ်သက်၍ လောဘအလိုသို့ လိုက်လျှင် ဆင်းရဲကြီးစွာရောက်ရတတ်ကြောင်း၊ ကိုယ်တွင်း၌ဖြစ်ပေါ်လာသော ကိုလေသာတို့ကို ပညာ, ဘာဝနာတို့၏အစွမ်းဖြင့် ပယ်ဖျောက်နိုပ်ကွပ်သင့်ကြောင်း၊ ကိုလေသာမည်သည် ရန်သူနှင့်တူကြောင်း၊ သေးငယ်သောရန်သူသည်လည်း အခွင့်ကိုရလျှင် ပျက်စီး စေတတ်

သကဲ့သို့ သေးငယ်သောကိလေသာသည်လည်း အခွင့်ရခဲ့သော် ပျက်စီးခြင်းသို့ရောက်စေတတ်ကြောင်း၊ လောဘ အလိုသို့ မလိုက်ဘဲ ရသမျှကိုသာ ရောင့်ရဲခြင်းသည်အကောင်းဆုံး ဖြစ်ကြောင်း စသော သင်ခန်းစာတို့ကို ရရှိပါသည်။

၉။ ကေပဏ္ဍာဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၄၉)

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၊ ကုဋ္ဌာဂါရ ကျောင်းဌာနေစဉ် ဒုဋ္ဌလိစ္ဆဝီမင်းသားကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူ၏။ ဝေသာလီမြို့သည် တစ်ဂါဝုတ်၊ တစ်ဂါဝုတ် အတွင်းဌာ တံတိုင်းသုံးထပ်ကာရံ၍ အခါခပ်သိမ်းမင်းပြုနေသော မင်းများမှာ (၇၇၀၇)ရှိကုန်၏။ အိမ်ရှေ့မင်းနှင့် ဘဏ္ဍာစိုးတို့သည်လည်း (၇၇၀۷)ယောက်စီရှိကုန်၏။ မင်းသားတို့တွင် တစ်ယောက်သောဒုဋ္ဌလိစ္ဆဝီမင်းသားသည် အမျက်ကြီး၏။ ရန့်ရင်း၏။ ကြမ်းကြုတ်၏။ လှန်ဖြင့်ထိုးဆွထားသော မြွေဟောက်ကဲ့သို့ အမြဲမျက်ထွက်နေ၏။ ထိုမင်းသားရှေ့ဌာ နှစ်ခွန်း သုံးခွန်း သောစကားကိုမျှ အပြောမခံချေ။ ထို့ကြောင့်မင်းသားကို ဒုဋ္ဌလိစ္ဆဝီမင်းသားဟု ခေါ်ကြ၏။ မိဘဆွေမျိုးစသောသူတို့သည် ဘယ်သူကိုမျှ ပြောဆိုရှိမရချေ။

ထိုအခါ မိဘတို့သည် ဒုဋ္ဌလိစ္ဆဝီမင်းသားကို ဘုရားရှင်ထံသို့ခေါ်ပြီး အရှင်ဘုရားတပည့်တော်တို့သားကို ကြည့်ပြီး ဆုံးမပေးတော်မူပါဘုရားဟုလျှောက်၏။ ဘုရားရှင်သည် ဒုဋ္ဌလိစ္ဆလီမင်းသားကို ချစ်သား သင်သည် ရန့်ရင်းကြမ်းကြုတ်သူ မဖြစ်စေသင့်ပါ။ ကြမ်းကြုတ်သောစကားကို ပြောသူသည် မိဘအရင်း၊ ညီအကိုမောင်နှမ၊ သားမယားဆွေမျိုးတို့သည် မနှစ်သက်ကြချေ။

ယခုဘဝ၌လည်း အမျက်ထွက်တတ်သောသူသည် ဘယ်ကဲ့သို့ တန်ဆာတွေ ဆင်ထားသော်လည်း အဆင်းမလှသည်သာ ဖြစ်၏။ မျက်နှာမှာ ကြက်သရေမရှိ၊ ညစ်ပတ်နေသောမှုန်ပြင်နှင့် တူ၏ဟု ဘုရားရှင်ဆုံးမတော်မူ၏။ ထို့ပြင် အမျက်ထွက်တတ်သော

သူသည် မိမိက မိမိကိုယ်ကို သတ်သေတတ်၏။ အသိပ်သောက်၍ လည်း သေတတ်၏။ ကြိုးဆွဲချ၍လည်းသေတတ်၏။ ရေထဲဆင်း ခုန်ချ၍လည်းသေတတ်၏။ သေပြီးနောက် ငရဲသို့ရောက် တတ်၏။ သူတပါးကို ညှဉ်းဆဲသူသည် မျက်မှောက်ဘဝ၌လည်း ကဲ့ရဲ့ခံရ တတ်၏။ သေသောအခါ ငရဲသို့ကျရောက်တတ်၏။ တစ်ဖန် လူဖြစ်ပြန်လျှင်လည်း မျက်စိအနာ၊ နားအနာ ရောဂါအမျိုးမျိုး ဖြစ်တတ်၏။ ရောဂါနှင့်လူ အမြဲတွဲပြီး ဆင်းရဲကိုခံရ တတ်၏။

ထို့ကြောင့် အားလုံးသောသတ္တဝါတို့အား မေတ္တာနှင့်ယှဉ်သော စိတ်ကို ချစ်သားဖြစ်စေလောဟု ဆုံးမတော်မူ၏။ ချစ်သားတစ်ဖက် သားက ဆဲရေးပြောဆိုသောအခါ အစွယ်ကျိုးသောမြွေ၊ ဖြတ်ထား သောလက်မရှိသောပုဇွန်၊ ဖြတ်ထားသော ဦးချိုရှိသော နွားကဲ့သို့ အစစအုရာရာ သည်းခံသင့်သည်ဟု ဆုံးမတော်မူ၏။ မင်းသားသည် ဘုရားရှင်တစ်ကြိမ်ဆုံးမရုံမျှဖြင့်သာ လိမ္မာယဉ်ကျေးရှိသွား လေသည်။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဗေဒင်သုံးပုံကို သင်ယူပြီး စျာန်အဘိညာဉ်တို့ နှင့်ပြည့်စုံလျက် ရသေ့ဝတ်နေ၏။ မင်းကြီးသည် ဘုရားလောင်း ရသေ့ကို ဉယျာဉ်၌ ကျောင်းဆောက်၍ ကိုးကွယ်၏။ မင်းကြီး၌ အပြောအဆိုခက်သော ဒုဋ္ဌကုမာရမည်သောသားတော်တစ်ယောက် ရှိခဲ့၏။ ဘုရားလောင်းအား သားတော်ကို ဆုံးမပေးရန် အပ်နှံ၏။ ဘုရားလောင်းသည် ဒုဋ္ဌကုမာရကိုခေါ်၍ ဉယျာဉ်၌ လှည့်လည်လျက် တမာပင်ငယ်ကိုတွေ့သဖြင့် ‘တမာရွက်ကိုအစားခိုင်း၏ မင်းသား သည် ခါး၍ထွီဟုထွေးပစ်၏။

ဘုရားလောင်းကမေးသော် ယခုလိုသေးငယ်အရွက်သည်ပင် ခါးသေးလျှင် ကြီးသောအခါ လူများစွာကို သေစေလိမ့်မည်ဟုဆိုပြီး တမာပင်ငယ်ကိုနှက်၍ လက်ဖြင့်ချေပစ်၏။

ထိုအခါ ဘုရားလောင်းက မင်းသားကို သင်သည် ထိုတမာ

ပင်ကို ဤသို့ပြုသကဲ့သို့ ပြည်သူတို့က မင်းသားသည် ငယ်စဉ်ကပင် ဤသို့ရန်းရင်းကြမ်းကြုတ်၏။ ကြီးရှိမင်းဖြစ်လျှင် ဘယ်အရာကိုပြုမည်နည်းဟု သင့်အားမင်းအဖြစ်ကို မပေးဘဲ တိုင်းပြည်မှ နှင်ထုတ်ကြမည်။ ထို့ကြောင့် ယနေ့မှစ၍ တမာပင်နှင့် တူသော သဘောကိုစွန့်၍ ခန္ဓီမေတ္တာကရုဏာနှင့်ပြည့်စုံလောဟု ဆုံးမ၏။ မင်းသားသည် ဘုရားလောင်း၏ အဆုံးအမအတိုင်းကျင့်၍ ခမည်းတော်နတ်ရွာစံလျှင် မင်းဖြစ်သော် ဒါနစသည်ကိုပြုပြီးကံအားလျော်စွာ လားလေ၏။

ဤဇာတ်၌ ဒုဋ္ဌကုမာရမင်းသားသည် ဒုဋ္ဌလိစ္ဆဝီမင်းသားဖြစ်ပြီး မင်းသည်ရှင်အာနန္ဒာဖြစ်၍ ရသေ့သည်ကား ဘုရားရှင်ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၉။ ကပဏ္ဍဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် လိစ္ဆဝီမင်းများသည် တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်မှုရှိ၍ တိုင်းပြည်သာယာဝပြောအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေါသကြီးသူသည်ယခုဘဝ၌လည်း လူချစ်လူခင်နည်းပြီး၊ နောင်ဘဝလူဖြစ်လျှင်လည်း ရောဂါထူပြောတတ်ကြောင်း၊ ထိုဘဝမှသေလျှင်လည်း ငရဲသို့လားရတတ်ကြောင်း၊ အပြောအဆိုခက်ခြင်း မာနကြီးတို့ကို ရှောင်ရှားပြီး ငယ်စဉ်ကပင် စိတ်ဓါတ်စာရိတ္တကောင်းမွန်အောင် ပြုပြင်သင့်ပါကြောင်း၊ ဆရာကောင်းထံနည်းခံ၍ ဒေါသ၊ မာနပြေပြစ်အောင် သမထဝိပဿနာတရားတို့ကိုပွားများသင့်ပါကြောင်း စသောသင်ခန်းစာတို့ကို ရရှိပါသည်။

၁၀။ သဠေါဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် (၁၅၀)

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ နေ့စဉ် အဇာတသတ်မင်း၏ သူယုတ်ကိုချီးမြှောက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ အဇာတသတ်မင်းသည် ဘုရား၏ ဆန့်ကျင်ဘက်ဒေဝဒတ်ကိုကြည်သိ၍ ဘုန်းကြီးပူဇော်ကာ ဂယာသီသ၌ ကျောင်းဆောက်

ပေး၏။ ထို့ပြင် ဖခင်ဗိုဗွိသာရမင်းကိုသတ်၏။ မိမိ၏သောတာ ပတ္တိမင်မျိုးစေ့ကိုလည်း ဖျက်ဆီး၍ ကြီးစွာသောပျက်စီးခြင်းသို့ ရောက်၏။

ဒေဝဒတ်သည် မြေမျိုပြီဟု အဇာတသတ်ကြားရသောအခါ အလွန်တရာမှ ကြောက်လန့်ပြီး စိတ်တုန်လှုပ်သွား၏။ ငါ့ကိုလည်း မြေမျိုရာ သလောဟု ထိတ်လန့်ပြီး အိပ်မပျော် စားမဝင်ဖြစ်၏။ ထို့ကြောင့် အဇာတသတ်မင်းသည် အသက်ဘေးမှ ချမ်းသာရန် ဘုရားရှင်ကို ဖူးမြင်လိုကန်တော့လို ပြဿနာမေးလို၏။ မိမိကား အပြစ်ကြီးဃသာကြောင့် ဆည်းကပ်ခြင်းငှာ မတတ်နိုင်ပါချေ။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ တန်ဆောင်မုန်းလပြည့်ညဉ့်သည် အပြစ်ကင်း၏၊ မွေ့လျော်ဖွယ်ကောင်း၏ စသည်ဖြင့် ချီးမွမ်းပြီးလျှင် အိုအမတ်တို့ ထိုညဉ့်ကဲ့သို့ စိတ်ကိုချမ်းသာစေနိုင်သော သမဏ ဗြာဟ္မဏတို့ကို ဆည်းကပ်လို၏ဟု အဇာတသတ်မင်းပြောသော အခါ ပူရာဏကဿပစသော တိတ္ထိဆရာကြီး (၆)ယောက်တို့၏ တပည့်အမတ်များသည် သူတို့၏ ဆရာကြီးများ၏ ဂုဏ်ကျေးဇူး ကိုပြောကြ၏။ သို့သော် အဇာတသတ်မင်းကား ထိုဆရာကြီးများ၏ အယူဝါဒကို နှစ်သက်မှုမရှိချေ။ ဆရာဇီဝကကို ခေါ်ပြီး သင်၏ ဆရာအကြောင်းကို ပြောပြပါ။ သင့်ဆရာအရှင်ဂေါတမထံသွားလို ကြောင်း မင်းကပြောကြား၏။

ဆရာဇီဝကသည် ကျွန်ုပ်၏ဆရာထံလိုက်ပို့ပါမည်ဟု လျှောက်ထားလေ၏။ အဇာတသတ်သည် ငြိမ်သက်အေးချမ်း လှသော ဘုရားရှင်နှင့် သံဃာတော်များရှိရာသို့ ရောက်ရှိသွားပါ၏။ ဘုရားရှင်ကို ရှိခိုးပြီး သာမညဖလသုတ်ကိုနာယူပြီးပြန်သွားခဲ့၏။

ဘုရားရှင်သည် ရဟန်းတို့ ဤအဇာတသတ်မင်းသည် နန်း တော်ကိုလိုချင်မှုကြောင့် သောတာပန်ဖခင်ကြီးကို သတ်လိုက်လေ၏။ အကယ်၍ ဖခင်ကိုမသတ်ခဲ့လျှင် သောတာပန်ဧကန်ဖြစ်ရာ၏။ ဒေဝဒတ် ကိုမှီပြီး ပိတုဃာတကံကို လွန်ကျူးသောကြောင့်

မဂ်ဖိုလ်မရနိုင်တော့ချေ။ ဒေဝဒတ်သည် အဓမ္မတသတ်ကို ဖျက်ဆီး ပစ်လိုက်သည်ဟု မိန့်တော်မူလေသည်။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တက္ကသိုလ်ပြည်တွင် ဘုရားလောင်းဒိသာပါမောက္ခဆရာသည် တပည့် လုလင်ငါးရာတို့အား အတတ်သင်ပေး၏။ ထိုအခါ သဠေါ အမည်ရှိလုလင်သည် ဘုရားလောင်းထံမှ သူသေကို ထစေမည့် မန္တရားကိုသာသင်ယူပြီး တားမြစ်မည့်မန္တရားကိုသင်ယူမှုမပြုချေ။ တစ်နေ့သ၌ သဠေါသည် အခြားလုလင်တို့နှင့်အတူ ထင်းခွေရန် သွားကြရာ ကျားသေတစ်ကောင်ကိုတွေ့၏။ သဠေါက ကျားသေကို ထစေမည်ဟုဆို၏။ လုလင်တို့က သင်တတ်နိုင်လျှင် ထစေလောဟု ဆိုပြီး သစ်ပင်ပေါ်သို့တက်ကြ၏။ သဠေါသည် မန္တရားကိုရွတ်ဖတ် ၍ ကျားသေကိုကျောက်စရစ်ဖြင့်ပစ်၏။ ကျားသေသည်ထလာပြီး သဠေါကို ကိုက်သတ်လေ၏။ ကျားသေထိုနေရာ၌ပင်သေ၏။

လုလင်တို့သည် ထင်းကိုရှာပြီး သဠေါအကြောင်းကို ဒိသာ ပါမောက္ခဆရာကြီးအားပြောကြ၏။ ထိုအခါဆရာကြီးသည် အမောင်တို့ သူယုတ်ကိုချီးမြှောက်သူတို့သည် အရာမဟုတ်သည်၌ ချီးမြှောက်ပူဇော်ကြသဖြင့် ဤဒုက္ခမျိုးကို ခံကြရသည်ဟုဆို လေသည်။

ဤဇာတ်၌ သဠေါလုလင်သည် ဒေဝဒတ်ဖြစ်ပြီး၊ ဒိသာပါ မောက္ခဆရာသည် ဘုရားရှင်ဖြစ်ခဲ့ကြောင်းဇာတ်ပေါင်းပါသည်။

၁၀။ သဠေါဇာတ်မှရရှိသော သင်ခန်းစာများ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အဓမ္မတသတ်သည် ဒေဝဒတ်ကို ဆရာတင်ကိုးကွယ်မှားခဲ့မှုကြောင့် ဘဝတိုးတက်လမ်း ထိခိုက်နစ် နာခဲ့ရကြောင်း၊ မိမိအတွက်ကောင်းကျိုးမပြုနိုင်သည့် ဆရာမှန်း သိလျှင် ချက်ချင်းလမ်းခွဲသင့်ပါကြောင်း၊ သဠေါသည် မန္တန်ပညာကို ဆုံးခန်းတိုင်အောင် မသင်ယူခဲ့သဖြင့် ဒုက္ခရောက်ရခြင်းဖြစ်ရာ မသိသည်ပညာကိုမဆို ဆုံးခန်းတိုင်ရောက်အောင် တတ်မြောက်သင့်

ပါကြောင်: "ပညာမရှိ လူပုံအလယ် ဟန်မကြွားသင့်" ဆိုသကဲ့သို့ အရှေ့တော်သင်ပိုင်းအစစ်ဖြင့် လူပုံလယ်၌ ပညာပြမိပါက ဒုက္ခနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း။ ပခုခေတ်၌ ဆရာများ မှန်၊ မမှန်၊ ဟုတ်ရက်မှီ၊ဟုတ် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ဆန်းစစ်၍ ကိုးကွယ်ရန်လိုအပ်ပါကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။

ဆုတောင်းပတ္ထနာ

ဣမိနာ ပုညကမ္မေန၊ ပညာမိကော အနုတ္တရော။
ဘဝယျံ တမဟံ ပတ္တော၊ ဇောတေယျံ အနန္ဓရေ။

အဟံ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို နာမံသမုတ် အကျွန်ုပ်သည်။ ဣမိနာ ပုညကမ္မေန၊ ငါးရာငါးဆယ် နိပါတ်နယ်မှ ကြီးငယ်ကြောင်းရပ် ဇာတ်ထုပ္ပတ်ကို အတတ်သိအောင် နည်းပေမ်းဆောင်ပြ 'ဇာတ်အဋ္ဌကထာအဖြေစုံ' သည်ကဲ့သည့် စုံစုံပြည့် လျှမ်းဤရှေကျမ်းကို အဆန်းသစ်လွင် ဖြူစင်စိတ်ထား ရေသား ပေရမြတ်ပုညကြောင့်။ အနုတ္တရော၊ လူထက်လူ နတ်ထက်နတ် ဗြဟ္မာထက် ဗြဟ္မာ သတ္တဝါခပင်း နှိုင်းပြိုင်ကင်းသည့် စိုးမင်း ဥက္ကဋ္ဌ မြတ်ထက်မြတ်သော။ ပညာမိကော၊ ပညာအရာ မယှဉ် သာအောင် လွန်စွာကဲခွန် သူထက်မွန်၍ တံခွန်မြင့်မောက် ထွန်း လင်းတောက်သောသူသည်။ ဘဝေယျံ၊ ခုချိန်မှစ နောက်ကာလတွင် ဘဝကိုတို့ ဖြစ်ရလို၏။ တံ၊ ထိုပညာကဲခွန် ဘဝမွန်ကို။ ပတ္တော၊ အလွန်စုံမက် ခုံမင်လျက်မို့ မပျက်မစီး ရရှိပြီး၍။ အနန္ဓရေ၊ အဝိဇ္ဇာကောင်ပိတ်ကာဇလှောင်၍ အမှောင်ဖုံးလွှမ်း စုံလုံးကန်း ကြကုန်သော။ ပဇေ သုံးဆယ့်တစ်ဘုံ ထက်အောင်စုံ၍ လွှမ်း ခြုံဒုက္ခ ကြုံနေရသည့် များလှသောင်းသောင်း သတ္တဝါအပေါင်း တို့ကို။ ဇောတယျံ၊ ဉာဏ်ရောင်ဆီမီး ထွန်းညှိပြီးလျှင် မှောင်ကြီး ပိတ်ကာ အဝိဇ္ဇာကို ပယ်ခွါအရှင်း လွတ်ကျွတ်ကင်းအောင် အလင်းဆောင်နိုင်ပါစေ သတည်း။ ။